MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMM
အိုင်စီတီ ဂျာနယ် UME 2, No. 1 AN 5 - 11, 2012



iOS, Android ငြိမ်းငွေ့သူများအတွက် Ubuntu OS လာပြီ

★ ဘာလုပ်လုပ် စာချုပ်နှင့် လုပ်ပါ

★ MBA တက်ဖို့ အခကြေးငွေ လျှော့ထားနိုင်ပြီ

★ သတင်းစာပေးထွက်ပြီ ဆိုလျှင်...

★ ကျပ်ငွေ တစ်သိန်းဖြင့် ယနေ့ ဓာတ်ပုံပညာကို လေ့လာမည်

★ နှစ်သစ်မှာ မိတ်ဆွေ တိုးပွားစေဖို့...

★ ၂၀၁၃ CES ဟောကိန်း ၂၀၁၂လို ဖြစ်မလား...

★ Technoland: Electronic Expert, ဦးမိုး မှန့်ဟင်းခါး ရောင်းပြီ

KKA
COMPUTER, MOBILE & DIGITAL STORE
KKA (1) Tel: 01 246 427, 09 73 88 7777
KKA (2) Tel: 01 253 352, 09 73 7777 73, 09 73 7777 33
KKA (3) Tel: 01 253 144, 09 433 55 777, 09 433 66 777



BMW X5



ပြည်တွင်းရောက် Lenovo S880i



အာရှတိုက်ကို အရောက်လာမည့် Nokia 620

OSX Spotlight နဲ့ ပိုမို တိကျ မြန်ဆန်တဲ့ Mac ကွန်ပျူတာကို ပိုင်ဆိုင်နိုင်မည်

NEW YEAR SHOP WEEKLY INCLUDED

REDLINK COMMUNICATIONS
Happy New Year 2013
၂၀၁၃ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင်
RedLink Broadband WiMAX သုံးစွဲသူ မိတ်ဆွေအပေါင်း နှင့်
မြန်မာပြည်သူပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်
အောင်မြင်ကြောင်းမင်္ဂလာအပြည့်ဖြင့်တိုးတက် ဝေဖြာကြပါစေကြောင်း
RedLink မိသားစုမှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Model: နန်းဆုရတီစိုး, Photography: သိန်းဇော်ဝင်း (Photo Magic)


KING POWER COMPUTER
lenovo FOR THOSE WHO DO
နှစ်သစ်အကြို အထူးဈေးရောင်းပွဲ
31 Dec 2012 to 9 Jan 2013
(9;00 AM to 6;00 PM)
ideaPad S400
ပေါ့ပါးပြီးစတွန်ပိုင်းအတွင်းအင်တာနက်နှင့်တခြားလုပ်ငန်းများကို လျှင်မြန်လွယ်ကူစွာအသုံးပြုနိုင်မယ့် Notebook
• 2nd G Intel® Pentium® 997 (1.60GHz /1066MHz/2M L3 Cache)
• 2GB DDR3 • 320GB HDD
• Intel HD Graphic 3000
• 14" WXGA LED Display
• HDMI + USB 3.0 + Bluetooth V3.0
• 1-year International warranty
$419
$399
ideaPad G480
Graphic Card ပါဝင်ပြီး၊ ရုံးသုံး/အိမ်သုံးလုပ်ငန်းသုံးအတွက် စွမ်းဆောင်ရည်အပြည့်အဝရရှိမယ့် Notebook
• 3rd Gen. Intel® Core i3-3110M (2.4GHz /1333MHz/3M L3 Cache)
• 4GB DDR3 • 500GB HDD
• Super Multiburner Drive DVD-RW
• Nvidia GeForce GTM 610M 1GB
• 14" WXGA LED Display
• CardReader, Webcam • Bluetooth
• 1-year International warranty
$579
ideaPad Z480
ဈေးနှုန်းအသင့်အတင့်နဲ့ စွယ်စုံသုံးနိုင်တဲ့စွမ်းဆောင်ရည်မြင့် Z Series Notebook
• 3rd Generation Intel Core™ i5-3210M ( 2.5 up to 3.1GHz, 3MB L3 Cache)
• 4GB DDR3 SDRAM • 750GB SATA HDD
• nVidia Geforce GT630M 2GB
• 14.1" WXGA LED Display • DVD-RW
• 720p Web Camera + CardReader
• HDMI + USB 3.0 + Bluetooth V4.0
• 2-year International Part & Service warranty
$729
Lenovo Notebook ဝယ်ယူသူများအတွက် လက်ဆောင်(၁၀)မျိုးနှင့် အထက်ရရှိနိုင်မည့်အပြင်...
ဗလာမပါငွေသား ကံစမ်းမဲ များထပ်မံရရှိနိုင်မည့် အခွင့်အရေး......
200,000/-
100,000/-
70,000/-
50,000/-
++++
KING POWER အမှတ်(၁၃၁) ဆိပ်ကမ်းသာလမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၉၈၀၀၈၊ ၃၈၅၈၂၄၊ ၀၉-၇၃၀၃၀၅၈၆
CITY STAR အမှတ် (၃၇၀) မဟာဗန္ဓုလလမ်းနှင့်. ၃၈လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၇၂၂၅၊ ၀၉-၄၃၀၆၆၆၀၈၊၀၉-၇၃၀၉၈၅၀၉


ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များနှင့် မိဘပြည်သူအပေါင်းတို့အား
နှစ်သစ်မှာပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက်...
AC Computer
Laptop နှင့် Desktop ဝယ်ယူအားပေးသူတိုင်း အမှတ်တရလက်ဆောင်
(စိတ်ကြိုက်ရွေးချယ်ခွင့်) အပြင် (၅နှစ် လက်ခမဲ့ ဝန်ဆောင်မှု)
No.(208), Seikkan Thar Street, Middle Block, Kyauktada Township, Yangon.
Phone: 01-252627, 09-73037333

MRG
mobile repairing group
YANGON

# Mobile Repairing Group

GSM, CDMA, MP4/MP5 ( Software, Hardware ) မိုဘိုင်းဖုန်း အထူးပြုပြုပြင်နည်းသင်တန်း

အမှတ်(၅၂.က)၊Sakura House တတိယထပ်၊ရန်ကုန်.အင်းစိန်လမ်း၊ လှည်းတန်း မှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း. 09 5502144 , 09 73211388

## Software Training Course

### Apple iOS Course

iOS အသုံးပြုထားသော Apple Devices များကို

- Using iTunes, iTools and iFunbox
- Games and Application Installation
- System Backup and Restore
- Firmware Upgrade and Downgrade
- System Error Repairing
- Jailbreaking Techniques
- Software Installation and Configuration
- Custom Firmware Installation
- Network and User Unlocked
- Apple Account Creating

iPhone 2G, 3G, 3Gs, 4G, 4s, iPhone 5,iPad, iPad 2, iPad 3, iPad mini စသော model မြင့် hand set များ အသုံးပြု၍ သင်ကြားပေးပါသည်။

### Android OS Course

Android OS အသုံးပြုထားသော Samsung, Sony, HTC, Huawei, ZTE စသော Smart phone များကို

- Using Android PC Suites, ADB Command
- Games and Applications Installation
- System Backup and Restore
- Firmware Upgrade and Downgrade
- System Error Repairing
- Root for All Devices
- Custom ROM Installation
- Network and User Unlocked
- Bootloader Unlock S ON /OFF

Samsung Galaxy S / S2 / S3 / Note, Sony, HTC, Huawei, ZTE စသော model မြင့် hand set များအသုံးပြု၍ သင်ကြားပေးပါသည်။

### Other OS Course

Nokia, Sony, HTC, Blackberry, Windows 7 Phone အားလုံးအတွက်

- Explain to Java and Symbian OS
- Game and Application Installation
- System Backup and Restore
- Firmware Upgrade and Downgrade
- Hacking , Rooting
- Software Error Repairing
- Tool Boxs (SE-LG Tool, Turbo Box, Spider
- Man Box,GPG Dragon,HTC Clip,Unlocking
- CDMA 450 Firmwar Repairing
- Firmware Backup and Restore
- Flashing (without Tool Box)
- Flashing (using Tool Box)

## Hardware Training Course

GSM, CDMA 450, CDMA 800 Handset များနှင့် Fixphone များကို Hardware ပိုင်းဆိုင်ရာ ပြုပြင်ခြင်းအား Electronic အခြေခံမှ စတင်၍ Schematic Diagram, PCB Board, Layout Diagram များနှင့် Video Tutorial များအားအသုံးပြုပြီး လက်တွေ့လုပ်ငန်းခွင်ဝင်နိုင်သည် အထိ စာတွေ့ လက်တွေ့ သင်ကြားပေးပါသည်။

## MP4/MP5 Training Course (Software & Hardware)

JXD, SYH, SONY, TWZ, etc ... များကို Software / Hardware ပိုင်းဆိုင်ရာပြုပြင်ပေးခြင်း၊ Myanmar Font ထည့်ခြင်းနှင့် Background များပြောင်းခြင်းကို စာတွေ့လက်တွေ့သင်ကြားပေးပါသည်။

## သင်တန်းဖွင့်မည့်ရက် 21.2.2013 သင်တန်းသားများစတင်လက်ခံနေပါပြီ။

အောက်ပါအချက်အလက်များကို အပြည့်အဝ ဝန်ဆောင်မှုပေးပါသည်။

- သင်တန်းသားတစ်ဦးလျှင် model မြင့် laptop,device တစ်လုံးစီဖြင့် စာတွေ့ လက်တွေ့သင်ကြားပေးခြင်း။
- သင်တန်းသားတိုင်းကို လိုအပ်သော firmware, games နှင့် applications များကို 500 GB အခမဲ့ ပေးခြင်း။
- သင်တန်းပြီးဆုံးပါက on job training ဆင်းနိုင်ရန် အပြည့်အဝ ကူညီပေးပြီး အလုပ်အကိုင် ရှာဖွေပေးခြင်း။
- Phone ဆိုင်ဖွင့်လိုသူများအတွက် distributer များနှင့် ချိတ်ဆက်ပေးခြင်း။
- သင်တန်းပြီးနောက် Update ဖြစ်သော data များကို သင်တန်းတွင် အခမဲ့လာရောက်ထုတ်ယူခြင်းနှင့် လိုအပ်သည်များကို အသုံးပြုခွင့် ပေးခြင်း။
- နယ်မှသင်တန်းသားများအတွက် ရေမီး ပြည့်စုံ၍ သန့်ရှင်းသပ်ရပ်သော အဆောင်အခမဲ့ စီစဉ်ပေးခြင်း။

### New Year အထူးအစီအစဉ်

6.1.2013 မှ 16.1.2013 အတွင်းလာရောက် အပ်နှံပါက Software 30 % discount၊ Hardware 30 % discount၊ MP4/MP5 Software /Hardware 50 % discount လျှော့ပေးမည့်အထူးအခွင့်အရေး ရရှိမည်ဖြစ်ပါသည်။

အထူးအခွင့်အရေး Hardware + Software

MP-4 / MP-5 Training Free

WELCOME TO MRG

"သင်တန်းသားအားလုံး ကျွမ်းကျင် MOBILE Techanicians ဖြစ်မြောက်ရေးသည်"

ကျွန်ုပ်တို့၏ရည်မှန်းချက်ဖြစ်ပါသည်။

## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO<br>Editor in Chief | Phyo Min Min |
| Editor | XOXO |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay, APT, TZO, Train, Nay Aung Latt, Jet Sin, Myo Zin, iGeek, Key |
| Editorial Assistant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing Coordinator | Thwe Thwe Aye, May Thu Kyaw, Thwe Thwe Phyo Hnin Wai Aung |

### CIRCULATION/DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Thein Linn, Thein Kyaw Moe |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ ဖြင့် ထုတ်ဝေပါသည်။


# Technoland, Electronic Expert ကြီး ဦးမိုး မုန့်ဟင်းခါး ရောင်းနေပြီ





မြန်မာပြည်ရဲ့ ကွန်ပျူတာလောကမှာ Technoland ဆိုတာ မသိသူ မရှိသလောက်ပါပဲ။ Technolandဟာ ကွန်ပျူတာ၊ အီလက်ထရောနစ် ပစ္စည်းများကို ရောင်းချဝန်ဆောင်မှုပေးပြီး ရန်ကုန်မြို့ရဲ့ ကွန်ပျူတာလောကမှာ စွန့်ဦးတီထွင်သည့် ဆိုင်ကြီးအဖြစ် ကွန်ပျူတာလောကထဲ ဝင်ရောက်လာသူများမှ အတုယူလေ့ ရှိပါတယ်။ ယခုအခါ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် Technolad ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ၎င်းဆိုင်ခွဲတိုင်း၌ နည်းပညာကို လိုက်စားသူများစွာဖြင့် ပြည့်နှက်နေသော်လည်း Technoland ပိုင်ရှင် Managing Director ဖြစ်သူ ဦးမိုးမှ အရောင်းအဝယ် ကိစ္စများအတွက် ခရီးထွက်ခြင်း မပြုတော့ပဲ ၎င်း၏ ဆိုင်မျက်နှာစာရှေ့ ရန်ကုန်မြို့ ၃၆လမ်းတွင် လမ်းဘေး မုန့်ဟင်းခါးဆိုင် ဖွင့်လှစ်ရောင်းချနေသည်ဟု အင်တာနက် ဖေ့စ်ဘွတ်ပေါ်၌ သတင်းများ ထွက်ပေါ်လျှက် ရှိသည့်အတွက်ကြောင့် Technolandကို အားကျပြီး ကွန်ပျူတာဆိုင်များ ဖွင့်လှစ်လာကြသူများ မည်သို့ မည်ပုံ စဉ်းစားရမည် မသိဖြစ်အောင် အဖြေခက်လျှက် ရှိပါတယ်။ တစ်ချို့ ဝေဖန်သူများမှလည်း ကွန်ပျူတာတွေ အရောင်းထိုင်းနေ၍ ဦးမိုး မုန့်ဟင်းခါး ရောင်းတာဖြစ်နိုင်တယ်ဟု ထင်ကြေးများ ပေးနေသော်လည်း အသိအကျွမ်း မိတ်ဆွေများမှတော့ ဦးမိုးရဲ့ ထုံးစံအတိုင်း သူ့ရဲ့ ဆိုင်ကို လာရောက် အားပေးသူများကို ပြုံးပေစေရန် ဦးမိုးစတိုင်လ် ၂၀၁၃ရဲ့ ဝန်ဆောင်မှု အသစ်လည်း ဖြစ်နိုင်ကြောင်း နည်းပညာ လေထန်ကုန်းမှ သတင်းရရှိပါတယ်။

# Union Successနှင့် ကိုရီးယားနိုင်ငံ Koda and Hyun Junတို့မှ ရေသန့်စင်စက် တပ်ဆင်လှူဒါန်း



ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ဇေယျာဝတီရေကန်တွင် ကိုရီးယားနိုင်ငံ KODA AND HYUN JIN COMPANYမှ ဆောက်လုပ် လှူဒါန်းသော USD (2)သိန်းကျော် တန်ဖိုးရှိ ရေသန့်စင်စက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ၂၅၊ ၁၂၊ ၂၀၁၂ (ခရစ္စမတ်နေ့) နံနက် ၉း၃၀တွင် အဆိုပါရေကန်၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ လှူဒါန်းမှု ဖြစ်မြောက်အောင် အဖက်ဖက်မှ ကူညီပေးခဲ့ကြသော UNION SUCCESS CO., LTD.မှ M.D MR. PARK CHIN IL, LION WORLD INTERNATIONAL CO., LTD. မှ M.D U SOE THAN OO, KOREA နိုင်ငံ KODA AND HYUN JIN COMPANYမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဖေ၊ သာကေတမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်စိုး၊ သာကေတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်း၊ သာကေတမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစန်းမင်း၊ ရပ်ကွက်နေရပ်မိရပ်ဖများနှင့် ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြပါသည်။

အဆိုပါ ရေသန့်စင်စက် တပ်ဆင်ထားသောကြောင့် ၎င်းကန်ရေကို ပိုးမွှားသန့်စင်ထားသော သောက်သုံးရေအဆင့်ထိ ရရှိမည်ဖြစ်ပြီး ရေကန် အနီးပတ်ဝန်းကျင်ရပ်ကွက်များတွင် နေထိုင်သူများအနေဖြင့် သန့်ရှင်းသောရေကို လုံလောက်စွာ ရရှိရန်နှင့် ရပ်ကွက်နေပြည်သူများ မသန့်ရှင်းသောရေကြောင့် ဖြစ်ပေါ်လာသော ရောဂါများကို ကာကွယ်ပေးရန်အတွက်လည်း ရည်ရွယ်လှူဒါန်းခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် အလားတူရေသန့်စင်စက်ကို ပုဂ္ဂလိကအနေဖြင့်သော်လည်းကောင်း၊ ဌာနဆိုင်ရာအနေဖြင့်သော် လည်းကောင်း တပ်ဆင်လိုလျှင် လက်ခံ တပ်ဆင်ပေးမည် ဖြစ်ကြောင်း သိရှိရပါသည်။

# ဂျပန်နိုင်ငံ APU၏ 100% Scholarship ဆုကို မြန်မာနိုင်ငံမှ ကျောင်းသူတစ်ဦး ဆွတ်ခူးရရှိ

SR Worldwide Educationမှတဆင့် ဂျပန်နိုင်ငံ Asia Pacific Universityသို့ 2013 April Intakeတွင် Bachelor of Business Administration အထူးပြုဘာသာရပ် Marketing ဖြင့် တက်ရောက်ရန် လျှောက်ထားခဲ့သော မဝင့်ကေခိုင်သည် APUမှ ချီးမြှင့်သော 100% Scholarshipကို ဆွတ်ခူး ရရှိသွားကြောင်း SR Educationမှတဆင့် သိရှိရပါသည်။ ယင်း 100% Scholarship၏ တန်ဖိုးမှာ ပျမ်းမျှအားဖြင့် ကျပ်သိန်း ၁၃၀ခန့် ရှိကြောင်း သိရှိရသည်။

APUသည် ဂျပန်နိုင်ငံ Beppu မြို့တွင် တည်ရှိပြီး နိုင်ငံတကာ ကျောင်းသား အများစု တက်ရောက်သင်ကြားလျက် ရှိသည့် ဂျပန်နိုင်ငံ၏ ထင်ရှားသော International University တစ်ခုလည်း ဖြစ်သည်။ APUသို့ ကျောင်းတက်ရန် လျှောက်ထားရာတွင် ဂျပန် ဘာသာစကား တက်မြောက်ရန် မလိုအပ်ဘဲ English ဘာသာစကား တက်မြောက်ကျွမ်းကျင်ရုံဖြင့် လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

Bachelor Programအပြင် Master နှင့် Ph.D Programများကိုလည်း လျှောက်ထားနိုင်ပြီး မြန်မာနိုင်ငံ ကျောင်းသူ/သားများအတွက် Scholarship အမျိုးအစားများမှာ 100%, 80%, 65%, 50%နှင့် 30%တို့ ဖြစ်သည်။

# အခမဲ့ Introductory Workshop to Documentary Photography

Yangon Photo Festivalတွင် Photo-Essay ဆုရ လူငယ် Photographer များဖြင့် ဖွဲ့စည်းထားသော Myanmar Image Makersမှ Introductory Workshop to Documentary Photographyကို Institut FranÇais de Birmanieမှာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးမှာ ဖြစ်သည်ဟု Canon Club, Myanmarမှ သတင်းရရှိသည်။ သင်တန်းကာလမှာ ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အထိ ဖြစ်ပြီး သင်တန်းသား ၂၀ ဦးသာ လက်ခံ သင်ကြားပေးမည်ဟု သိရသည်။ သင်တန်း တက်ရောက်လိုသူများအနေဖြင့် ဒီဒီး ဖုန်းနံပါတ် ၅၃၆ ၉၀၀၊ ၅၃၇ ၁၂၂ တွင် ဆက်သွယ်စာရင်းပေးနိုင်သည်။ စာရင်းပေးသူ ၂၀ ဦးထက် ပိုလာပါက ဇန်နဝါရီလ ၂၂ ရက်နေ့တွင် Interview ခေါ်ပြီး ရွေးချယ်ပေးသွားမည်ဟု ဆိုသည်။

MYANMAR ICT JOURNAL
အိုင်စီတီ ဂျာနယ်
THE WEEK OF JAN 5 - 11, 2013








အိုင်စီတီ ဂျာနယ်
THE WEEK OF JAN 5 - 11, 2013
MYANMAR ICT JOURNAL

# iOS, Androidတွေကို ငြီးငွေ့သူများအတွက် Ubuntu



နှစ်ဆန်းမှာ ထူးတယ်လို့ ပြောရမည့်၊ iOSနှင့် Android အကြိတ်အနယ် ယှဉ်ပြိုင်နေကြသည့် အချိန်အခါမျိုးဖြစ်သည့်အလျောက်၊ RIMမှလည်း Blackberry 10ကို ဒီလကုန် မိတ်ဆက်ပေးတော့မည်ဟု ကြေညာလိုက်သည့်အချိန်မျိုး၌ အချိန်ကိုက် သတင်းထုတ်ပြန်လိုက်သလိုပဲ အများရဲ့ အာရုံစိုက်မှုကို ရယူသွားနိုင်ခဲ့တဲ့ Ubuntuရဲ့ mobile operating systemအသစ်လေး ဖြစ်ပါတယ်။

Ubuntuဟာ PC လောကမှာတော့ open-sourced operating system တစ်ခုအနေဖြင့် ရပ်တည်နေခဲ့တာ ကြာရှည်ခဲ့ပါပြီ။ ၎င်းဟာ Microsoft, Appleတို့လို mainstream OS မဟုတ်ပဲ mainstream OSတွေလို လိုင်စင်ပေါင်းများစွာ ဝယ်ယူမှ PC ကောင်းကောင်း အသုံးပြုနိုင်သည်ဆိုသည့် စနစ်ကို မနှစ်သက်သူ အများစု အသုံးပြုတဲ့ OS တစ်ခုဆိုလည်း မမှားပါဘူး။

Ubuntuရဲ့ mobile OS ဆိုတာ Android OS လိုပဲ နည်းပညာ စိတ်ဝင်စားသူများအားလုံး အခမဲ့ ဝိုင်းဝန်း ဖန်တီးထားတဲ့ Linux Foundationပေါ်မှာ အခြေခံထားတာပါ။ ဒါကြောင့် ဒီ OSဟာ mobile developerများအတွက်တော့ Appleရဲ့ iOSထက် တီထွင်ရတာ ပိုမိုလွတ်လပ်ခွင့် ရနိုင်ပါတယ်။ မြင်တွေ့အသုံးပြုပြီးသွားသူများရဲ့ အဆိုအရတော့ Ubuntuရဲ့ OSဟာ ယခုလက်ရှိ ကမ္ဘာတစ်ဝှမ်းမှာ လူသုံးအများဆုံး စမတ်ဖုန်းများမှာ အသုံးပြုထားတဲ့ Android OS ထက် များစွာ သာလွန်မှု ရှိတယ်လို့ ဆိုထားပါတယ်။ ထို့ကြောင့် လေ့လာသုံးသပ်သူများမှာ Androidလိုမျိုး open-sourceဖြစ်ပြီး အင်တာဖေ့စ်ပါ သာလွန်နေတဲ့ Ubuntu OS ဈေးကွက်မှာ ဘယ်ပုံ ဘယ်နည်းနဲ့ ထိုးဖောက်နေရာယူလာမလည်း ဆိုတာကို ထင်ကြေးမျိုးစုံပေးလျက် ရှိပါတယ်။

# iPhone 5S မတိုင်မီ Galaxy S4 လာတော့မည်

လွန်ခဲ့ပြီးသော (၇)လလောက်၊ မေလမှာကတည်းက Samsung ကုမ္ပဏီက Galaxy S3လို့ အမည်ပေးထားသည့် စမတ်ဖုန်းကို ဖြန့်ချိခဲ့ပါတယ်။ ဒါပေမဲ့ ကိုရီးယား လျှပ်စစ်ကုမ္ပဏီကြီးများက ၎င်းတို့ အကျိုးဆက်ရလဒ်များကို ပွဲထုတ်ရန် အဆင့်သင့်ရှိပြီး ဖြစ်နေတာကြောင့် ဇန်နဝါရီလ (၈)ရက်မှ (၁၀) ရက်နေ့အတွင်း ကျင်းပမည့် Consumer Electronics Show (CES) 2013မှာ မိတ်ဆက်ပေးလိမ့်မည်လို့ အင်တာနက် သတင်းများဌာနများမှ ကောလဟာလများ ထွက်ရှိလျှက် ရှိပါတယ်။

Samsung ကုမ္ပဏီရဲ့ Tomorrow Blog အရဆိုရင်တော့ ဆမ်ဆောင်းမှ တစုံတရာသော ပစ္စည်းကို CES 2013မှာ မိတ်ဆက်ပေးမှာ သေချာသလောက် ရှိနေပါတယ်။

The Korea Time စက်တင်ဘာလထုတ်မှာ ပါဝင်တဲ့ ထင်ကြေးပေးထားချက်တွေကတော့ Galaxy S4ကို ဖေဖော်ဝါရီလတွင် ကျင်းပမည့် Mobile World Congressတွင် ပွဲထုတ်လိမ့်မယ်လို့ ဖော်ပြထားသော်လည်း CES ပွဲမှာ မကြေငြာတော့ဘူးလို့ မည်သူမှ မဆိုနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကောလဟာလတွေဟာ လွန်ခဲ့တဲ့ စက်တင်ဘာလက iPhone 5 ပစ္စည်းပြတ်သွားသည့်အချိန်ထဲက ရှိနေခဲ့လို့ ဖြစ်ပြီး ယခုလို နှစ်သစ်မှာ နောက်ထပ် ကောလဟာလ ဖြစ်တဲ့ iPhone 5S မထွက်ခင်မှာ Appleရဲ့ ဈေးကွက်ကို ရယူဖို့ အကောင်းဆုံး အချိန်ဖြစ်နေလို့ပါပဲ။

အင်တာနက်ပေါ်မှ နောက်ဆုံးထွက် ကောလဟာလ သတင်းများအရတော့ ဆမ်ဆောင်း Galaxy S4ကို မကွဲနိုင်သော ဖန်သားပြင်ဖြင့် ဖန်တီးထုတ်လုပ်ထားသည်ဟု ဆိုပါတယ်။ ဒီထက် ပိုတဲ့ အသေးစိတ် အချက်အလက်များကို သိချင်ရင်တော့ ရက်ပိုင်းလေး စောင့်လိုက်ရုံဖြင့် အဖြေထွက်လာပါလိမ့်မည်လို့ ဆမ်ဆောင်း ပရိသတ်များကို ကျည်စားလိုက်ရပါတယ်။

# ဘာသာစကား ၃၂ မျိုးကို ဘာသာပြန်ပေးနိုင်မယ့်

## COMET Talking Translator

ဘာသာစကား ၃၂ မျိုးကို အပြန်အလှန် ဘာသာပြန်ပေးနိုင်သော COMET အမှတ်တံဆိပ် Talking Translator ပြည်တွင်းသို့ ရောက်ရှိလာပါပြီ။ ၎င်း Translatorသည် မြန်မာ၊ မလေးရှား၊ တရုတ်၊ စပိန်၊ ကိုရီးယား၊ ဂျပန်၊ ရုရှား၊ အိန္ဒိယ၊ ထိုင်း အပါအဝင် ဘာသာစကား ၃၂ မျိုးကို အပြန်အလှန် ဘာသာပြန်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဘာသာစကား အများဆုံး ဘာသာပြန်ပေးနိုင်တဲ့ ပထမဆုံး Mobile Electronic ပစ္စည်း မျိုးဆက်သစ် တစ်ခု ဖြစ်ပါတယ်။ ဘာသာပြန်ပေးနိုင်မယ့်အပြင် Dictionaryအဖြစ်လည်း အသုံးပြုနိုင်ပြီး ဘာသာစကားများကို လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။

ဧည့်လမ်းညွှန်များ၊ နိုင်ငံတကာနှင့် အဆက်အသွယ်ပြု လုပ်ကိုင်နေရသည့် သင်္ဘောသားများ၊ နိုင်ငံခြား ပညာသင် ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံခြားသို့ အလုပ်သွားရောက် လုပ်ကိုင်သူများ၊ ဘာသာစကားကို လေ့လာနေသူများအတွက် အထောက်အကူပေးမယ့် စက်ကလေးပါ။ အဆိုပါ COMET Talking Translatorလေးကိုတော့ KMDမှ မြန်မာပြည် တရားဝင် ကိုယ်စားလှယ်အဖြစ် တင်သွင်း ဖြန့်ဖြူးနေတာ ဖြစ်ပြီး ဈေးနှုန်းကတော့ ကျပ် ၈၄,၀၀၀ ဖြစ်ပါတယ်။ ဆက်သွယ် ဝယ်ယူချင်တယ်ဆိုရင်တော့ ၀၁-၃၈၅-၀၇၇ နှင့် ၀၁-၃၇၈-၄၃၁ကို ဆက်သွယ်နိုင်ပါတယ်။

# Blu-ray Player လက်ဆောင်ရရှိမည့် SONY 3D LED TV



SONYမှ ထုတ်လုပ်လိုက်တဲ့ ၂၀၁၂ခုနှစ်ထုတ် နောက်ဆုံးပေါ် 3D LED TV ဖြစ်ပါတယ်။ Full HD (3D LED) အမျိုးအစား ဖြစ်တဲ့အတွက် ရုပ်ရှင်ဇာတ်လမ်းများကို 3D အနေဖြင့် ရှင်သပ် အံ့ဩဖွယ် ကြည့်ရှုခံစားနိုင်မှာ ဖြစ်ပါတယ်။ Internet TV ဖြစ်တဲ့ အတွက်ကြောင့်လည်း Facebook, Youtube, Twitter, Skype အစရှိသည်များကို အသုံးပြုနိုင်ပါတယ်။ Picture Engineမှာ X-Realityကို အသုံးပြုထားသောကြောင့် ရုပ်ထွက် ကာလာကို ပိုမို ကောင်းမွန်စွာ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Motion Flow XR400HZ နည်းပညာစနစ်ကြောင့် ရွေ့လျားရုပ်ရှင်တွေမှာ အထစ်အငေါ့ မရှိဘဲ သဘာဝအတိုင်း ကြည်လင်ပြတ်သားစွာ ကြည့်ရှု ခံစားနိုင်မှာ ဖြစ်ပါတယ်။

4x HIGH SPEED 3D Panelကို အသုံးပြုထားပြီး ပါးလွှာ ပေ့ါပါးအောင် ဒီဇိုင်းဖော်ထားတဲ့ Slim Design ဖြစ်ပါတယ်။ ဒါ့အပြင် အခမဲ့ ရုပ်သံလိုင်းတွေကို ဖမ်းယူကြည့်ရှုနိုင်သော Digital Tuner Function ပါရှိပါတယ်။ Media Remote အသုံးပြုနိုင်ပြီး 3D ရုပ်ရှင် ကြည့်ရှုရန် 3D မျက်မှန် (၂) လက် ပါရှိပါတယ်။ ထို့ပြင် ကျပ် (၂) သိန်း တန်ဖိုးရှိ SONY 3D Blu-ray Player (BDP-S490) တစ်လုံး လက်ဆောင်ပါရှိကြောင်း သိရပါတယ်။ တန်ဖိုးကတော့ ကျပ် ၈၉၉,၀၀၀ ဖြင့် Multi Generation Electronics ဖုန်း ၀၉-၇၃၂-၄၀၁-၂၃မှာ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရပါတယ်။

# ယနေ့ ဓာတ်ပုံပညာကို လေ့လာချင်သူများအတွက်

ယနေ့ ဓာတ်ပုံပညာကို အခြေခံမှစ၍ အပျော်တမ်းဖြစ်စေ၊ စီးပွားရေး လုပ်ငန်းအတွက်ဖြစ်စေ သင်ယူတက်မြောက်လိုပါက စာတွေ့လက်တွေ့ သင်ကြားပေးမည့် ယနေ့ဓာတ်ပုံပညာ အမှတ်စဉ် (၅)ကို ဖေဖော်ဝါရီလ ၂ ရက်မှ မတ်လ ၂ ရက်နေ့ထိ၊ ဗိုလ်တထောင်မြို့နယ်ရှိ Canon Club Myanmarမှာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ နံနက် ၉း၃၀ နာရီမှ ၁၁း၃၀ထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်ငွေ တစ်သိန်းတိတိ ဖြစ်သည်ဟု သိရသည်။ လူဦးရေ ကန့်သတ်ထားသည့်အတွက်ကြောင့် သုံးလ တစ်ကြိမ်ဖွင့်လှစ်သည့် ယနေ့ ဓာတ်ပုံပညာကို လေ့လာလိုက်စားလိုပါက ဖုန်း ၀၉၄၅-၀၅၃၉-၄၅၈သို့ ဆက်သွယ်နိုင်ပြီး နယ်မှ သင်တန်း လာရောက် တက်လိုသူများ အတွက်လည်း အဆောင်စီစဉ်ပေးမည်ဟု သိရသည်။



# 2013မှာ အာရှတိုက်သားတွေဆီ အရောက်ပို့ပေးမယ့် Lumia 620



Nokiaမှ ထုတ်လုပ်ထားတဲ့ Lumia 820 နှင့် Lumia 920 ဖုန်းတွေဟာ Windows Phone 8 ဖုန်းတွေထဲမှာ အထင်ရှားဆုံး ဖြစ်နေပါတယ်။ Nokia ဟာ Lumia မျိုးဆက်ဖြစ်တဲ့ Nokia Lumia 620ကို နောက်ထပ် ထုတ်လုပ်လိုက်တာပါ။

အသုံးပြုနိုင်တဲ့ ကွန်ရက်ကတော့ GSM ကွန်ယက်စနစ်ကို အသုံးပြုနိုင်ပါတယ်။ GSM 850/900/1800/1900 MHz, UMTS 850/900/1900/2100 Mhz; HSDPA 21 Mbps, HSUPA 5.76Mbps အစရှိတဲ့ စနစ်တွေကို ထောက်ပံ့ ပေးထားပါတယ်။ Nokia Lumia 620ရဲ့ Screen အရွယ်အစားဟာ 3.8 လက်မရှိပြီး HTC Windows Phone 8S ထက် 0.2 လက်မ လျော့နည်းပေမယ့် ဖုန်းနှစ်လုံးရဲ့ Resolution ဟာ 480x800 pixels ရှိတဲ့အတွက် ရုပ်ထွက် အရည်အသွေးက တူညီမှု ရှိနေပါတယ်။ ရုပ်ထွက် ကြည်လင်ပြတ်သားဖို့အတွက် ClearBlack TFT Capactivice Touch Screenကို အသုံးပြုပေးထားပါတယ်။ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်တွေကို ကောင်းမွန်စေရန် 1GHz dual-core Krait Processorကို တပ်ဆင်ပေးထားသည့်အပြင် ဖုန်းရဲ့ Graphic ပိုင်းကို ထိန်းချုပ်ပေးမယ့် Adreno 305 GPUလည်း ပါဝင်ပါသေးတယ်။ Windows Phone 8 OS ကို ထည့်သွင်းပေးထားပြီး အချက်အလက်တွေ သိုလှောင် သိမ်းဆည်းဖို့အတွက် 8GB Memory ကိုလည်း ထည့်သွင်းထားပါတယ်။ MicroSD Card ကို 64GB အထိ တိုးမြှင့်နိုင်စွမ်း ရှိပါတယ်။

အမှတ်တရ ဓာတ်ပုံတွေကို ရိုက်ကူးဖို့အတွက် ကင်မရာကို 5 Mega Pixel Auto-Focus တပ်ဆင် ပေးထားသည့်အပြင် Face and Smile Detection လည်း ပါဝင်ပါတယ်။ ဗီဒီယို ရိုက်ကူးရန် Resolution က 720p (1280x720) ရှိတဲ့အတွက် အကောင်းဆုံး ပုံရိပ်တွေကို မှတ်တမ်းတင် ရိုက်ကူးပေးနိုင်မှာ သေချာပါတယ်။ Video Calling ပြုလုပ်ဖို့အတွက် VGA Front-Facing Camera ကိုလည်း တပ်ဆင်ပေးထားပါတယ်။ Wireless အင်တာနက်စနစ်အတွက် Dual-Band Wi-Fi a/b/g/n စနစ်ကို အသုံးပြုနိုင်ပါတယ်။ အခြား Device တွေနဲ့ ချိတ်ဆက် အသုံးပြုနိုင်ဖို့အတွက် Stereo Bluetooth 3.0 စနစ်ကို အသုံးပြုနိုင်ပြီး GPS Receiver with A-GPS and GLONASS, 3.5mm audio jack, NFC အစရှိတဲ့ စနစ်တွေလည်း ပါဝင်ပါသေးတယ်။

Nokia Lumia 620 ဖုန်းဟာ သုံးစွဲသူတွေ စိတ်ကြိုက် အရောင် ရွေးချယ်ဖို့အတွက် အရောင် ခုနစ်မျိုးအထိ ထုတ်လုပ်ပေးထားပြီး Black, White, Cyan, Magenta, Yellow, Lime Green and Orange အစရှိတဲ့ အရောင်တွေကို ထုတ်လုပ်ပေးထားပါတယ်။ Lumia 920 နှင့် Lumia 820မှာ ပါဝင်တဲ့ Feature တွေနဲ့ Applications တွေကို Lumia 620မှာ ထည့်သွင်းပေးတာကို တွေ့ရပါတယ်။ Lumia 620ကို January 2013မှာ အာရှနိုင်ငံတွေကို စတင်ဖြန့်ချိပေးမှာဖြစ်ပြီး ဈေးနှုန်းကတော့ US$ 249 သတ်မှတ်ပေးထားပါတယ်။






အိုင်စီတီ ဂျာနယ်
THE WEEK OF JAN 5 - 11, 2013
MYANMAR ICT JOURNAL



# ၂၀၁၃မှာ ထွက်ရှိမယ့် ZTE Nubia Z5



ZTE အမှတ်တံဆိပ်ကို သိကြမယ်လို့ ထင်ပါတယ်။ ZTE ရဲ့ နောက်ဆုံးထုတ် မော်ဒယ်သစ်တစ်ခုဖြစ်တဲ့ Nubia Z5 ကို ထုတ်လုပ်မယ်လို့ ZTE က ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒါပေမယ့် အထဲမှာပါဝင်မယ့် Feature တွေကိုတော့ တရားဝင်ဖွင့်လှစ်ကြေညာထားခြင်း မရှိပါဘူး။ ကောလဟာလအနေနဲ့တော့ ZTE Nubia Z5 က 1080p Resolution ရှိတဲ့ ၅ လက်မအရွယ်အစား စမတ်ဖုန်းဖြစ်မယ်လို့ သတင်းများ ထွက်ပေါ်နေပါတယ်။ LCD နည်းပညာကို ထပ်ပွားအသုံးပြုထားတဲ့ IPS Display ကို စကရင်မှာ အသုံးပြုထားမယ်လို့ သိရပါတယ်။ HTC ရဲ့ Droid DNA စမတ်ဖုန်းထက် အလေးချိန်နည်းပြီး ဈေးနှုန်းကလည်း မြင့်မားမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ဈေးနှုန်းအတိအကျတော့ ထွက်ပေါ်လာခြင်း မရှိသေးပါဘူး။

နောက်ဆုံးထွက် Android ဗားရှင်း 4.1.1 Jelly Bean ကို အသုံးပြုထားမှာဖြစ်ပြီး Flash ပါဝင်တဲ့ 13MP ကင်မရာတစ်လုံးကို အနောက်ပိုင်းမှာ တပ်ဆင်ပေးထားမယ့်အပြင် 2MP ကင်မရာတစ်လုံးကိုလည်း အရှေ့ပိုင်းမှာ တပ်ဆင်ပေးထားမယ်လို့ သိရပါတယ်။ အခုနောက်ပိုင်း ထွက်ရှိသမျှ စမတ်ဖုန်းတော်တော်များများမှာ ရှေ့ကင်မရာ တပ်ဆင်လာတာကို လေ့လာတွေ့ရှိရပါတယ်။ ဖုန်းရဲ့ အရေးကြီးတဲ့ Feature တွေထဲမှာလည်း ကင်မရာအရည်အသွေးနဲ့ ကင်မရာအရေအတွက်က ပါဝင်ပါတယ်။ ZTE Nubia Z5 မှာ 1.5GHz Quad-Core Processor နဲ့ လုပ်ဆောင်ချက်တွေကို အပြတ်မောင်းနှင်ပေးမှာပါ။ Data သိမ်းဆည်းနိုင်မှုအတွက် ကတော့ 32GB ကို Internal ထည့်သွင်းပေးထားပါတယ်။ Wi-Fi 802.11 a/b/g/n, NFC နဲ့ Bluetooth 4.0 ကိုလည်း အသုံးပြုနိုင်ပါသေးတယ်။




# ပြည်တွင်းရောက် Lenovo S880i



KMD Mobile တွင် အသစ်ဝင်ရောက်လာသော Lenovo Smart Phone ဖြစ်ပါတယ်။ အမျိုးအစားကတော့ Lenovo S880i WCDMA စမတ်ဖုန်းတစ်လုံးဖြစ်ပြီး Android OS 4.0 ကို အသုံးပြုထားပါတယ်။ Dual Core Processor 1.0, Memory 512MB ကို အသုံးပြုထားပြီးတော့ အချက်အလက်တွေ သိမ်းဆည်းနိုင်ဖို့အတွက် 4GB ကို Internal ထည့်သွင်းပေးထားပါတယ်။ Multitouch အသုံးပြုနိုင်တဲ့ ၅လက်မ အရွယ်အစားရှိတဲ့ စကရင်ကို အသုံးပြုထားပါတယ်။ အခြား Connectivity ပိုင်းအနေနဲ့ Wifi, GPS, Bluetooth Function တွေ ပါဝင်ပါတယ်။ ကင်မရာကို အရှေ့အနောက် နှစ်လုံးတပ်ဆင်ပေးထားပါတယ်။ အနောက်မှာ Auto Focus ဖြတ်ပေးနိုင်ပြီး 5 MP အရည်အသွေးရှိတဲ့ ကင်မရာတစ်လုံးအပြင် LED Flash ကိုပါ တပ်ဆင်ထားပါတယ်။ အရှေ့ပိုင်းမှာတော့ 0.3 MP ကင်မရာတစ်လုံးတပ်ဆင်ထားပါတယ်။

စွမ်းအားပြည့်မောင်းနှင်ပေးမယ့် Dual Core Processor နဲ့ ကြီးမားတဲ့ Screen Size ကြီးသောကြောင့် Game နဲ့ Internet အသုံးပြုရာမှာ အဆင်ပြေလွယ်ကူမှာဖြစ်ပါတယ်။ အသွင်ထူးခြားသော Icon ပုံစံများဖြင့် အသုံးပြုနိုင်ပြီး Feature အစုံအလင်ပါဝင်တာကြောင့် Camera အသုံးပြုတာပဲဖြစ်ဖြစ်၊ သီချင်းနားထောင်တာပဲဖြစ်ဖြစ်၊ ဗွီဒီယိုကြည့်တာပဲဖြစ်ဖြစ် လုပ်ဆောင်ချက်အားလုံးကို ချောမွေ့လွယ်ကူစွာ အသုံးပြုနိုင်မယ့် Smart Phone တစ်လုံး ဖြစ်ပါတယ်။ အလေးချိန်အနေဖြင့် 197g ရှိပြီး အဖြူနဲ့ အပြာရောင်နှစ်မျိုးကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ကျပ် ၁၉၉,၀၀၀ ဝန်းကျင်ရှိပြီး KMD Mobile ဖုန်း ၀၁-၃၈၅-၀၇၇ မှာ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။




# Huawei မော်ဒယ်သစ် Ascend Mate



ဒီဇင်ဘာလလယ်လောက်က တရုတ်ပြည်ရဲ့ Guangzhou မြို့တော်မှာ Huawei က ၎င်းရဲ့ နောက်ဆုံးထုတ် Huawei Ascend Mate ကို လျှပ်တစ်ပြက် ထုတ်ဖော်ပြသခဲ့ပါတယ်။ Huawei ရဲ့ ဥက္ကဋ္ဌဖြစ်သူ Richard Yu ကိုယ်တိုင် ထုတ်ဖော်ပြသခဲ့တာပါ။ Samsung GALAXY Note II ကို ယှဉ်ပြိုင်နိုင်ဖို့အတွက် Ascend Mate ကို ထုတ်လုပ်ခဲ့တယ်လို့သိရပါတယ်။ Huawei ချစ်ပရိသတ်များအတွက်တော့ စိတ်ဝင်စားစရာ သတင်းပါ။ သူ့မှာ Quad-Core 1.8GHz Processor ကို ထည့်သွင်းပေးထားပြီး 2GB of RAM ကိုလည်း တပ်ဆင်ပေးထားပါတယ်။ 13MP အရည်အသွေးရှိတဲ့ ကင်မရာရယ် 4000mAh ဘတ်ထရီတစ်လုံး ပါရှိပါတယ်။ Processor သာမက ကင်မရာအရည်အသွေကို အခြား Huawei Series တွေထက် မြှင့်တင်ပေးထားပါတယ်။ အဲဒီ Specs တွေကို ကြည့်ခြင်းအားဖြင့် ၂၀၁၃ မှာ အရည်အသွေးမြင့်တဲ့ High-End ဖုန်းတစ်လုံးရပ်တည်နိုင်အောင် ကြိုးစားထုတ်လုပ်ထားတယ်ဆိုတာ သိသာပါတယ်။

အလေးချိန်ကိုလည်းလျှော့ချပေးတာကို တွေ့ရပါတယ်။ ဖုန်းက 9.6mm သာ ထူမယ်လို့တော့ မျှော်မှန်းထားကြပါတယ်။ လက်မအရွယ်အစားကတော့ ၆.၁ လက်မရှိပြီး 1080p Resolution ရှိမှာ ဖြစ်ပါတယ်။ အဆိုပါဖုန်းနဲ့ ပတ်သက်ပြီး Huawei ရဲ့ Vice President Yu Chengdong က Huawei Ascend Mate ကိုစောင့်ကြည့်ပြီးမှ Samsung GALAXY Note II ကို ဝယ်ယူဖို့ ကြိုးစားကြပါလို့ ပြောကြားခဲ့ပါတယ်။ ထိုကဲ့သို့ ပြောကြားချက်တွေအရ GALAXY Note II ကို ယှဉ်ပြိုင်ဖို့ဆိုတာ သိသာနေပါပြီ။ ဈေးနှုန်းကိုတော့ USD 480 ရှိမယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။ Huawei Ascend Mate ကို ၂၀၁၃ ရဲ့ ပထမလေးလပတ်မှာ အတိအကျ ထုတ်ဖော်ပြသမယ်လို့ သိရပါတယ်။

အိုင်စီတီ ဂျာနယ်
THE WEEK OF JAN 5 - 11, 2013
MYANMAR ICT JOURNAL

မေသဇင်သိန်း တင်ဆက်သည်။



## ဆန်းသစ်တဲ့ ဒီဇိုင်းအပြင် USB, SD Card အသုံးပြုနိုင်တဲ့ Panasonic TH-LI32C4S LED TV





## ဆုံလည် မပါတဲ့ Panasonic NN-CS596S မိုက်ခရိုဝေ့မီးဖို

Panasonic အမှတ်တံဆိပ် Microwave Oven လေးပါ။ မိုက်ခရိုဝေ့မီးဖို အတွင်းပိုင်းက 27L ကျယ်ဝန်းတဲ့ အတွက် သင့်စိတ်ကြိုက် အိုးခွက်ပန်းကန်တွေကို ထည့်သွင်းအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ သင်လိုအပ်တဲ့ အပူချိန်တွေကို ချိန်ညှိ အသုံးပြုနိုင်ပါသေးတယ်။ တံခါးကို အောက်သို့ လှန်ပြီး ဖွင့်ချရတဲ့ ဒီဇိုင်းပုံစံပါ။ ၎င်း Oven ထဲမှာ အသားငါးတွေကို ရေနွေးငွေ့ဖြင့် ပေါင်းနိုင်မယ့်အပြင် အသားငါးများကို ကင်နိုင်ပါသေးတယ်။ အပူချိန်ကို ညီမျှစွာ ပေးနိုင်တာကြောင့် အသားငါးများကို အတွင်းထိ ကျက်အောင် ချက်ပြုတ်ပေးနိုင်ပါတယ်။

Flatbed technology နည်းပညာတစ်ခုကို ထည့်သွင်းပေးထားပါတယ်။ ၎င်းနည်းပညာက Panasonic ကနေ တီထွင်ထားတဲ့ နည်းပညာပါ။ ၎င်းက Oven အတွင်းမှာ အသားငါးများကို ဘေးဘယ် ညာ လှည့်လှည်ပေးမယ့် ဆုံလည် မပါဝင်ဘဲ အသားများကို အတွင်းထိ ကျက်အောင် ချက်ပြုတ်ပေးမယ့် နည်းပညာပါ။ ဆုံလည် မပါဝင်ခြင်းက Oven အတွင်းပိုင်းကို နေရာ ပိုရစေပြီး သန့်ရှင်းရေးလုပ်တဲ့အခါမှာလည်း အလွယ်တကူ ဖြစ်စေပါတယ်။ မိုက်ခရိုဝေ့မီးဖိုရဲ့ ဈေးနှုန်းကတော့ ကျပ် ၅၉၅,၀၀၀ ဝန်းကျင်ရှိပြီး ဖုန်း ၀၁-၂၅၂-၄၆၄ မှာ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

Panasonic ၃၂ လက်မ TV လေးဖြစ်ပါတယ်။ LED Screen ကို အသုံးပြုထားတာကြောင့် မီးအားစား သက်သာစေပြီး လျှပ်စစ်စွမ်းအင်ကို ချွေတာနိုင်ပါတယ်။ သီချင်းတွေ၊ ဗွီဒီယိုတွေကို တိုက်ရိုက်နားဆင်နိုင်ဖို့အတွက် USBနဲ့ SD Card အသုံးပြုနိုင်တဲ့ Portတွေ ပါဝင်ပါတယ်။ ၎င်း TV ရဲ့ အထူက 30 mm သာရှိတဲ့အတွက် ပါးလွှာပြီး ပေါ့ပါးတဲ့ TV တစ်လုံးဆိုတာ သိသာစေပါတယ်။ Wide Viewing Angle ရှိတာကြောင့် ဘယ်လို ရှုထောင့်မျိုးကမဆို ပုံရိပ်တွေကို အကြည်လင်ဆုံး ကြည့်ရှုနိုင်ပါသေးတယ်။

အသံပိုင်းဆိုင်ရာအတွက် 5 Watt ရှိတဲ့ စပီကာနှစ်လုံးကို TV ရဲ့ အောက်ခြေနားမှာ ဘားလိုင်းလေးအဖြစ် ဒီဇိုင်းဆင် တပ်ဆင်ထားပါတယ်။ ရုပ်ရှင်ရုံများမှာ အများဆုံး အသုံးပြုလေ့ရှိတဲ့ Dolby Digital အသံစနစ်ကိုလည်း အသုံးပြုထားပါတယ်။ ဒီဇိုင်း ပုံစံက သေသပ်လှပပြီး ဆန်းသစ်တဲ့ ဒီဇိုင်း အသွင်ပြင်ရှိပါတယ်။

ဈေးနှုန်း ကတော့ ကျပ် ၂၄၀,၀၀၀ ဝန်းကျင်ဖြင့် ဖုန်း ၀၁-၃၈၄-၅၃၄ သို့ ဆက်သွယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

## ထိုင်းနိုင်ငံထုတ် Toshiba AW-8990ST အဝတ်လျှော်စက် အသစ်

Toshibaမှ အသစ်ထပ်မံ ထုတ်လုပ်လိုက်သော Fully Auto အဝတ်လျှော်စက် (တစ်ကန်) အမျိုးအစားဖြစ်ပါတယ်။ Stainless Steel Tub (စတီးကန်) အမျိုးအစားဖြစ်တဲ့အတွက်ကြောင့် သံချေးတက်ခြင်းမှ ကင်းဝေးစေနိုင်ပါတယ်။ လျှော်ဖွပ်နိုင်သော ပမာဏမှာ (၈.၀) ကီလိုဂရမ်အထိ လျှော်ဖွပ်ပေးနိုင်ပါတယ်။ Regular/ Heavy Wash/ Delicate/ Blanket အစရှိသည့် Program အမျိုးမျိုးကို စိတ်ကြိုက် ရွေးချယ် လျှော်ဖွပ်နိုင်မှာ ဖြစ်ပါတယ်။

Water Level ကို 21L ကနေ 75L အထိ ရေအနည်းအများကို ချိန်ယူနိုင်ပါတယ်။ Hybrid Screw Pulsator ပါရှိသောကြောင့် အဝတ်များကို ပိုမို သန့်ရှင်းစေပြီး Circular Intake Super Spin Dry အဆင့်မြင့် နည်းပညာဖြင့် ဖွဲ့စည်းထားပါတယ်။ Lid Lock Function ပါရှိပြီး Zero Standby Power အမျိုးအစား ဖြစ်ပါတယ်။ ထိုင်းနိုင်ငံထုတ် အမျိုးအစားဖြစ်ပြီး ဈေးနှုန်းကတော့ ကျပ် ၂၃၀,၀၀၀ ဝန်းကျင်ဖြင့် Multi Generation Electronics ဖုန်း ၀၉-၇၃၂-၄၀၁-၂၃ မှာ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရပါတယ်။

**CARTOON BY**

စမ်းချောင်း ကိုကိုအောင်



## Animation Review



# CHŪNIBYŌ DEMO KOI GA SHITAI!

Episode ◆ 12
Genre ◆ Comedy, Romance
Studio ◆ Kyoto Animation
Score ◆ 4.5 out of 5

နေအောင်လတ်

Chūnibyō Demo Koi ga Shitai! (အတိုကောက် - Chu2 သို့မဟုတ် Chūnibyō) ဟာ Clannad ၊ The Melancholy of Haruhi Suzumiya နှင့် K-On! တို့လို လူကြိုက်အများဆုံး Comedy နှင့် Slice of Life Animation Series များနှင့်အတူ ချစ်စရာကောင်းတဲ့ ဇာတ်ကောင်ဒီဇိုင်းတွေကို အသားပေးထားတဲ့ Moe' Anime ဈေးကွက်ရဲ့ ဘုရင်တစ်ဆူဖြစ်တဲ့ Kyoto Animationက ရေးဆွဲထားတဲ့ TV Series အသစ် ဖြစ်ပါတယ်။ Chūnibyō Demo Koi ga Shitai!ဟာ 2010အတွင်းက Kyoto Animationကပဲ ကြီးမှူးကျင်းပတဲ့ Kyoto Animation Award Competition ပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့ Light Novel ဇာတ်လမ်းဖြစ်ပြီး 2011အတွင်းမှာ ဇာတ်လမ်း အစအဆုံး စာအုပ် နှစ်အုပ် ထွက်ရှိပြီးတဲ့အတွက်ကြောင့် Animation ဇာတ်လမ်း ထွက်ရှိဖို့ကို ပရိသတ် စောင့်မျှော်လျှက်ရှိတဲ့ ဇာတ်လမ်းတစ်ခု ဖြစ်ပါတယ်။ 8th Grade Syndromeလို့ ဘာသာပြန်လို့ရမည့် Chūnibyō ဟာ အသက် ၁၃ နှစ်နှင့် ၁၄ နှစ် အရွယ် 8th Grade အဆင့်ကျောင်းသားတွေ စတင် အရွယ်ရောက်ချိန် စိတ်ဓာတ်အပြောင်းအလဲကာလမှာ ထင်ယောင် ထင်မှားတွေ တွေးတတ်ပြီး စိတ်ကူးယဉ်တတ်ပုံကို အခြေခံထားတဲ့ ဇာတ်လမ်းပါ။

Chūnibyōရဲ့ အဓိကဇာတ်ကောင်ဖြစ်ပြီး အထက်တန်းကျောင်း စတင် တက်ရောက်နေပြီဖြစ်တဲ့ Yūta Togashiဟာ ငယ်စဉ်အခါကလည်း 8th Grade Syndrome နှင့် ကြုံတွေ့ခဲ့ရသူဖြစ်ပြီး မိမိကိုယ်ကို RPG ဂိမ်းတွေနှင့် Fantasy ဇာတ်လမ်းတွေထဲကလို စွမ်းအားရှင် တစ်ယောက်ဖြစ်တဲ့ Dark Flame Masterအဖြစ် လူတွေရှေ့မှာတောင် စိတ်ကူးယဉ်ခဲ့သူဖြစ်ပြီး လက်ရှိအချိန်မှာတော့ မိမိငယ်စဉ်က အဖြစ်အပျက်တွေကို မသိခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေကြားမှာ သာမန်ဘဝနှင့် နေထိုင်သွားရန် ဆုံးဖြတ်ထားသူ ဖြစ်ပါတယ်။ ဒါပေမဲ့ မိမိကိုယ်ကို မှော်မျက်လုံး ပိုင်ဆိုင်ထားတယ်လို့ အထင်မှားနေတဲ့ Rikka Takanashi အမည်ရ ကျောင်းသူလေးက Yūta ရဲ့ အတိတ်အကြောင်းကို မထင်မှတ်ဘဲ သိရှိသွားပြီး နောက်မှာတော့ Yūta ရည်မှန်းထားတဲ့ ကျောင်းသားဘဝအစား ရယ်စရာ အဖြစ်အပျက်များနှင့် ဆက်တိုက် ကြုံတွေ့ရပုံ ဇာတ်လမ်းဆင်ထားပါတယ်။ Rikkaတို့ အဖွဲ့ထဲကို Yūta လိုပဲ ငယ်စဉ်အခါက စိတ်ကူးယဉ် ရောဂါ ထခဲ့ကြတဲ့ Shinka Nibutani နှင့် Rikka ရဲ့ သူငယ်ချင်း Sanae Dekomoriတို့ ပါဝင်ရောက်လာပြီး မူလ Light Novel ဇာတ်လမ်းမှ ဇာတ်ကောင်တွေအပြင် Rikkaရဲ့ အမ Tōka Takanashi လိုမျိုး ဇာတ်ကောင်သစ်တွေပါ ထည့်သွင်းထားပါတယ်။

Animation Quality ကတော့ Kyoto Animation ရဲ့ ထုံးစံအတိုင်း ဇာတ်ကောင်လှုပ်ရှားမှုပိုင်းတွေ၊ Yuta နှင့် Rikka တို့လို ဇာတ်ကောင်တွေ စိတ်ကူးယဉ်တဲ့ Fantasy Sequence ပိုင်းတွေကို ပြင်ပလောကနှင့် စိတ်ကူးယဉ်လောကကို နှစ်ခု တွဲပြီး ပြသထားတဲ့ အခန်းတွေက ကြည့်ကောင်းသလို၊ ရယ်လည်း ရယ်ရပါတယ်။ အခြေခံဇာတ်လမ်းနှင့် တစ်ချို့ဇာတ်ကောင်စရိုက်တွေကတော့ The Melancholy of Haruhi Suzumiya နဲ့ အနည်းငယ် ဆင်တူနေပေမည့် သီးသန့် High School Anime ဇာတ်လမ်းတစ်ခုအနေနှင့် ခွဲထွက်နိုင်တာ တွေ့ရမှာပါ။ Chūnibyō Demo Koi ga Shitai!ဟာ 2012 အတွင်း ထွက်ရှိထားတဲ့ Comedy နှင့် Slice of Life Animation ဇာတ်လမ်းတွေထဲမှာ ကြည့်လို့ အကောင်းဆုံးနဲ့ အထူးခြားဆုံး ဇာတ်လမ်းတစ်ခု ဖြစ်ပါတယ်။

Easy One Mobile

လူကြီးမင်းတို့ဘဝမှာ တစ်ခါမှမကြုံဖူးတဲ့
ဈေးနှုန်းချိုသာမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုတွေကို ကြုံချင်ရင်
Easy One Mobile ဆိုင်ကိုသာ လာခဲ့ပါ။

"စစ်မှန်သော ပစ္စည်းများကိုသာ ရောင်းချပေးပါသည်၊"

အမှတ် (၁၆၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Tel: 01-250941
www.facebook.com/easyonemobile / easyone.mobile@hotmail.com

အိုင်စီတီ ဂျာနယ်မှ
အလိုရှိသည်။

MANAGING EDITOR (BASE SALARY: K300,000)
SENIOR EDITOR (BASE SALARY: K200,000)
ICT REPORTER (BASE SALARY: K150,000)
TRANSLATOR (BASE SALARY: K150,000)

ဘွဲ့ရ၊ ရိုးသားပြီး စာပေကို မြတ်နိုးဖို့ လိုသည်။
ဆက်သွယ်ရန်: ၀၁-၄၃၀-၈၉၇၊ ၀၁-၅၅၃-၉၈၁၊
team@myanmarict.com

VANGUARD
Business Services and Process Consulting
SAP



We specialise in
the implementation and
support of ERP solution
for small to medium sized enterprises(SMEs).
We implements and intergrates customised SAP Business
One Solutions to help clients increase profitability and
improve operational efficiencies.

Our Approach:
- Comprehensive Planning
- Expert Customization
- Swift Deployment
- Seamless Integration
- Reliable Support

Other Services:
- Internal Audit (Specialised in ERP environment)
- Business Planning & Analysis
- Financial Reporting
- Corporate Training
- Business Intelligent

Lead Consultants
Mr. Timothy Latt, B.Bus, M.Bus(ERP), CPA (Australia)
Mrs. Anita Kyu Kyu, B.E(Electronics), Grad Dip, IT(Australia)

C08-78 Kyaik Ka San Rd, Tarmway,Yangon.
Ph: 09 448 538 648, 09 518 7306
Email: tim.latt@vanguardmm.com

Game Review




ရထား

2013မှာ ထွက်မဲ့ Action ဂိမ်အမျိုးအစား ဂိမ်းတစ်ခုပါ။ ဂျပန်ဂိမ်း Company တစ်ခု ဖြစ်တဲ့ Capcomရဲ့ထုတ်ကုန် တစ်ခုပါဘဲ။ စီးရီးအလိုက် ထုတ်နေကျ အနေအထားကနေ အခု DMC ကိုတော့ စီးရီး ဘယ်လောက်ဆိုပြီး ကြော်ငြာ ထားခြင်း မရှိပါဘူး။ DMC (Devil May Cry) ဆိုပြီးထွက်ရှိလာမှာ ဖြစ်ပါတယ်။ DMC ဆိုပြီး စထွက်ခဲ့တာ အခု စီးရီး 5ခုမြောက် ထွက်မဲ့အချိန်မှာ DMCပဲ ကြော်ငြာ ပေးထားပါတယ်။ ဘယ်အရာတွေကြောင့် DMC အမည်နဲ့ပဲ ထွက်လာမလဲဆိုတာတော့ မသိသေးပါဘူး။ Ninja Theory ဆိုတဲ့ Developer အဖွဲ့က ပံ့ပိုးပေးထားကြတဲ့ DMC ကို Xbox 360, PS3, PCစတဲ့ ဂိမ်းအမျိုးအစား အစုံမှာ ဆော့လို့ရအောင် ဖန်တီးပေးထားပါတယ်။ 2008 ခုနစ်တုန်းက The Best Game in The Seriesအဖြစ် Devil May Cry 3က ရရှိခဲ့ပါတယ်။ Ninja Theoryကလဲ အခု DMCကို အရင်စီးရီးတွေနဲ့ မတူအောင် ဖန်တီးထားပါတယ်။ ဇာတ်အိမ်က ပြီးခဲ့တဲ့ စီးရီးတွေတိုင်း ဆင်ပေမဲ့ ကွဲပြားအောင်တော့ လုပ်ထားပေးပါတယ်။ ဇာတ်လိုက်က ပါနေကြ ဇာတ်လိုက် တစ်ယောက်ကိုပဲ ပြန်သုံးပေးထားပါတယ်။

လူသားတို့ နေထိုင်တဲ့ ကမ္ဘာကို ရန်သူအမျိုးမျိုးက ရန်မူကြလေ့ရှိပါတယ်။ အဲ့ဒီ ရန်သူတွေထဲမှာ နတ်ဆိုး တွေလဲ ပါဝင်နေပါတယ်။ နတ်ဆိုးတွေက သူတို့ထက် ပါဝါမြင့်တဲ့ လူသားစွမ်းအားရှင်တွေကို တိုက်ခိုက်ကြပါတယ်။ အဲ့ဒီလို တိုက်ခိုက်နေကြတဲ့ လူသားစွမ်းအားရှင်တွေနဲ့ နတ်ဆိုးတွေရဲ့ တိုက်ပွဲတွေကြောင့် လူသားတွေ နေထိုင်တဲ့ ကမ္ဘာ ဒါမှမဟုတ် မြို့တွေ ပျက်ဆီးသွားပါတယ်။ DMC ဂိမ်းထဲမှာ ပါတဲ့ နတ်ဆိုးတွေကတော့ ဇာတ်လိုက် မင်းသားကို တိုက်ခိုက်ဖို့အတွက် သူနေတဲ့မြို့ကို ရောက်လာခဲ့ပါတယ်။ ဇာတ်လိုက်မင်းသားကို ရှာလို့ မတွေ့တော့ ဒေါသထွက်ပြီး မြို့ကို ရန်ရှာပါတော့တယ်။ ဇာတ်လိုက် မင်းသားနဲ့ တွေ့ပြီး ရန်ပွဲတွေက ဆက်လက် ပြင်းထန်လာတဲ့အချိန်မှာ ဇာတ်လိုက်မင်းသားကလဲ ပြန်နှိမ်နင်းရင်း နတ်ဆိုးတွေကို အပြတ် ရှင်းရမဲ့ Hardcore Action ဂိမ်းတစ်ခု ဖြစ်ပါတယ်။ အခု DMCထဲမှာ ပါတဲ့ ဇာတ်လိုက်မင်းသားရဲ့ လက်နက်တွေကို အသစ် ဖန်တီးပေးထားတွေ မြင်ရမှာပါ။ ပုစိန်၊ ဓါးရှည်၊ သေနတ်၊ လက်ကို ရိုးအရှည်နဲ့ ကောက်ရိတ် ဓါးတစ်လက်ကိုပါ ထည့်ပေးထားပါတယ်။

ပျက်ဆီးစပြုနေပြီးဖြစ်တဲ့ မြို့လေးထဲမှာ နတ်ဆိုးတွေကို တိုက်ခိုက်နေတဲ့ တန်းခိုးရှင် တစ်ယောက်အဖြစ် ကစားရမှာ ဖြစ်ပါတယ်။ ရန်သူတွေက နတ်ဆိုးတွေ ဖြစ်နေတဲ့အတွက် အင်အားကြီးတယ်ဆိုတာ မေ့ထားလို့ မရပါဘူး။ ဒါပေမဲ့လဲ ဇာတ်လိုက် တစ်ယောက်ဆိုတော့ မနိုင်ရင် နိုင်အောင် ဂိမ်းရဲ့ Developerတွေက စီစဉ်ပေးကြပါတယ်။ လက်နက်တွေက စုံတယ်၊ ရန်သူတွေကလဲ စုံတယ်၊ ဂိမ်း Platform အမျိုးမျိုးမှာလဲ ကစားလို့ ရနိုင်တယ်။ ဂိမ်းရဲ့ဇာတ်လမ်းကလဲ ကြမ်းတမ်းစွာနဲ့ အထိတ်တလန့် ကစားရတဲ့ Action ဂိမ်းမျိုး ဖြစ်တယ်။ အဲ့ဒီလို ဂိမ်းတွေကိုမှ ဆော့ချင်တဲ့ Action ဂိမ်းသမားတွေကတော့ DMC က ပြည့်စုံနေပါတယ်လို့ Preview ပေးလိုက်ပါတယ်ဗျာ။ ထွက်မဲ့နေ့က US Date နဲ့ဆို January 15, 2013 ရက်နေ့ ဖြစ်ပါတယ်။

## Must-haves







### Music: **The Beatles**

Genre - Pop

ယနေ့ခေတ် Y-Genတွေ မကြားဖူးရင်တော့ ကြားဖူးအောင် နားထောင်ဖို့ အချိန်ကောင်း ရောက်လာပါပြီ။ iTunes Storeပေါ်မှာ စတင် ရောင်းချတာ မကြာသေးပေမယ့် Appleမှ ၂၀၁၃ နှစ်သစ် ပရိုမိုးရှင်းအနေဖြင့် The Beatlesရဲ့ studio albums တိုင်းလိုလိုကို US$ 10သာသာဖြင့် ရောင်းချပေးနေလို့ပါပဲ။ ထို့ကြောင့် မကြားဖူးလို့ နားထောင်ချင်သည်ဖြစ်စေ၊ digital format မရှိသေးလို့ စုဆောင်းချင်သည်ဖြစ်စေ၊ ဈေးနှုန်းများလို့ ဝယ်ယူဖို့ စောင့်ဆိုင်းနေသည်ဖြစ်စေ၊ ဒီတစ်ပတ်ဟာ Classic Popတွေ စုဆောင်းဖို့ အချိန်အခါကောင်း ဖြစ်ကြောင်း နှိုးဆော်လိုက်ရပါတယ်။

### DVD: **LOOPER**

Genre - Action & Adventure, Mystery & Suspense, Science Fiction & Fantasy

အနာဂတ်ကာလမှာ အချိန်တွေပေါ်မှာ ခရီးသွားနိုင်အောင် တီထွင်နိုင်လာပေမည့် time travellingဟာ တရားမဝင် မှောင်ခို ဈေးကွက်မှာပဲ အသုံးပြုခွင့် ရှိပါတယ်။ လူဆိုးတွေဟာ သူတို့ တစ်ယောက်ယောက်ကို မနှစ်မြို့တော့ဘူးဆိုရင် ထိုသူတွေကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ဆီသို့ ပြန်ပို့လိုက်ပြီး ထိုကာလမှာရှိတဲ့ looperလို့ ခေါ်တဲ့ ကြေးစား သေနတ်သမားများကို ပစ်သတ်ခိုင်းတာက အစပြုပြီး ဇာတ်ကွက်ဆင် ရိုက်ကူးထားတဲ့ ဒီဗီဒီလေးပဲ ဖြစ်ပါတယ်။ US Box Officeမှာ $66.3M ရရှိခဲ့ပြီး Sony Picturesမှ ထုတ်လုပ်ခြင်း ဖြစ်ပါတယ်။ မင်းသား Bruce Willis, မင်းသမီး Emily Bluntတို့နဲ့ စိတ်ဝင်စားဖွယ် တင်ဆက် ထားပါတယ်။






### eBook: **The Travel Book**

(A journey through every country in the world)

Genre - Travel & Adventure

Lonely Planetမှ တင်ဆက်တဲ့ interective စာအုပ်လေး ဖြစ်ပါတယ်။ ယနေ့လို တိုင်းတပါးမှ ဧည့်သည်များ ပြည်တွင်းသို့ စီးဆင်းဝင်ရောက်မှု များပြားလာသည့် အချိန်မှာ ဒီစာအုပ်လေးဟာ လွန်စွာ တန်ဖိုး ရှိပါတယ်။ ဒီလို ခရီးသွား စာအုပ်မျိုးသည်လည်း ကိုယ် သွားချင်သည့် နေရာကို လွယ်လင့်တကူ သယ်ဆောင်သွားဖို့ လိုအပ်သည့်အတွက်ကြောင့် eBook အနေဖြင့် ပိုမို သင့်လျော်ပါတယ်။

ဒီ eBookလေးမှာ စာသားတွေအပြင် ကမ္ဘာ့နေရာ အသီးသီးမှ ဓာတ်ပုံများဖြင့်လည်း ဂေဂေဆာဆာ တင်ဆက်ထားပါတယ်။ ထို့အပြင် နိုင်ငံပေါင်း ၂၂၉ နိုင်ငံရဲ့ ထူးခြားချက်တွေ၊ သွားရောင်လည်ပတ်သည့်အခါမှာ သိသင့်သည်များကိုပါ စုစည်း တင်ဆက်ထားပါသေးတယ်။ ကာလာ အပြည့်အစုံဖြင့် eBook ဖြစ်သည့်အလျောက် စာအုပ်ကို လိုသလို navigate လုပ်ရတာတို့၊ bookmark လုပ်ရတာတို့ ပိုမို လွယ်ကူစေမှာ ဖြစ်ပါတယ်။

iTunes Storeမှ ဝယ်ယူမည်ဆိုရင်တော့ iPad ပိုင်ရှင်ဖြစ်ဖို့ လိုအပ်ပြီး iOS versionကိုလည်း 5.0နှင့်အထက် ရှိဖို့ လိုအပ်ပါတယ်။

## New Games












### Batman Arkham City GOTY Edition

Genre - Open World, Action

နာမည်ကြီး Open World ဂိမ်း ဖြစ်တဲ့ Batman Arkham Cityကို Game of the Year Editionအဖြစ် ပြန်လည် ထုတ်လုပ်ထားပြီး Storyအသစ်နှင့် Challenge Missions အသစ်များ ထည့်သွင်းထားပါတယ်။ Harley Quinn's Revenge အမည်ရ Story Mode အသစ်မှာလည်း ကစားသူက Batman အစား Robin နေရာကနေ ဝင်ရောက် ကစားရမှာဖြစ်ပြီး Challenge Modeအတွက်လည်း ဇာတ်ကောင်အသစ်များ ပါဝင်ပါတယ်။

### Dishonored Dunwall City Trials

Genre - Stealth, Action

First Person Action နှင့် Stealth ဂိမ်းဖြစ်တဲ့ Dishonored ဂိမ်းရဲ့ DLC အသစ်ဖြစ်ပြီး Dunwall မြို့အတွင်း ဝင်ရောက် ကစားရမည့် Assassination Mission အသစ်များ ပါဝင်ပါတယ်။ Original Dishonored ဂိမ်းရဲ့ Update Version 2 လည်း တွဲဖက် ပါဝင်ပြီး မူလ Patch နှင့် Bug Fixများ ထည့်သွင်းထားပါတယ်။

### Test Drive Ferrari Racing Legends

Genre - Racing

Test Drive Racing ဂိမ်းစီးရီးရဲ့ နောက်ဆုံးထွက် Ferrari Racing ဂိမ်းဖြစ်ပြီး ခေတ်အဆက်ဆက်က Ferrari ကားများကို ဝင်ရောက် မောင်းနှင်ရမှာ ဖြစ်ပါတယ်။ Rally နှင့် Formula One အစရှိတဲ့ ပြိုင်ပွဲများမှာ ဝင်ရောက် ကစားနိုင်မှာပါ။

### Digimon Masters Online

Genre - MMORPG

MMORPG ဂိမ်းသစ် ဖြစ်ပြီး Joymaxရဲ့ Online Serverမှာ အခမဲ့ ဝင်ရောက် ကစားနိုင်ပါတယ်။ MMO ဂိမ်းအမျိုးအစား ဖြစ်လို့ အခြား Digimon Master များနှင့် ပူးပေါင်း ကစားရမှာ ဖြစ်ပြီး မိမိ Digimon တွေကိုလည်း စိတ်ကြိုက် Digivolve ပုံစံ ရွေးပြီး အဆင့် မြှင့်တင်နိုင်မှာပါ။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

# ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့် ပေးပြီဆိုရင်...

ယမင်းအေး



Image Credit: web2pointsomething.org

ယနေ့ကမ္ဘာမှာ စာနယ်ဇင်းတွေနဲ့ ပုံနှိပ်ဖြန့်ချိရေးလုပ်ငန်းတွေဟာ စိုးရိမ်စရာကောင်းလောက်အောင် အဆမတန်ဆုတ်ယုတ်ကျဆင်းလို့ လာနေတာတွေ့ရှိနေရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတဲ့ စဉ်းစားစရာအချက်တွေလည်းဖြစ်ပေါ်လို့ လာနေပါပြီ။ ယခုပွင့်လင်းလာပြီဆိုတဲ့အတိုင်း စီးပွားရေးလုပ်ငန်းရှင် အတော်များများကလည်းကောင်း၊ ပိုက်ဆံရှိသူတိုင်းကလည်းကောင်း ပုံနှိပ်မီဒီယာ လောကဘက်သို့ ရှေ့ဦးလှည့်လို့ လာနေပြီလို့ ဆိုရမယ်ထင်ပါတယ်။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွေကလည်း ဈေးကွက် အေးတယ်လို့ သတင်းတွေ ကြားနေရတဲ့ကြားထဲ ဂျာနယ်အသစ်တွေ ထုတ်ဝေဖို့ တာစူနေကြတာကလည်း ဒုန်းဒေး ပါပဲ။ ဒီတော့ စဉ်းစားစရာတွေက တောင်လို ပုံလာခဲ့တယ်ပေါ့။

လက်ရှိ စာပေနယ်ထဲက သူတွေက ဈေးကွက် အေးတယ်လို့ ပြောနေတဲ့ကြားက ဒီလောကကို ဝင်တိုးလာတယ်ဆိုတော့ အတော်တော့ ထူးဆန်းမနေဘူးလား။ ဟော ဒီကြားထဲ ဂမ်းသာစရာ သတင်းတစ်ခု မကြာခင်က ထပ်မံ ကြားသိခဲ့ရပြန်တယ်။ ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့် ပေးတော့မယ်ဆိုတော့ ဂမ်းသာသလိုလို ဂမ်းနည်းသလိုလို ဘယ်လိုမှန်း မသိ စိတ်ထဲက ခံစားမိတယ်။ ဂမ်းသာတယ်ဆိုတာက အမှန်တကယ် ပြည်သူတွေကြားကို ပြည်သူ့သတင်း အစစ်အမှန်တွေ ချပြခွင့် တကယ်ရကြတော့မှာလား ဒါမှမဟုတ် ထုတ်ဝေခွင့်သာ ပေးလိုက်မယ် သတင်းတွေကို ကန့်သတ်ချက်တွေနဲ့ သတ်မှတ်နေဦးမလားဆိုတဲ့ ဂမ်းနည်းတဲ့ စိတ်လို့ ခေါ်မလား။ ဘယ်လို ပြောရမလဲ။ အဲလိုတွေ စိတ်က ဒွိဟ ဖြစ်နေမိတယ် ဆိုပါတော့။

ခုနောက်ပိုင်း နည်းပညာ တိုးတက်လာတာနဲ့အမျှ စာအုပ်စာပေတွေကို အလွယ်တကူ အင်တာနက်ကနေ ဖတ်ရှုသူများလာတော့ အပြင်စာအုပ် ဈေးကွက် အေးနေတယ်လို့ ပြောကြပေမယ့် ကျွန်မတို့လို စာအုပ် ကိုင်ဖတ်မှ စာပေရဲ့ အနစ်သာရကို ပြည့်ပြည့်ဝဝ ခံစားရတယ်လို့ စိတ်က သတ်မှတ်ထားမိတာ ဘာကြောင့်လဲဆိုတော့ လိုချင်တဲ့ စာအုပ် ကိုင်လိုက်တိုင်း သုံးထောင်၊ လေးထောင်အထက်တွေ ချည်းပဲ ဖြစ်နေတော့ လုပ်ခစား ဂန်ထမ်းအနေနဲ့ အမြဲ မဂယ်နိုင်တဲ့ဘဂ ဖြစ်နေမိလို့ အားမလို အားမရ ဖြစ်နေမိတယ်။ အွန်လိုင်းကလည်း သတင်းတွေက အချိန်နဲ့တစ်ပြေးညီ ဆိုသလို အမြဲတက်နေတော့ မီဒီယာသမားတွေအတွက် သတင်းက နောက်မှ ရောက်နေသလိုတောင် ဖြစ်နေတယ်။ ဥပမာ - ငလျင်လှုပ်တဲ့ သတင်းတွေ အွန်လိုင်းမှာ အရင်တက်ပြီးမှ နောက်ရက် ဖြန့်တဲ့ ဂျာနယ်စာစောင်တွေမှာ ပါလာတာတွေ၊ နောက် ရွှေတိဂုံဘုရားပေါ်မှာ လင်းတ နားတဲ့ ကိစ္စတွေပဲ ကြည့်ဦးမလား။ အွန်လိုင်းမှာ အရင်တက်ပြီးမှ စာစောင်တွေမှာ ပါလာတယ်။ တကယ်လို့သာ ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့်သာ ရခဲ့ရင် သတင်းဦး၊ သတင်းထူးများကို မကွယ်မဂှက်ဘဲ ပြည်သူတွေဆီကို အရင်ဦးဆုံး ချပြနိုင်ခဲ့မယ် ဆိုရင်တော့ ဒီ ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းတွေကို ကယ်တင်နိုင်ဖို့အတွက် ပုံနှိပ်လုပ်ငန်းတွေ ဦးမော့လာအောင် ငွေပင်ငွေရင်း စိုက်ထုတ်မြှုပ်နှံပေးပြီး တွန်းအားပေးရုံနဲ့လည်း မပြီးသေးဘဲ သတင်းစာဆိုတဲ့အတိုင်း သတင်း အမှန်အကန် ပေးနိုင်ဖို့ကို ဦးစားပေးဖို့လည်း အဓိကကျ မနေဘူးလား။

ဟုတ်ပါပြီ။ ထုတ်ဝေခွင့် ရခဲ့ကြပြီဆိုပါတော့။ ဘယ်လို သတင်းမျိုးတွေ ထုတ်ကြမလဲ။ သတင်းဆိုတဲ့ အတိုင်း သတင်းအမျိုးမျိုး ရှိကြမှာပဲ။ သတင်းဖြစ်ပြီးရော အရှုံးချိုးပန်း လျှောက်ရေးလို့တော့ ပုဂ္ဂလိက သတင်းစာ ထုတ်ဝေခွင့် ပေးလာလည်း အကြောင်းမထူးဘူးလို့ ထင်မိပါတယ်။ ကျွန်မခံယူထားတာ ပြောရရင်တော့ ဒီအကြောင်းနားလည်လို့လား ဆိုတော့လည်း နားလည်လို့ရယ် မဟုတ်ဘူး။ သတင်းအရှင်နှင့်သတင်းအသေလို့ သိမှတ်ထားမိတယ်။ ဒီတော့ သတင်းအရှင်ကို ဦးစားပေး ရေးကြမှာလား။ သတင်းအသေကို ဦးစားပေး ရေးမှာလား အရင်ဆုံး သုံးသပ်ကြည့်ကြမယ်ဆိုရင်ဖြင့် လူနှစ်ယောက် ရန်ဖြစ်နေတာလည်း သတင်းပဲ။ ဖြစ်စဉ်ကို ခဏ ရပ်ကြည့်နေတဲ့ သူတစ်ယောက်က လမ်းမှာ တွေ့တဲ့သူ တစ်ဦးကို ပြောမယ်။ ဟိုနားမှာ လူနှစ်ယောက် ရန်ဖြစ်နေတယ်။ ဒါဆို အပြောခံရတဲ့သူက သွားထပ်ကြည့်မယ်။ ပြီးတော့ သူက ဒီတိုင်း မနေဘူး။ လက်ရှိမှာ လူနှစ်ယောက် ရန်ဖြစ်နေတယ်။ ဘယ်နေရာမှာ ဘယ်အချိန်က ဘာအကြောင်းနဲ့ စပြီး ရန်ဖြစ်နေကြသလဲ။ ဖြန်ဖြေရင် အချိန်မှီသေးတယ်လို့ သူ ယူဆရင် ယူဆမယ်။ ဒါကို ပြန်သုံးသပ်မယ်ဆိုရင် လက်ရှိလည်း ဖြစ်နေတယ်။ ပိုပြီး တိကျအောင် ထပ်မံ စုံစမ်းနေမှုက ရတဲ့ ရလဒ်ကတော့ အမှန်တကယ် သတင်းအရှင်ပဲ။ သတင်းအသေလို့ ကျွန်မ ယူဆထားမိတာကတော့ အားလုံး အများသိကြတဲ့ အတိုင်းပါပဲ နိုင်ငံသိ၊ ပြည်သိ၊ ကမ္ဘာသိ ဖြစ်သွားတဲ့ ကျွန်မတို့ အားလုံး မထင်မှတ်ဘဲ တွေ့ကြုံရင်ဆိုင်ခဲ့ရတဲ့ မေလ ၂ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့် အချိန်ရဲ့ အဖြစ်အပျက်သွားတဲ့ နာဂစ် မုန်တိုင်းကြီးပါပဲ။ ပြင်ဆင်ခွင့်လေးတောင် မရှိခဲ့ဘဲ ယနေ့အချိန်အထိ ရင်ထဲ တုန်လှုပ်စွာ ခံစားခဲ့ရတဲ့ အသက်သွေးပေါင်းများစွာက သာဓက ပြနေတယ်လို့ ယူဆမိတဲ့အတွက် သတင်းတော့ သတင်းပဲ သတင်းက ပြင်ဆင်ခွင့် မရှိတော့တဲ့ သတင်းအသေ ဖြစ်နေတာကို မျက်ဂါးထင်ထင် တွေ့မြင်ကြရတာ ဖြစ်ပါတယ်။ ဒီတော့ ကိုယ်ပေးတဲ့ သတင်းက ဘယ်လို အကျိုးရှိမလဲဆိုတာ ထုတ်ဝေခွင့်သာ ရခဲ့မယ်ဆိုရင် လက်တွေ့ကျကျ လုပ်ဆောင်ကြမှသာ ထုတ်ဝေခွင့် ပေးရကျိုးနပ်မှာ အမှန်ပဲ ဖြစ်ပါတယ်။

ဘယ်လောက်ပဲ အွန်လိုင်းပေါ်က မီဒီယာသမားများ သတင်းတွေ အရင် တင်နေပါစေဦးတော့ အားကိုးနိုင်လောက်တဲ့ သတင်းရင်းမြစ်တွေလို့ ဆိုနိုင်မှာလား။ သူတို့တွေက ပြည်သူတွေရဲ့ အတိတ် မှတ်တမ်း မှတ်ရာတွေကို ရှာဖွေဖော်ထုတ်နိုင်စွမ်း ရှိကြသလား။ လူထု အစည်းအဂေးတွေကို မပျက်မကွက် တက်ရောက်နေကြသလား။ အာဏာ ရှိသူတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေ လုပ်နိုင်မှာလား။ သဘာဂ ဘေးအန္တရာယ် ကျရောက်တဲ့ ဒေသတွေကို အပြေးအလွှား သွားနိုင်ကြမှာလားဆိုတဲ့ မေးခွန်းတွေက အလေးထား စဉ်းစားသင့်တဲ့ အချက်တွေ ဖြစ်တဲ့အပြင် မှန်ကန်မှုကို တာဂန် ယူရဲလား ဆိုတာလည်း ထည့်စဉ်းစားရမယ့် အချက်တွေ ပါပဲ။

သေသေချာ စဉ်းစားကြည့်ရင် ငွေမရှိဘဲနဲ့လည်း ဘယ်လို လုပ်ငန်းမျိုးမှ တောင့်ခံနိုင်မှာ မဟုတ်ပါဘူး။ အဲ ငွေရှိတဲ့ သူတွေကျတော့လည်း မီဒီယာလောက အကြောင်းကို ဂဃနဏ မသိပဲ ဂျာနယ်၊ သတင်းစာ လောကထဲ ဂင်လာနေကြရင် စာပေမြတ်နိုးမှု မရှိဘဲ စီးပွားရေးတစ်ခုဘဲ ကြည့်ဖို့ဆိုတာ တကယ်တော့ မဖြစ်နိုင်တဲ့ ကိစ္စရပ် တစ်ခုပါပဲ။ သို့ပေမယ့် တကယ်တမ်း ဆန်းစစ် ကြည့်ပြန်တော့ အစိုးရရဲ့ ငွေကြေးထောက်ပံ့မှု များများစားစား ရရှိနိုင်တဲ့ သတင်းဌာနတွေကလည်း ရှားရှားပါးပါး အစိုးရအာဘော် သတင်းဌာနတွေ ဖြစ်နေကြတာ တွေ့ရပြန်တယ်။ ယခု ပွင့်လင်းလာပြီလို့ ပြောနေပေမယ့် အငွေ့အသက်ကတော့ ဒီသတင်းဌာနတွေမှာ နည်းနည်းလောက် ကျန်နေသေးဦးမယ်လို့ ထင်မြင်မိတာပါပဲ။ ဘယ်လိုပဲ ဖြစ်ဖြစ် ပုဂ္ဂလိက သတင်းစာ ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းတွေဟာ အစိုးရရဲ့ ငွေကြေး ထောက်ပံ့မှုကို မှီခို မနေခဲ့ဘူး ဆိုရင်ကော အစိုးရသတင်းစာထက် သူတို့ကို သတင်းဦး သတင်းထူးတွေ ဖြန့်ချိခွင့်ပေးမှာလား ဆိုတာလည်း ပြည်သူတစ်ဦးအနေနဲ့ သိချင်မိတာ ရှိသလို ထုတ်ဂေခွင့် ရခဲ့ရင်လည်း စာဖတ်သူတွေအတွက် သင့်တင့်မျှတတဲ့ လှုတန်းစားမရွေး ဖတ်ရှုနိုင်ရန် အခကြေးငွေကိုလည်း ထည့်သွင်း စဉ်းစားပေးပါလို့ ပြောရင်းနဲ့ ပြည်သူတွေ မျက်မှောက်သို့ ပြည်သူ့အရိပ် ပြည်သူ့သတင်းစာအဖြစ် ဘယ်တော့များမှ ရောက်ရှိလာမလဲလို့ မျှော်လင့်စောင့်စားနေမိပါတော့တယ်။

NEW YEAR.
NEW YOU.
NEW KNOWLEDGE.
NEW SUBSCRIPTION.

GET 1 MONTH FREE FOR ONE YEAR SUBSCRIPTION.

CALL NOW 01-430-897, 01-553-918 OR CIRCULATION@MYANMARICT.COM

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Samsung, Huawei, Iphone 3gs/4/4s/5, Nokia, HTC, Sony Ericsson, Ipod 4g 5g, Ipad/1/2/3 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Laptop,Notebook Netbook, MacbookPro,Macbook Air, Samsung Galaxy Tablet, External Hardisk, PSP Gold PSP Vita |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-376420, 01-376427 |

| | |
|---|---|
| Condition | Used |
| Description | Samsung, Huawei, Iphone, Nokia, HTC, Sony Ericsson, Ipod, Ipad |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Laptop,Notebook Netbook, MacbookPro,Macbook Air, Samsung Galaxy Tablet, External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-48-106 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Sony PSP 2000 |
| Quantity | 1 |
| Price | K 60,000 |
| Contact | 09-51-78-391 |

| | |
|---|---|
| Condition | Used |
| Description | HTC DROID Incredible 2 ( For CDMA 800 & GSM & WCDMA) |
| Quantity | 1 |
| Price | K 160,000 |
| Contact | 09-450-039-844 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Samsung Galaxy Note 10.1 |
| Quantity | 1 |
| Price | K 380,000 |
| Condition | Used |
| Description | New Samsung Galaxy S3 White (32GB) |
| Quantity | 1 |
| Price | K 350,000 |
| Condition | Used |
| Description | Acer Aspier 4743 Core i3 |
| Quantity | 1 |
| Price | K 280,000 |
| Condition | Used |
| Description | iPhone 4G 16GB White With Original Accessories |
| Quantity | 1 |
| Price | K 290,000 |
| Condition | Used |
| Description | iPhone 4S 16GB White White Original Accessories |
| Quantity | 1 |
| Price | K 380,000 |
| Condition | Used |
| Description | iPhone 3GS 32GB With Original Accessories & Back Covers |
| Quantity | 1 |
| Price | K 190,000 |
| Condition | Used |
| Description | Toshiba Satellite J10 Laptop(Intel Pentium 4 2.0 Ghz Ram 512 H.D.D 40GB, Display 15" WiFi Bettery Time 30 Min) |
| Quantity | 1 |
| Price | K 120,000 |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။

| | |
|---|---|
| Condition | Used |
| Description | Used iPhone 3GS/4G/4S/5, iPad 1/2/3/4/Mini (Wifi Only & Wifi +3G) iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | External Hard disk, All Kind of China 3G Tablet & Portable Video Camera and DVCam |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung S Plus S2 S3 Galaxy Note Note2, SonyEricsson, HTC, Huawei |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop, Laptop, Notebook, NetBook, Ultrabooks, Mac Book Pro, Mac Air, iMac, Mac Mini, Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-48-106 |

| | |
|---|---|
| Condition | Used |
| Description | Iphone, Samung, HTC, LG, Sony, Huawei, Nokia, Ipad, Ipod |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Notebook, Macbook Pro, Macbook Air, Laptop, Netbook, All kind of Tablet & PSP |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-51-78-391 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။ အလဲထပ်လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/3G/3GS /4G/4S/5, iPad 1/2/3/4/Mini (Wifi Only & Wifi +3G), iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC, All in one PC, Notebook, NetBook, Used Mac Book Pro, Mac Air, iMac, Mac Mini, Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung, SonyEricsson, HTC, Huawei, Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။

| | |
|---|---|
| Condition | Used |
| Description | Iphone 5, Iphone 4gs, 3gs, Samsung Note II, Note I, S3, S2, Splus, Ace, HTC, Song ericssion, sony xperia and etc. |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | New Ipad 1, Ipad 2, Ipot, and Samsung Tablet. |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09448003125, 09448003124, 09448002976 |
| Condition | Used |
| Description | Ipod 4g/5g, Ipad1/2/3, Iphone 3gs/4g/4s/5g |
| Quantity | 1 |
| Price | K 160,000 |
| Contact | 09-51-78-391 |

# လူငယ်များအတွက် ကိုယ်ကျင့်တရားနှင့် စီးပွားရေးအတွေးအခေါ် ကောင်းစေဖို့ (Ethics & Entrepreneurial Idea for Youth)မှ ကောက်နုတ်ချက်များ

မနောဖြူလေး




စွန့်ဦးတီထွင် ဦးရဲမြင့်ရဲ့ လူငယ်များအတွက် ကိုယ်ကျင့်တရားနှင့် စီးပွားရေးအတွေးအခေါ် ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောခဲ့တဲ့ ဟောပြောချက်တွေကို နှစ်သစ်မှာ ပြည်တွင်းမှ လူငယ်တွေ အားလုံးအတွက် အကျိုးရှိမည်ဟု ယုံကြည်ချက်ဖြင့် ကောက်နုတ် တင်ပြလိုက်ပါတယ်။

ဟောပြောပွဲက ထူးခြားတဲ့ ဟောပြောပွဲ တစ်ခု ဖြစ်ကြောင်း စပြောခဲ့ပြီး၊ အကြောင်း အရင်းကတော့ ထားဝယ်သား နှစ်ယောက် အတူတူ ဟောပြောရလို့ ဖြစ်ပါတယ်တဲ့။ ဒေါက်တာအောင်ထွန်းသက်လည်း ထားဝယ်သား ဖြစ်သလို သူကလည်း ထားဝယ်သား ဖြစ်နေလို့ပါပဲ။

ဆက်လက်ပြီး ဦးရဲမြင့်မှ ဟောပြောရခြင်းရဲ့ ရည်ရွယ်ချက်က ကိုယ်ကျင့်တရားနှင့် စီးပွားရေး အတွေးအခေါ်ကို သဘောတရားပိုင်းရော၊ လက်တွေ့ပိုင်းပါ `သိ - ရှိ - နားလည် - လက်ခံ- လိုက်နာ - ကျင့်သုံး' နိုင်ကြစေရန် ဖြစ်တယ်လို့ ဆိုပါတယ်။

ကိုယ်ကျင့်တရားနှင့် ပတ်သက်ပြီး ဟောပြောရာမှာတော့ ကိုယ်ကျင့်တရား ဆိုတာ မှန်တာကို လုပ်ဖို့အတွက် ဖြစ်ကြောင်း၊ ကျွန်တော်တို့ ပေးဆပ်ရမယ့်ဟာက ကျွန်တော်တို့ ပေးချင်တာထက် များနေတဲ့အခါ၊ အဲဒီ စိန်ခေါ်မှုကို ဘယ်လို ရင်ဆိုင်မလဲ။ အဲဒါ ကိုယ်ကျင့်တရား (Ethics)ဘဲ ဖြစ်တယ်ဟု ပြောခဲ့ပါတယ်။

ကိုးကားပြီး ပြောတာတွေ များပေမယ့် အရေးကြီးတဲ့ အချက်တွေထဲက မှတ်မိတာလေးတွေ မျှဝေပါမယ်။

"Ethics" ကျင့်ဝတ် ဆိုသည်မှာ လူတစ်ဦး၏ အပြုအမူအပေါ် ထိန်းချုပ်ထားသော စိတ်ပိုင်းဆိုင်ရာ အခြေခံမှုပင် ဖြစ်ကြောင်း၊ (တစ်နည်းအားဖြင့်) လူတို့၏ အမှားအမှန် ဆုံးဖြတ်နိုင်သော၊ ဆင်ခြင်တုံတရားပေါ် အခြေပြုသည့် စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ် (Moral Philosophy) တစ်ခုပင် ဖြစ်ကြောင်း ရှင်းပြခဲ့ပြီး၊ ကိုယ်ကျင့်တရား လက္ခဏာ (၂) ခုကတော့

၁။ အမှားနဲ့ အမှန်၊ အကောင်းနဲ့ အဆိုး၊ ယဉ်ကျေးတာနဲ့ ရိုင်းစိုင်းတာကို ခွဲခြားသိတဲ့ အရည်အချင်း။

၂။ မှန်တာ၊ ကောင်းတာ၊ ယဉ်ကျေးတာကို လုပ်ဖို့ သန္နိဋ္ဌာန်တို့ပဲ ဖြစ်တယ်လို့ ဟောပြောခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံ ကြီးပွားတိုးတက်ဖို့အတွက်၊ စီးပွားရေးလုပ်ငန်းတစ်ခု ကြီးပွားတိုးတက်ဖို့အတွက်၊ မိသားစုတစ်စု ကြီးပွားတိုးတက်ဖို့အတွက် ကိုယ်ကျင့် သီလ ဆိုတဲ့ အုတ်မြစ်ပေါ် တည်ဆောက်ဖို့ လိုကြောင်း၊ ဒီ ကိုယ်ကျင့်သီလဟာ ကြီးပွားတိုးတက်ဖို့အတွက် အဓိက အစိတ်အပိုင်းဖြစ်ကြောင်း၊ အဓွန့်ရှည်ဖို့နဲ့ ကြီးပွားတိုးတက်ဖို့ တစ်ခုတည်းသော အာမခံချက်အဖြစ် သတ်မှတ်ရမည်ဟု ဖွင့်ဆိုခဲ့ပါတယ်။

ခေါင်းဆောင်ကောင်းနှင့် ပတ်သက်ပြီး ရှင်းပြရာမှာတော့ ခေါင်းဆောင်ကောင်း ဆိုတာ မွေးရာပါ ဗီဇလည်း မဟုတ်၊ ဉာဏ်ကောင်းတာလည်း မဟုတ်၊ အရည်အချင်းလည်း မဟုတ်၊ ပင်ကို စွမ်းရည်လည်း မဟုတ်၊ စိတ်နေ သဘောထား (Attitude) ကောင်းတာကို ဆိုလိုတာ ဖြစ်ကြောင်း The winner's Edge by Denis Waitleyရဲ့ မိန့်ဆိုမှုများကို ပြန်လည် မျှဝေပေးခဲ့ပါတယ်။

ကိုယ်ကျင့်တရားကို ဘာသာရေး ရှုထောင့် အမြင်ကနေ ကြည့်ရင်ဆိုပြီး စိတ်ဝင်စားဖွယ် ပြောဆိုခဲ့ပုံလေးကိုလေး ဖော်ပြပေးပါဦးမယ်။

ဗုဒ္ဓဘာသာ - သင် နာကျင်သည့် အရာဖြင့် သူတစ်ပါးကို မနာကျင်စေနှင့်။

ခရစ်ယာန်ဘာသာ - သင့်အပေါ်မှာ လူတွေက ပြုမူစေချင်သလို သင်က သူတို့အပေါ် ပြုမူပါ။

အစ္စလာမ်ဘာသာ - သင့်ကိုယ်သင် ချစ်သလို၊ သင်၏ အိမ်နီးချင်းကို မချစ်နိုင်သေးသရွေ့ သင်သည် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်သူ မဟုတ်သေးပါ။

ဟိန္ဒူဘာသာ - သင့်အပေါ် သူတစ်ပါးက မပြုစေလိုသော အရာကို သင်က သူတစ်ပါးအပေါ် မပြုမူပါနှင့်။

ဂျူးဘာသာ - သင်ကိုယ်တိုင် မနှစ်မြို့သော အရာကို အခြားသူများအပေါ် မပြုလုပ်ပါနှင့် ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဘာသာအားလုံး တူညီသော အချက်တွေကို ဆန်းစစ်ကြည့်လိုက်မယ်ဆိုရင် - Empathy `စာနာစိတ်´၊ Understanding of another's feelings `ခံစားနားလည်စိတ်´၊ Compassion `ဂရုဏာစိတ်´တို့ ရှိခြင်းလို့ သုံးသပ်နိုင်ပြီး ၎င်းတို့ဟာ `ကိုယ်ကျင့်တရား ကောင်းခြင်းရဲ့ အခြေခံ´များပင် ဖြစ်တယ်လို့ ဆိုပါတယ်။

ဆက်လက်ပြီး လူ မှာ သုံးမျိုး ရှိတယ်လို့ ဆိုပြီး၊

၁။ မအောင်မြင်တဲ့လူ။ (Those who don't succeed)

၂။ အောင်မြင်မှုကို ယာယီရတဲ့လူ။ (Those who achieve success temporarily)

၃။ အောင်မြင်မှုကို ရအောင်နဲ့ မြဲအောင် လုပ်နိုင်တဲ့လူ။ (Those who become and remain successful)တို့ ဖြစ်ကြောင်းနှင့် ကိုယ်ကျင့်တရား ကောင်းသူသာ နံပါတ် (၃)ကို ရနိုင်မှာ ဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ပညာရှင်များ၏ ဖွင့်ဆိုချက်အရ `ပညာရေး´ ဆိုတာ နိုင်ငံသားကောင်း (Good Citizen) မွေးထုတ်ခြင်းကို ရှေးဂရိခေတ်မှသည် မျက်မှောက် ခေတ်ပညာရေးဒဿနထိ လက်ခံထား ပါကြောင်း၊ နိုင်ငံ့သားကောင်း ဆိုတာ `ကိုယ်ကျင့်တရား´ (Ethics) ကောင်းပြီး နိုင်ငံအကျိုး၊ အများအကျိုးကို လိုလားတဲ့ စိတ်ထား အခြေခံပြီး အလုပ်လုပ်တဲ့သူ ဖြစ်ကြောင်း၊ ဒါကြောင့် ကိုယ်ကျင့်တရား ကောင်းမှ နိုင်ငံ့သားကောင်း ဖြစ်မည်ဟု ပြောကြားခဲ့ပါတယ်။

ဂုဏ်သိက္ခာနှင့် ပတ်သက်ပြီး ဟောပြောချက်မှ အတုယူစရာ တစ်ခု ကတော့- `ကိုယ့်မှာ ရှိတာလေးနဲ့ လောက်အောင် နေတာလောက် အထင်ကြီးစရာ ကောင်းတဲ့ ဂုဏ်သိက္ခာ မရှိဘူးဟု အမေရိကန်သမ္မတ တစ်ဦးရဲ့ အဆိုကို မျှဝေခဲ့ခြင်းပါပဲ။

(There is no dignity quite so impressive as living within your means)

Calvin Coolidge

(30th President of USA)

အံ့မခန်းဖွယ် မြန်နှုန်းဖြင့် ပြောင်းလဲနေသည့် ယနေ့ မြန်မာပြည်အတွက် မကြာမီ မျှော်လင့် ရင်ဆိုင် ရတော့မည်များကိုလည်း တင်ပြသွားပါသေးတယ်။ ၎င်းတို့မှာတော့ CAFTA: CHINA ASEAN FREE TRADE AREA/AGREEMENT (2015)၊ AFTA: ASEAN FREE TRADE AREA/ AGREEMENT (2013)၊ AEC: ASEAN ECONOMIC COMMUNITYတို့ ဖြစ်တယ်။

အဲဒီနောက်မှာတော့ Labor Market အကြောင်း ဆက်လက် ရှင်းပြသွားပါတယ်။ 2015 ခုနှစ်မှာ အာဆီယံဒေသအတွင်း လုပ်သားများ လွတ်လပ်စွာ လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်သားဈေးကွက် (Labor Market) အသက်ဝင်လာမည် ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ပညာတတ် company ဝန်ထမ်းများ စုပြုံဝင်လာမည် ဖြစ်သည့်အတွက်ကြောင့် ပြည်တွင်းမှာ ရသည့် ဘွဲ့က နိုင်ငံတကာ အဆင့်မီဖို့ လိုမည် ဖြစ်ပြီး။ နိုင်ငံတကာ အဆင့်မီသည့် ဘွဲ့၊ ဒီပလိုမာ၊ certificate ကို ရအောင်ယူထားဖို့လည်း လိုအပ်ကြောင်း၊ ဘွဲ့နှင့် ထိုက်တန်သော၊ တကယ့် အရည်အသွေးရှိရန် လိုလာမည်ဖြစ်ပြီး၊ နိုင်ငံခြား ပညာတော်သင် များများနဲ့ Scholarship များများ လွှတ်ဖို့ လိုအပ်မည်ဟု ရှင်းပြခဲ့ပါတယ်။

ဆက်လက်ပြီး ယနေ့ အားလုံးရဲ့ ပါးစပ်ဖျားမှာ အပြောများနေတဲ့ ပြိုင်ရင်ဘာဖြစ်မလဲဆိုတာနှင့် စပ်လျဉ်းပြီး ပြောကြားရာ၌ စီးပွားရေးလုပ်ငန်း အောင်မြင်ရန် လိုအပ်ချက်မှာ

(က) ငွေ

(ခ) ကံ

(ဂ) ကောင်းမွန်သော အကြံဉာဏ်

(ဃ) အထက်ပါအားလုံးတို့ ဖြစ်သည်။ဟုဆိုပြီး လာရောက် နားဆင်သူများအား - ကဲ ဒီလေးခုထဲက ဘယ်ဟာ ဖြစ်မလဲ၊ ရွေးချယ်ပေးကြပါဦးဟု ပြန်လည်မေးမြန်းခဲ့ပါတယ်။

စွန့်ဦးတီထွင် လုပ်ငန်းရှင်၏ `မရှိမဖြစ်´ အရည်အချင်းများကိုလည်း ချပြသွားပါသေးတယ်။

၁။ မြင့်မားသော ရည်မှန်းချက်ရှိခြင်း။

၂။ တီထွင်မှု၊ ဖန်တီးမှုရှိခြင်း။

၃။ တွက်ချက်ပြီးမှ စွန့်စားတတ်ခြင်း။

၄။ ရည်မှန်းချက်ပန်းတိုင် ချထားခြင်း။

၅။ စီမံကိန်းချဆောင်ရွက်တတ်ခြင်း။

၆။ အလုပ်များများ လုပ်တတ်ခြင်း။

၇။ ပြန်လည် သုံးသပ်တတ်ခြင်း။

၈။ အတွေ့အကြုံကို ပြန်လည်အသုံးချတတ်ခြင်း။

စွန့်ဦးတီထွင်လုပ်ငန်းရှင်၏ `လက်ရွေးစင် ကျွမ်းကျင်မှုများ´ကို ချပြရာမှာတော့

၁။ အဖြစ်မှန်နှင့် ဒဏ္ဍာရီကို ခွဲခြားနိုင်စွမ်း ရှိရမည်။ (ဥပမာ - 'ဒွေး' ဝင်စားတယ်ဆိုတဲ့ အကြောင်းအရာလိုမျိုး)

၂။ ဖြစ်ရပ်မှန်ကို ဆန်းစစ်နိုင်စွမ်း ရှိရမည်။

၃။ ဖန်တီးနိုင်စွမ်းရှိရမည်။

၄။ မရေရာမှုအပေါ် သည်းခံနိုင်စွမ်း ရှိရမည်။

၅။ အခွင့်အလမ်းကို ခွဲခြမ်း စိတ်ဖြာနိုင်စွမ်းရှိရမည်။

၆။ စီးပွားရေးလုပ်ငန်းကို စိစစ် သုံးသပ်နိုင်စွမ်း ရှိရမည်။

၇။ စီးပွားရေးလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်စွမ်း ရှိရမည်။

၈။ စီးပွားရေးလုပ်ငန်း မဟာဗျူဟာပိုင်းဆိုင်ရာ ကျွမ်းကျင်ရမည်။

၉။ ဝန်ထမ်းအလုပ်သမားများအား အကဲဖြတ်နိုင်စွမ်း ရှိရမည်။

၁၀။ ပတ်ဝန်းကျင်အခြေအနေများအား အကဲဖြတ်နိုင်စွမ်း ရှိရမည်။

၁၁။ လောကနီတိ၊ လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာ သုံးသပ်နိုင်စွမ်း ရှိရမည်။

၁၂။ ဆက်ဆံရေးကောင်းမွန်နိုင်စွမ်း ရှိရမည်။

၁၃။ ဆက်သွယ်ရေး ကွန်ရက် ဖြန့်ကျက်နိုင်စွမ်း ရှိရမည်။

၁၄။ ရလဒ်ကောင်းမွန်အောင် ဆောင်ရွက်နိုင်စွမ်း ရှိရမည်။ ဆိုပြီး အချက်အလက် ကျကျနနဖြင့် ဟောပြောခဲ့ပါတယ်။

လူငယ်များအဖို့လည်း စီးပွားရေး အတွေးအခေါ် `စ´ ပြီး ရှိလာဖို့ နိုင်ငံတော်က အလယ်တန်း ပညာအဆင့် (ပဥ္စမတန်း) ကတည်းက ဘောဂဗေဒကို အကြို မိတ်ဆက်ထားဖို့ လိုမည်ဖြစ်ကြောင်း၊ (ဥပမာ) ဟန်ဂေရီနိုင်ငံမှာ Entrepreneurship Educationကို အလယ်တန်းမှ စတင် သင်ပေးကြောင်း၊ ရိုမေးနီးယား နိုင်ငံမှာလည်း Entrepreneurial studyကို အလယ်တန်းမှ စသင်ပေးပါကြောင်း ရှင်းပြခဲ့ပါတယ်။

ပညာတတ်ပြီး အတွေ့အကြုံကောင်းများရှိသော အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များကိုလည်း တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်း ကျောင်းများတွင် ဟောပြောပေးဖို့ လိုမည် ဖြစ်ကြောင်း တိုက်တွန်းလိုက်ပါသေးတယ်။

ပြီးနောက် ကျောင်းများ၊ စာကြည့်တိုက်များတွင် Entrepreneurshipနှင့် ပတ်သက်သော စာအုပ်စာတမ်း မဂ္ဂဇင်း၊ ဂျာနယ်များ စုံလင်စွာ ထားပေးရန် လိုအပ်ကြောင်း၊ စင်္ကာပူလို နိုင်ငံရှိ ကျောင်းများတွင် သိပ္ပံနှင့် သင်္ချာကို အထူး အလေးပေး သင်ကြားသလို၊ မြန်မာနိုင်ငံတွင် စီးပွားရေးဘာသာရပ်ကို အလေးထား သင်ကြားပေးဖို့ လိုအပ်မည် ဖြစ်ကြောင်း ဟောပြောခဲ့ပါတယ်။

လူငယ်များ လမ်းကြောင်းမှန်ရောက်ဖို့ အတွက်လည်း အချက်အလက်များဖြင့် တင်ပြခဲ့ပါသေးတယ်။

၁။ ပညာကို တန်ဖိုးထားတတ်ပြီး မွေးကတည်းက သင်ရန် လိုသည်။

၂။ မည်သည့်တက္ကသိုလ်၊ မည်သည့် ပညာရပ် သင်ရမည်ကို နားလည်တတ်သိသူနှင့် ဆွေးနွေး မေးမြန်းဖို့ လိုပါသည်။

၃။ ရောက်သည့်နေရာတွင် ထူးချွန်အောင် ကြိုးစားဖို့ လိုပါသည်။

၄။ ပညာသင်ဆု ရအောင် နည်းမျိုးစုံနှင့် ကြိုးစားဖို့ လိုပါသည်။

၅။ နိုင်ငံခြားတွင် အလုပ်လုပ်၊ ပိုက်ဆံစု၊ ပညာစု၊ အဆက်အသွယ်ရှာ၊ ပြန်လာဖို့ လိုပါသည်။ (Brain Gain)

၆။ အစိုးရကလည်း ဖိတ်ခေါ်၊ ပြန်လာလျှင်လည်း ထိုက်တန်စွာ နေရာပေးဖို့ လိုပါသည်။

၇။ အင်္ဂလိပ်စာနှင့် တရုတ်စာ ရအောင် လုပ်ထားဖို့ လိုပါသည်။

၈။ တိုးတက်နေသော အနီးနိုင်ငံ၊ အဝေးနိုင်ငံတို့၏ အခြေအနေကို မျက်ခြေမပြတ်ဖို့ လိုပါသည်။

၉။ စာများများ ဖတ်ကြဖို့ လိုပါသည်။

၁၀။ ဖွံ့ဖြိုး တိုးတက်ပြီး နိုင်ငံများမှ နည်းစဉ်များကို Adaptation လုပ်ဖို့ လိုပါသည်။

၁၁။ Foreign Exposure များများ ရအောင် လုပ်ဖို့ လိုပါသည်။

၁၂။ လူကောင်း လူတော် ဖြစ်ဖို့ လိုပါသည်။

၁၃။ High Aspiration ရှိဖို့ လိုပါမည်။

၁၄။ အစိုးရက ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှ အသိပညာရှင် အတတ်ပညာရှင်များကို ဖိတ်ခေါ်ကာ Seminar, Workshopများ ကျင်းပပေးဖို့ လိုသည်။ ဟူ၍ ဦးရဲမြင့်မှ ပွင့်လင်းဝေဆာစွာ အားပါးတရ ဟောပြောခဲ့ပါတယ်။

ပြောခဲ့တာတွေကတော့ အများကြီးပါပဲ။ ၅ နာရီ ဆိုပေမယ့် အချိန်က မလောက်တော့ ၅ နာရီ ခွဲထိ ရောက်သွားပါတယ်။ နောက်ဆုံး ပြောသွားတာလေးကတော့ တိုင်းပြည် တစ်ပြည်ရဲ့ ကျက်သရေက စာကြည့်တိုက် ဖြစ်ပြီး အိမ်တစ်အိမ်ရဲ့ ကျက်သရေကတော့ စာအုပ်စင်ပါပဲလို့ ဆိုပြီး၊ အစိုးရအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက် ကူညီလုပ်ဆောင်ပေးဖို့ အများကြီး ကျန်ရှိလိုအပ်နေသေးကြောင်း ပြောခဲ့ပါတယ်။

ထို့အပြင် ယနေ့ခေတ်ရဲ့ အဓိကကျတဲ့ မြန်မာလူငယ်များ အားလုံး ကိုယ်ကျင့်တရား ကောင်းမွန်ပြီး မှန်ကန်သော စီးပွားရေး အတွေးအခေါ်များနှင့် မှန်ကန်သော ဘဝလမ်းကြောင်းအပေါ် လျှောက်လှမ်းနိုင်ပါစေလို့ ပြောကြားခဲ့တာတွေကို ပြန်လည် ကြားယောင်ရင်း အိုင်စီတီ ပရိသတ်များတင်မက နိုင်ငံတစ်ဝှမ်းမှ မြန်မာ့ အနာဂတ်အတွက် နိုင်ငံ့သားကောင်းများ အများအပြား ပေါ်ထွန်းစေဖို့ ရည်ရွယ်ပြီး မျှဝေရေးသားလိုက်ရပါတယ် ရှင်။

# နှစ်သစ်မှာ မိတ်ဆွေအပေါင်းအသင်း တိုးပွားစေဖို့ သိသင့်သည်များ...

မနော်ဖြူလေး



Image Credit: loymachedo.com

လူ.... လူရယ်လို့ ဖြစ်လာရင် စား၊ ဝတ်၊ နေရေးအတွက် ရုန်းကန်ကြရမှာ အမှန်ပဲမလား။ အဲဒီအတွက် စီးပွားရေး၊ လူမှုရေးကလည်း တစ်ဖက်တစ်လမ်း ပါဝင်နေပြန်ပါရော... ကျွန်မ ပြောချင်တာက ဘာလဲဆိုတော့ လူတစ်ဦးတစ်ယောက်ဟာ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဆက်ဆံ တတ်ဖို့ အဓိက အရေးကြီးဆုံးပဲလို့ ထင်မိပါတယ်။ လူမှုပေါင်းသင်းဆက်ဆံရေး ဆိုတဲ့နေရာမှာ အရေးပါနေလို့ပါပဲ။ ဒါပေမယ့် ဆက်ဆံရေးမှာ မိမိအား တစ်ဖက်လူ အထင်ကြီး လေးစားအောင် လုပ် မယူသင့်သလို အထင် သေးအောင် လည်း မနေသင့်ဘူးလို့လည်း မြင်မိ တယ်လေ။ အရှိကို အရှိအတိုင်း ကိုယ့်ရဲ့စိတ်သဘာဝအတိုင်း ပြုမူ ဆောင်ရွက်ရင် လူအများနဲ့ သဟဇာတ တည့်နိုင်ပါတယ်။

လူအများကြား အမြဲ လက်မထောင်ချင် နေလို့ မရပါဘူး။ မိမိ ခြေချော်လက်ချော် ရှုံးနိမ့်သွားခဲ့သည့်အခါမျိုး တစ်ပါးသူရဲ့ ကဲ့ရဲ့ရှုံ့ချခြင်းကို ခံရနိုင်ပါတယ်။ အဲဒီလိုပဲ စစ်မှန်တဲ့ ခင်မင်မှုကသာ အပေါင်းအသင်း အစစ်အမှန် ဖြစ်စေပါတယ်။ မိတ်ဆွေမှာ တစ်ဦးကို တစ်ဦး အထင်ကြီး လေးစားမှု ရှိမှ ခင်မင်မှုဟာ ကြာရှည် ခိုင်မြဲတာပါ။ ကိုယ်က အထင်သေးအောင် ပြုမူ ပြောဆို နေထိုင်မိရင် မိတ်ဆွေ အပေါင်း အသင်း ကြားမှာ အရေးမပါ အရာမရောက်တဲ့ လူဖြစ်သွားပါလိမ့်မယ်။ ဒီလိုပဲ ခင်မင်မှုနဲ့ အထင်ကြီးမှု ဆိုတာ ခွဲခြား မရပါဘူး။ ဘာတွေ အထင်ကြီးမှာလဲ ဟုတ်ပြီနော် စဉ်းစားစရာ လိုလာပါပြီ။ ငါဟာ ချမ်းသာတယ်။ မိသားစုက ဘယ်လို ဆိုတဲ့ ကြွားလုံး ဟိတ်လုံး ဟန်လုံးတွေဟာ တကယ် မဟုတ်ပဲနဲ့ ပြောခဲ့မိရင် ရေရှည် တည်တံ့နိုင်မှာလား။ အထင်ကြီးတယ် ဆိုတဲ့ စကားဟာ တာသွားတယ်နော်။ မိတ်ဆွေပဲ စဉ်းစားကြည့်လေ စိတ်ရင်းနဲ့ ခင်မင်ကြတဲ့ လူတွေကြားမှာ ဒါတွေ လိုအပ်သလား... ကျွန်မအတွက်တော့ မလိုအပ်ပါဘူး။ တစ်ဦးနဲ့ တစ်ဦး ခင်မင်တယ်၊ မိတ်ဆွေ ဖြစ်တယ်ဆိုတာဟာ စိတ်ရင်းကောင်းနဲ့ ဆက်ဆံကြလို့ပါ... သူဟာ ဘာမို့လို့ဆိုတဲ့ စိတ်အတွေး ဒါတွေ ထည့်ပြီး ဆက်ဆံ ခင်မင်တယ်ဆိုရင် ဒါဟာ ခင်မင်မှု အစစ်အမှန် ဖြစ်နိုင်ပါတော့မလား ဟုတ်ပြီနော်... အထင်သေးတယ် ဆိုတဲ့ နေရာမှာလဲ သူဟာ ဆင်းရဲလို့၊ ဝတ်ပြတ် နေလို့၊ မွဲတေနေလို့ဆိုတဲ့ ပညတ်ချက် ကြောင့် မဟုတ်ပါဘူး။ ဘာလဲ ဆိုတော့ သူများကို ညာလို့၊ နောက်တစ်ချက်က ငါ ဘာပြောပြော ယုံနေတာပဲ ဆိုတဲ့ မိတ်ဆွေတွေအပေါ် ထားတဲ့အတွေး မမှန်ကန်လို့ပဲ ဖြစ်ပါတယ်။ သူများကို ညာတယ်၊ လိမ်တယ် ဆိုတာ အမှန် ပြောရရင် အဲလို လူမျိုးဟာ တော်တော် သနားဖို့ကောင်းတဲ့ သူလို့ ဆိုရမယ် ထင်တယ်။ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားက ဟောထားတယ်လေ။ သူများကို ညာခြင်းဟာ မိမိ ကိုယ်ကိုယ်သာ လိမ်တာ ညာတာ ဖြစ်တယ်တဲ့။ အရင်ဆုံး မကောင်းမှုဟာ သူများဆီ မကျရောက်ပဲ ကိုယ်ပြုသော ကံ ကိုယ်သာခံဆိုတဲ့ အတိုင်း မိမိ ဘာမကောင်းတာ လုပ်လဲဆိုတာ စိတ်က အရင်ဆုံး သိနေလို့ပါပဲ။ ငါ သူများ ညာလို့ ရမယ် ငါ့ကိုယ် ငါ ညာလို့ မရပါလားဆိုတဲ့ အသိ ဝင်သွားပြီနော်။ ဒီတော့ နောက်တစ်ချက်က တစ်ဖက်လူက အထင်သေး အမြင်သေး ဖြစ်သွားအောင် မိမိသာ ဖန်တီးခြင်း ဖြစ်ပါတယ်။ တွေ့ကြုံ ဆုံကြ ခဏတာမှာ တစ်ဦးနဲ့ တစ်ဦး ဟန်ဆောင် မျက်နှာဖုံးတွေနဲ့ မရှိကို အရှိလုပ်၊ မသိတာကို အသိအတတ်လုပ်၊ ပြောခြင်းဟာ တစ်ဖက်လူရဲ့ အထင်အမြင် သေးခြင်းကို ခံရမှာပါ။

ဒါကြောင့် လူမှုပေါင်းသင်း ဆက်ဆံရေးမှာ အရေးကြီးဆုံးကတော့ စိတ်ကို စိတ်နဲ့ ပေါင်းခြင်းပါပဲ။ တစ်ဖက် လူက အထင်ကြီးအောင် လုပ်ယူစရာ မလိုသလို အထင်သေးအောင်လည်း မလုပ်သင့်ပါဘူး။

အဲဒီမှာ စဉ်းစားစရာအချက်တွေ ရှိပါတယ်။ ဘာလဲဆိုတော့ လူတွေကို ပိုပြီး စိတ်ချမ်းသာစေခြင်းသည် ပိုက်ဆံလား၊ ဒါမှမဟုတ် ပျော်ပျော်နေတတ်သော မိတ်ဆွေများနှင့် ကိုယ့်ရဲ့အနီးဝန်းကျင်က လူတွေလား။ ပျော်ပျော်နေတတ်သော မိတ်ဆွေများ ရှိခြင်းကြောင့် ကိုယ်တိုင် ကလည်း ပျော်ရွှင်ရကြောင်း လေ့လာမှု အသစ်တွင် တွေ့ရှိရပါတယ်။ အနေ အနီးအဝေးပေါ် မူတည်ပြီး မိတ်ဆွေများ အကြား အပျော် သက်ရောက်ပုံကလည်း ကွာပါတယ်။ ဥပမာ တစ်မိုင်ခန့်အကွာတွင် မိတ်ဆွေတစ်ယောက်နေလျှင် ပျော်ရွှင်မှု ၂၅ ရာခိုင်နှုန်း ရနိုင်ပြီး ကပ်လျက်တွင် ပျော်ပျော်နေတတ်သော သူတစ်ယောက် ရှိလျှင် အပျော် ၃၄ ရာခိုင်နှုန်းလောက် ရသည်လို့ ဆိုကြပါတယ်။ ထိုမိတ်ဆွေ များကြောင့် ရရှိလာသော ပျော်ရွှင်မှု သည်လည်း တစ်နှစ်ခန့် တာရှည်သည်ဟု ဆိုထားကြပြန်ပါတယ်။ သင်လည်း သင့်အနီးမှ ပျော်ရွှင်မှု ပေးနိုင်သော/ ပေးနေသော မိတ်ဆွေ သူငယ်ချင်းများကို အမြဲသတိရ အမှတ်ရနေမယ်လို့ ထင်မြင်မိပါတယ်။ လူတိုင်း မိမိဝန်းကျင်မှ မိတ်ဆွေ အပေါင်းအသင်းများကို ပျော်ရွှင်မှု ဝေမျှနေကြမယ်ဆိုရင် အားလုံးသည် ပျော်ရွှင်မှုနဲ့ အသက်ရှင်နေသူများ ဖြစ်ပါလိမ့်မယ်။

သင်လည်း ဘေးပတ်ဝန်းကျင်မှ မိတ်ဆွေသူငယ်ချင်းများနဲ့ ပျော်ရွှင်မှုကို ခုချက်ချင်းပဲ မျှဝေ ခံစားကြည့်ပါလား။ သင့်ရဲ့ ပျော်ရွှင်မှုသည် မိတ်ဆွေများထံမှတစ်ဆင့် မိသားစု၊ အိမ်နီးချင်း၊ အလုပ်အကိုင်အထိ ကူးစက် ပျံ့နှံ့ နေမယ်လို့ ကျွန်မ မြင်မိပါတယ်။ မယုံရင် စမ်းသပ် ကြည့်လိုက်ပါ။

နိုင်ငံတကာ သုတေသီတို့က ပျော်ရွှင်မှု သည် ကူးစက်တတ်သည်လို့ လေ့လာ တွေ့ရှိထားကြပါတယ်တဲ့။ အဲဒီမှာ ပြောစရာ ရှိလာပါလိမ့်မယ်။ ဝမ်းနည်းမှုကကော မကူးစက်တတ်ဘူးလား ဆိုတဲ့ မေးခွန်းပါပဲ။ ဝမ်းနည်းမှုသည်လည်း ကူးစက်တတ်သည် ဆိုသော်လည်း ပျော်ရွှင်မှုလောက် မဟုတ်ပေ။ ပျော်ရွှင်မှု သည် တစ်ဆင့်ပြီး တစ်ဆင့် သုံးဒီဂရီခန့် ရောက်သွားသည့်တိုင် အပျော်က သက်ရောက်တုန်းပင် ဖြစ်ပါတယ်။ သုံးဒီဂရီ ဆိုသည်မှာ မိတ်ဆွေ၏ မိတ်ဆွေမှတစ်ဆင့် အခြား မိတ်ဆွေတစ်ဦးထံ ရောက်သွားခြင်း ကို ဆိုလိုတာပါ။ ငွေပို ငွေလျှံ သိန်း ရာနဲ့ချီ ရှိခြင်းကလည်း လူတစ်ယောက်ကို ၂ ရာခိုင်နှုန်းလောက် ပျော်နိုင်သည်ဟု ပညာရှင်တွေက ဆိုထားကြပြန် ပါသေးတယ်။

ကျွန်မကတော့ ငွေကြေး အဲဒီလောက် မရှိတဲ့အတွက် ဘယ်လောက် ပျော်ရွှင်စရာ ကောင်းကြောင်း မသိသေးပါဘူး။ ဒါပေမယ့် ဒီအပျော်ကျတော့ သုံးဒီဂရီ မိတ်ဆွေထံမှ ရသည့် ပျော်ရွှင်မှုထက် မပိုကြောင်း သုတေသီတို့က ပြောကြပါတယ်။ အဲဒီမှာ စကားပုံတစ်ခုကို ကျွန်မ သတိရမိ ပြန် ပါတယ်။ ဘာလဲဆိုတော့၊ သင် ရယ်လျှင် အားလုံး လိုက်ရယ်လိမ့်မယ်။ သင် ငို လျှင်တော့ တစ်ယောက်ထဲ ငိုပေတော့ တဲ့။ ဒီတော့ စိတ်ချမ်းသာမှု ပေးတာသည်လည်း မိတ်ဆွေများထံမှလို့ သင် ယူဆလို့ရပြီလား။ သင့်ဝန်းကျင်ကို အပျော်များနဲ့ ဖန်တီး ချင်ရင်တော့ သင့်ထံမှ ပျော်ရွှင်မှုများကို မိတ်ဆွေ အပေါင်းအသင်း သူငယ်ချင်း များကို ခုချက်ချင်းပဲ ဝေမျှပေးလိုက်ပါ၊ ပျော်ရွှင်မှုရှိသော သူသည် အောင်မြင်မှုကို အလွယ်တကူ ဖမ်းဆုပ် ယူနိုင်တဲ့ လူသာ ဖြစ်ပါကြောင်း၊ သင့်အား ကျွန်မရဲ့ ပျော်ရွှင်မှုများကို ပြန်လည် ဝေမျှ လိုက်ပါတယ်။ ပျော်ရွှင်မှုများနဲ့အတူ မိတ်ဆွေ အပေါင်းအသင်းများလည်း တိုးပွားနိုင်မယ်လို့ ကျွန်မ ယုံကြည် နေမိပါတော့တယ်။

မိမိရဲ့ပင်ကို စိတ်ထားအတိုင်းသာ လူတိုင်း လူတိုင်း လုပ်ဆောင် နေကြမယ်ဆိုရင် တစ်ဖက်လူဆီက ယုံကြည်လေးစား အထင်ကြီးမှုတွေဟာ လုပ်ယူစရာ မလိုပဲ အလိုအလျောက် တဖြည်းဖြည်းနဲ့ ကိုယ့်ဆီကို ရောက်ရှိ လာမယ်လို့ ကျွန်မ ယုံကြည်ရင်းနဲ့ မိတ်ဆွေအပေါင်းအသင်း တိုးပွားအောင် ကြံဆောင်နိုင်ဖို့၊ အားလုံးကို စိတ်ရင်းနဲ့ ပြောလိုက်ပါရစေ.....

မိတ်ဆွေစစ် မိတ်ဆွေမှန်များ နှစ်သစ်မှာ မင်္ဂလာရှိစွာ တိုးပွားနိုင်ပါစေ.....

IT LAND COMPUTER

Promotion
(6)ရက်နေ့မှ (12)ရက်နေ့အထိ

COMPUTER SALES &SERVICE CENTRE

| | | | |
|---|---|---|---|
| CPU 2.66 Pentium<br>478 Mother board<br>H.D.D 80 IDE (Segate)<br>Memory 512/400 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad | CPU 3.0 Pentium<br>G-31 Mother board<br>H.D.D 160 IDE (Segate)<br>Memory 1 GB/800 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad | CPU dual core 2.2 Pentium<br>AsrocK G-41 CGS(Cambo)<br>H.D.D 50 GB (Segate)<br>Memory2 GB/133 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad | CPU dual 2.8 /1155<br>ASUS P8H61 MLXR2.0<br>H.D.D 50 GB (Segate)<br>Memory 4 GB/1333 (k.s)<br>Casing<br>Power supply<br>K/B & Mouse & Pad |
| 113000 ks | 91000 ks | 172000 ks | 194000 KS |

| | |
|---|---|
| Samsung DVD0RW | 18000 ks |
| ASUS DVD-RW | 18500 ks |
| LCD 17.3" (synnex) | 58000 ks |
| LCD 15.5" (Synnex) | 62000 ks |
| LCD 21.5" (Synnex) | 126000 ks |
| LED 20" (AOC) | 91000 ks |
| LED 18.5" (Acer) | 78000 ks |

| | |
|---|---|
| GMC UPS 650 W | 26000 ks |
| Lynx UPS 600 W | 25000 ks |
| SVC UPS 600 W | 28000 ks |
| Power Benz 1200 W | 56500 ks |

- Memory Stick 4 GB - 3000 ks,
- Memory Stick 8 GB - 4000 ks,
- Memory Stick 16 GB - 6500 ks,

Computer နှင့် ပတ်သက်သော အခြား Accessories ပစ္စည်းများကိုလည်း လက်လီ/လက်ကား အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည် ။

No.119, Seikkantha St.,(Lower), Kyauktada Tsp, Yangon, Myanmar. 01-382017, 09-73017004 E-mail: itland 149@gmail.com

MYANMAR JOB SEARCH
ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsea

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Accounting

| | |
|---|---|
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |
| NAME | Hsu Mon Win |
| SEEKING | HR department |
| AGE | 20 |
| Contact | 448016761 |
| NAME | Aye Mya Khaing |
| SEEKING | Accountant |
| AGE | 21 |
| Contact | 450000802 |
| NAME | Soe Min Nge |
| SEEKING | Accounts |
| AGE | 32 |
| Contact | 943074948 |
| NAME | May Myat Mon Aye |
| SEEKING | Accountant |
| AGE | 25 |
| Contact | 943115821 |
| NAME | Ei Thet Paing |
| SEEKING | Accountant |
| AGE | 24 |
| Contact | 421025098 |
| NAME | Winn Naing U |
| SEEKING | Admin or HR Position |
| AGE | 27 |
| Contact | 973061196 |

### Human Resources

| | |
|---|---|
| NAME | Ma |
| SEEKING | Supervisor/Assis. Manager in HR |
| AGE | 32 |
| Contact | 943070303 |
| NAME | Ei Ei Phyo |
| SEEKING | HR Staff / Graphic Designer |
| AGE | 22 |
| Contact | 4294967295 |
| NAME | Ei Kalyar Htun |
| SEEKING | Administration /Office staff |
| AGE | 20 |
| Contact | 95179942 |

### Computer/ICT/Electronics

| | |
|---|---|
| NAME | Sun Thurain Moe |
| SEEKING | IT Related |
| AGE | 40 |
| Contact | 92009082 |
| NAME | Win Naing Oo |
| SEEKING | Networking |
| AGE | 25 |
| Contact | 973503835 |
| NAME | Su Phyu Phyu Htay |
| SEEKING | IT |
| AGE | 23 |
| Contact | 973138078 |
| NAME | Min Lwin |
| SEEKING | Phone Software Srevice Man |
| AGE | 20 |
| Contact | 95063262 |
| NAME | Tay Zar Tun |
| SEEKING | IT/Computer Hardware & Networking |
| AGE | 29 |
| Contact | 942530663 |
| NAME | Htoo Wai Myat |
| SEEKING | Software Engineer, Project Manager |
| AGE | _ |
| Contact | 973046276 |
| NAME | Thandar Zin Win |
| SEEKING | Programmer |
| AGE | 24 |
| Contact | 2027669 |

### Human Resources

| | |
|---|---|
| NAME | Sai Saie Mainn |
| SEEKING | HR staff |
| AGE | 22 |
| Contact | 1544926 |
| NAME | Min Thu |
| SEEKING | Human Resources |
| AGE | 21 |
| Contact | 943144932 |

### Engineering

| | |
|---|---|
| NAME | Win Po |
| SEEKING | Engineering in Electronics |
| AGE | 26 |
| Contact | 444014256 |
| NAME | Kyaw San Oo |
| SEEKING | Site Engineer |
| AGE | 26 |
| Contact | kyawsanwin1@gmail.com |
| NAME | Nyi Nyi Htun |
| SEEKING | Junier Engineer |
| AGE | 23 |
| Contact | 943100246 |
| NAME | Ei Thandar |
| SEEKING | Engineer |
| AGE | 25 |
| Contact | 973240831 |
| NAME | Thaw Moe Sak |
| SEEKING | Engineering |
| AGE | 24 |
| Contact | 943009778 |
| NAME | Nyan Lin Soe |
| SEEKING | Electrical Engineer |
| AGE | 31 |
| Contact | 4294967295 |
| NAME | Myo Kyaw Htet |
| SEEKING | Senior Mechanical Engineer |
| AGE | 37 |
| Contact | 4294967295 |

### Accounting

| | |
|---|---|
| NAME | Thi Ha Thit |
| SEEKING | Sales or Something |
| AGE | 16 |
| Contact | 943030697 |
| NAME | Aung Myo Htut |
| SEEKING | Accountant |
| AGE | 22 |
| Contact | 94924396 |
| NAME | Soe |
| SEEKING | Chief Accountant / Chief Auditor |
| AGE | 55 |
| Contact | 98641225 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Anada Gone Yi Construction

| | | |
|---|---|---|
| VACANT | Site Engineer | 2 |
| PHONE | 444018058 | |
| ADDRESS | 78 & 42 Maha Mungmyae Tsp, Mandalay. | |

### Advanced Technologies And Solutions

| | | |
|---|---|---|
| VACANT | Network & A+ Trainer | 1 |
| | Website Development Trainer | 2 |
| | J2SE & J2EE Trainer | 1 |
| | .Net with C# Programming Trainer | 1 |
| PHONE | 652288, 521125, 652320 | |
| ADDRESS | အဆောင်(၅)၊ အခန်း(၄)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | |

### Primes Group Pte Ltd

| | | |
|---|---|---|
| VACANT | Sales and Marketing Executive | 1 |
| PHONE | 65207114 | |
| ADDRESS | 111 North Bridge Road, Singapore. | |

### Tactical Management Group (TMG)

| | | |
|---|---|---|
| VACANT | Male Marketing | 1 |
| PHONE | 09-5366636 | |
| ADDRESS | No. 548, Building-A, Mudita Condo, U Ba Han Street, Mayangone Township. | |

### SC Auto Industries (S) Pte Ltd - Myanmar Branch

| | | |
|---|---|---|
| VACANT | Sale & Marketing Manager | 1 |
| | Branch Manager | 1 |
| | Account Cum Admin Staff | 1 |
| | Driver | 1 |
| | Office Cleaner | 1 |
| PHONE | 65 98536722 | |
| ADDRESS | Yangon. | |

### Kyaw Tin Ko Co. Ltd.

| | | |
|---|---|---|
| VACANT | DRAFTSMAN (CIVIL /STRUCTURAL) | - |
| PHONE | 09 5015825, 01 549292, 01 4411456. | |
| ADDRESS | No-5, First floor, 163 rd Street, Tarmwe Township, Yangon, Myanmar. | |

### Abercrombie & Kent (Myanmar)

| | | |
|---|---|---|
| VACANT | Customer Service Coordinator | - |
| PHONE | 95095520 | |
| ADDRESS | No. 92, Second Floor, The Strand Road, Kyaukdata Township, Yangon. | |

### ThiriJ CO.,LTD (software)

| | | |
|---|---|---|
| VACANT | C#.NET Senior Programmer | 10 |
| PHONE | 95095520 | |
| ADDRESS | Rm#1003,10th FL, YuzanaCondo Tower,No.69 ShweGoneDaing Road,BahanT/S. | |

arch . comတွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

MYANMAR JOB SEARCH

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Mining, Oil and Gas

| | |
|---|---|
| NAME | Ye Kyaw Thu |
| SEEKING | Engineer (Maintenance, Repair, Electrical) |
| AGE | 30 |
| Contact | 973147211 |

### Web Site Development

| | |
|---|---|
| NAME | Ma Yu Wah Htet Aung |
| SEEKING | Web Designer |
| AGE | 21 |
| Contact | 43114347 |

### Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Tin Soe |
| SEEKING | IT Manager , Admin Manager,Education Teacher |
| AGE | 32 |
| Contact | 95013670 |
| NAME | Khaing Min |
| SEEKING | Photographer |
| AGE | 24 |
| Contact | 944401356 |

### Other

| | |
|---|---|
| NAME | Rejish K Babu |
| SEEKING | Coordinator, Social Worker |
| AGE | 29 |
| Contact | 984750575 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance /Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Banking and Financial Services

| | |
|---|---|
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

### Sales and Marketing

| | |
|---|---|
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

### Administration/Support/ Customer Care

| | |
|---|---|
| NAME | Wai Phyo |
| SEEKING | Consulting , Personal Assistant ,Customer Care |
| AGE | 21 |
| Contact | 942529045 |
| NAME | Miss Hnin Aye Win |
| SEEKING | Hotel Management/ Administration, Translator |
| AGE | 29 |
| Contact | 5724185 |
| NAME | Wai Yar Lin |
| SEEKING | Assistant Operation Manager, Admin |
| AGE | 28 |
| Contact | 973130156 |
| NAME | Hla Myo |
| SEEKING | Manager |
| AGE | 52 |
| Contact | 450023918 |

### Management, Executive

| | |
|---|---|
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 420718092 |
| NAME | Sai Won Latt |
| SEEKING | Manager, Advisor, Human Management |
| AGE | 28 |
| Contact | 4294967295 |
| NAME | Kyaw Myat Chit |
| SEEKING | Asst:Marketing Manager |
| AGE | 30 |
| Contact | 973166423 |

### Web Site Development

| | |
|---|---|
| NAME | Thant Sin Aung |
| SEEKING | Junior Web Developer |
| AGE | 20 |
| Contact | 4294967295 |
| NAME | Minn Ko Aung |
| SEEKING | Graphic & Web Designer |
| AGE | 25 |
| Contact | 97319588 |

### Computer/ICT/Electronics

| | |
|---|---|
| NAME | Htoo Aung Kyaw |
| SEEKING | Programmer |
| AGE | 26 |
| Contact | 640065 |
| NAME | Zaw Myo Htut |
| SEEKING | Computer & Internet Staff |
| AGE | 22 |
| Contact | 420737794 |
| NAME | Htet Aung Soe |
| SEEKING | IT |
| AGE | 23 |
| Contact | 421111522 |
| NAME | Mg Nay Lin Tun |
| SEEKING | Computer and Internet Staff |
| AGE | 19 |
| Contact | 423666904 |
| NAME | Kyaw Linn Naing |
| SEEKING | IT Technician |
| AGE | 18 |
| Contact | 973002091 |
| NAME | Ma Barani Maung |
| SEEKING | Information Technology |
| AGE | 22 |
| Contact | 943053600 |
| NAME | Mg Nay Linn Aung |
| SEEKING | Computer Programmer |
| AGE | 29 |
| Contact | 428124541 |
| NAME | Maung Maung Aung |
| SEEKING | Supervisor |
| AGE | 29 |
| Contact | 420718106 |
| NAME | Nyein Chan Aung |
| SEEKING | Internet and Hardware Computer Service |
| AGE | 24 |
| Contact | 421121807 |
| NAME | Soe Thura |
| SEEKING | IT Technician |
| AGE | 22 |
| Contact | 95148659 |
| NAME | Chaw Chaw |
| SEEKING | Photoshop ကျွမ်းကျင် |
| AGE | 20 |
| Contact | 973008456 |
| NAME | Ko Phyo |
| SEEKING | Design, Camera man , Video Editor |
| AGE | 25 |
| Contact | 942006967 |

### Education and Training

| | |
|---|---|
| NAME | Tony Hayes |
| SEEKING | English Teacher and Tutor |
| AGE | _ |
| Contact | 4086685053 |
| NAME | Phoo Pwint Phyo |
| SEEKING | Primary Teacher |
| AGE | 20 |
| Contact | 95178440 |
| NAME | Zaw Min Oo |
| SEEKING | Technician/Teaching Mobile Software |
| AGE | 32 |
| Contact | 450060659 |
| NAME | Cho Mar Aye |
| SEEKING | Chinese Translator |
| AGE | 33 |
| Contact | 299720 |
| NAME | Su Larb Yadanar |
| SEEKING | English Tutor |
| AGE | 20 |
| Contact | 973138483 |
| NAME | Zara |
| SEEKING | Teacher |
| AGE | 32 |
| Contact | 3323649588 |

### Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Pinky |
| SEEKING | Suitable |
| AGE | 20 |
| Contact | 944853499 |
| NAME | Ngun Zar |
| SEEKING | Media, Advertising, Arts, Entertainment |
| AGE | 23 |
| Contact | 522881 |
| NAME | Myo Thant |
| SEEKING | Camera man/Editor/ Graphic |
| AGE | 21 |
| Contact | 73113472 |
| NAME | Ye Win Naing |
| SEEKING | Graphic Designer |
| AGE | 34 |
| Contact | 973183401 |
| NAME | Mg Aung Paing |
| SEEKING | Media & Art |
| AGE | 20 |
| Contact | 95083083 |

### Engineering

| | |
|---|---|
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |
| NAME | Yoon Phyu Thwin |
| SEEKING | Engineer |
| AGE | 22 |
| Contact | 942116866 |
| NAME | Win Po |
| SEEKING | Engineering in Electronics |
| AGE | 26 |
| Contact | 444014256 |
| NAME | Kyaw San Oo |
| SEEKING | Site Engineer |
| AGE | 26 |
| Contact | kyawsanwin1@gmail.com |
| NAME | Nyi Nyi Htun |
| SEEKING | Junier Engineer |
| AGE | 23 |
| Contact | 943100246 |
| NAME | Ei Thandar |
| SEEKING | Engineer |
| AGE | 25 |
| Contact | 973240831 |
| NAME | Thaw Moe Sak |
| SEEKING | Engineering |
| AGE | 24 |
| Contact | 943009778 |
| NAME | Nyan Lin Soe |
| SEEKING | Electrical Engineer |
| AGE | 31 |
| Contact | 4294967295 |

### Hospitality, Travel and Tourism

| | |
|---|---|
| NAME | Su Thandar Oo |
| SEEKING | Suitable |
| AGE | 20 |
| Contact | 95024144 |
| NAME | Nay Chi |
| SEEKING | Suitable Post |
| AGE | 21 |
| Contact | 09-42113106 |
| NAME | Mangpu |
| SEEKING | Hospitality, Travel and Tourism |
| AGE | 32 |
| Contact | 450057966 |

# နည်းပညာနဲ့ အီလက်ထရောနစ်တွေကို အရမ်းစိတ်ဝင်စားတဲ့

## နန်းဆုရတီစိုး



**လတ်တလော ညီမ ဘာတွေ လုပ်ဖြစ်နေလဲ?**

ကော်ဖီကြော်ငြာတစ်ခု ရိုက်ဖို့ ရှိပါတယ်။ ပြီးရင် Construction ကြော်ငြာတစ်ခု ရိုက်ဖို့လည်း ရှိပါတယ်။ ဒါက လတ်တလော လှုပ်ရှားမှုပါ။

**နှစ်ဟောင်း ကုန်ပြီဆိုတော့ နှစ်သစ်မှာ ဘာတွေ လုပ်ဖို့ အစီအစဉ်ရှိလဲ?**

နှစ်သစ် 2013 မှာ ပရိသတ်ကို နန်းဆု အနုပညာနဲ့ ပတ်သက်ပြီး ပရိသတ်ကို ချပြဖို့ အစီအစဉ် ရှိပါတယ်။ စောင့်ကြည့်ပြီးတော့ အားပေးကြပါလို့။ နှစ်လည်လောက်တော့ ဖြစ်မယ်လို့ ထင်ပါတယ်။

**ဒါဆိုရင် ညီမလေးရဲ့ တစ်ကိုယ်တော် အခွေကို နားဆင်ရမှာလား?**

အဲ့ဒါတွေလည်း ပါတာပေါ့။ အစီအစဉ် အတိအကျကိုတော့ နန်းဆု နီးတော့မှပဲ အားလုံးကို ပြောပြပါ့မယ်။ အခုက အချက်အလက်တွေ သေသေချာချာ မပြည့်စုံသေးလို့ပါ။

**အခု ညီမလေး ရရှိထားတဲ့ အောင်မြင်မှုအပေါ် အားရကျေနပ်မှု ရှိလား?**

ကိုယ်ကြိုးစားတဲ့ ရလဒ်နဲ့ ကြိုးစားရကျိုးနပ်ပါတယ်။

**ဘယ်လောက်အထိ အောင်မြင်အောင် ကြိုးစားသွားဖို့ရှိလဲ?**

နန်းဆုကတော့ အနုပညာနဲ့ ပတ်သက်ပြီးတော့ တိုးတက်မှုတွေ အောင်မြင်မှုတွေ ရှိသွားအောင်လို့ အတတ်နိုင်ဆုံး စေတနာထားပြီး ကြိုးစားသွားမှာပါ။

**အင်တာနက် သုံးဖြစ်တယ်ဆိုရင် ဘာတွေ အများဆုံး လေ့လာဖြစ်လဲ?**

အင်တာနက် သုံးဖြစ်ရင်တော့ Fashion ပိုင်းဆိုင်ရာ Hair တို့ မိတ်ကပ်တို့ လိုပေါ့။ အဲ့ဒီလိုတွေ လေ့လာဖြစ်တယ် အစ်မ။ လိုအပ်သမျှကို Google search မှာ ရှာကြည့်တာပေါ့။ Hair နဲ့ ပတ်သက်တဲ့ Image တွေဆိုရင် ရှိသမျှ Image တွေ အကုန် ကြည့်ဖြစ်တယ်။ တစ်ရက် နည်းနည်းစီပေါ့။ Website တစ်ခုလုံးကို ဝင်ပြီးတော့ စာတွေ ဖတ်ပြီး လေ့လာဖြစ်တာမျိုး မဟုတ်ပါဘူး။ Google search ကပဲ ရှာတာပါ။ Magic Make-upနဲ့ ပတ်သက်တာတွေ လေ့လာဖြစ်တယ်။ YouTube လည်း ကြည့်ဖြစ်ပါတယ်။

**အင်တာနက်ဆိုတာကိုရော ညီမ ဘယ်လို အဓိပ္ပာယ်ဖွင့်ချင်ပါသလဲ?**

အင်တာနက်က လူတွေကြားထဲမှာ ဆက်သွယ်ပေးတယ်။ မသိတာတွေ အားလုံး သိနိုင်တယ်။ ဗဟုသုတ ဟင်းလေးအိုးကြီးပေါ့နော်။

**Gmail တို့ Facebook တို့ သုံးဖြစ်လား။ သုံးဖြစ်တယ်ဆိုရင် ဘာတွေ ပြုလုပ်ဖြစ်လဲ?**

Gmail သုံးဖြစ်ပါတယ်။ Facebook တော့ မသုံးဖြစ်ဘူး။ Gmail Chat တာလောက်ပဲ လုပ်ဖြစ်ပါတယ်။ အခုလောလောဆယ် နန်းဆုရဲ့ Website တစ်ခု ထောင်ထားတာ ရှိသေးတယ်။ www.nansuyatisoe.com ပေါ့။ အဲ့ဒီမှာ နန်းဆုကို ဆက်သွယ်လို့ ရမယ့် Email ပါ ပါတယ်။ cutiespider87@gmail.com ပါ။

**Websiteကို တည်ထောင်တာ ဘယ်လောက်ကြာပြီလဲ။ အဲဒီမှာရော ဘာတွေ တင်ဖြစ်လဲ?**

Websiteကို တင်တာ သိပ်မကြာသေးပါဘူး။ အဲဒီမှာ ဓာတ်ပုံတွေ၊ နိုင်ငံခြား ခရီးသွားထားတဲ့ ပုံတွေ၊ အဓိကက အလုပ်ပုံတွေ များများစားစား ပါပါတယ်။ နန်းဆုက Update ကို ပုံမှန်မလုပ်နိုင်ဘူး။ မအားတာလဲ ပါတာပေါ့။ နန်းဆုရဲ့ အရေးတကြီး လှုပ်ရှားမှုတွေ၊ ပရိသတ်အတွက် အရေးကြီးတာတွေကို နောက်ပိုင်းကျရင် အဲ့ဒီ Website ကနေပဲ ကြော်ငြာဖို့ များသွားပါပြီ။ နောက်ပိုင်းကျရင် အဲဒီ Website ကို တွင်တွင်ကျယ်ကျယ် အသုံးပြုသွားမှာပါ။

**လက်ရှိ သုံးနေတဲ့ဖုန်းလေးနဲ့ အကြိုက်ဆုံး Function လေး ပြောပြပေးပါလား?**

iPhone 5ရော 4ရော သုံးတယ်။ iPhone function တွေ တော်တော်များများကို နှစ်သက်ပါတယ်။ iPhone သုံးရတာ Thin ဖြစ်တယ်။ ပေ့ါပါးတယ်ပေ့ါနော်၊ ပြီးတော့ Touch screen က အရမ်း Sensitive ဖြစ်တော့ Touch သုံးရတာ မြန်တယ်။ သက်တောင့်သက်သာ ဖြစ်စေတယ်။ အချိန်ကုန် သက်သာတာပေ့ါနော်။ အကြိုက်ဆုံးကTouch screen Sensitive ဖြစ်တာကို အကြိုက်ဆုံးပဲ။

**iPhone 4နဲ့ 5 က သိပ်မကွာခြားဘူးလို့ ပြောတယ် အခု နှစ်လုံးကို တစ်ပြိုင်တည်း အသုံးပြုနေတယ်ဆိုတော့ ဘာ ကွာခြားချက်တွေ တွေ့လာလဲ ညီမ?**

5 က နည်းနည်း ပါးပြီး နည်းနည်း ရှည်သွားတယ်ပေ့ါနော်။ ပြီးတော့ Resolution ပို ကောင်းတယ်။ ပိုပြီး ကြည်လင်ပြတ်သားတယ်။ ကင်မရာတွေလည်း ပိုကောင်းလာတယ်။ ထူးထူးခြားခြား ကွာဟသွားတာ မရှိပါဘူး။

**iPhone ဖုန်း နှစ်လုံးကို ဘာကြောင့် သုံးဖြစ်တာလဲ?**

နဂို သုံးတာက 4 လေ၊ နောက်တော့ 5 ထွက်လာတော့ စသုံးချင်စိတ် ရှိတာနဲ့ 5 ကိုလည်း ထပ်ပြီး အားပေးလိုက်တာ။ ဒါနဲ့ လက်ထဲမှာ နှစ်လုံး ဖြစ်သွားတယ်။ အနုပညာရှင်တစ်ယောက် အနေနဲ့ကလည်း ကော်နက်ရှင်နဲ့ အလုပ် လုပ်တာဆိုတော့ တစ်လုံးတည်း ကျတော့ အဆင်မပြေဘူး။ တစ်လုံး service မမိတဲ့ အချိန်၊ တစ်လုံးက ဖုန်းပြောနေတဲ့ အချိန်ဆိုရင် နောက်တစ်လုံးကို ဆက်လို့ ရတာပေ့ါလေ။

**လတ်တလော ဘာကွန်ပျူတာ အမျိုးအစား သုံးနေလဲ?**

လတ်တလောကတော့ Sony Viao သုံးတယ်။ HP သုံးတယ်။ အဓိကတော့ နန်းဆု ရိုက်လာပြီးသမျှ Photo တွေ၊ Videoတွေ၊ ရုပ်ရှင် ရိုက်ကူးရေးတွေမှာ မှတ်တမ်း တင်ထားတာတွေကို သိမ်းထားဖြစ်တယ်။

**လက်ရှိကရော ဘာကားအမျိုးအစား စီးနေလဲ?**

TOYOTA RF 2007 အနက်ရောင်ပါ။ ကားက ကျယ်တယ်။ ခရီးသွားလို့လည်း အဆင်ပြေတယ်။ ပစ္စည်းတွေ အများကြီး တင်လို့ ရတယ်။ လူလည်း အများကြီး ဆန့်တယ်။ ပြီးတော့ ဇိမ်ခံကား အမျိုးအစားလည်း ဖြစ်တယ်ဆိုတော့ နန်းဆိုတို့ အနုပညာရှင်တွေအတွက် အင်မတန် သင့်တော်တဲ့ ကား အမျိုးအစားပါ။

**အနာဂတ်မှာ အသုံးပြုချင်တဲ့ နည်းပညာ ပစ္စည်းရှိရင် ပြောပြပေးပါလား?**

IT ကားဆိုရင်အခု TOYOTA ကနေ အသစ်ထုတ်တဲ့ Fun Vii ကားလေးလေ၊ အဲ့ဒီ ကားလေးကတော့ IT Facility ပြည့်စုံတဲ့ ကားတစ်စီးလို့ ပြောလို့ ရတယ်။ မြန်မာနိုင်ငံကို ရောက်လာဦးမှာ မဟုတ်သေးဘူး။ ဒါပေမဲ့ ရောက်လာချင်ရင်လည်း ရောက်လာနိုင်တယ်ပေါ့။ ကားတစ်စီးလုံးကို ဒီနေ့ အပြာရောင် စီးမယ်ဆိုရင် အပြာရောင် ပြောင်းလိုက်လို့ ရတယ်။ iPad ပေါ်ကနေ ကားရဲ့Colourကို ပြောင်းလို့ ရတယ်။ အတွင်းထဲမှာလည်း ပန်းဆိုရင် Decoration တွေလည်း ပြောင်းလို့ရတယ်။ အတွင်းထဲမှာလည်း အာကာသလို ဖြစ်နေတာပေ့ါနော်။ ကားတစ်စီးအထဲမှာ အပေါ်ရော အောက်ရော အကုန် ကြည့်လို့ ရတယ်။ လူစီးတာကတော့ (၃)ယောက်လောက်ပဲ စီးလို့ ရတာပေ့ါလေ။

**ICT ဂျာနယ်အတွက် စကားလက်ဆောင်လေး ပြောပြပေးပါဦး?**

နည်းပညာ တိုးတက်ပြီး ခေတ်မီနေတဲ့ ခေတ်ကြီးထဲမှာ နည်းပညာတွေ တိုးတက်ပြီး ခေတ်မီလာတာကို ဂမ်းသာတယ်၊ ဂုဏ်ယူတယ်။ အခုလို မြန်မာနိုင်ငံမှာလည်း ဒီလို နည်းပညာတွေကို အားပေးတဲ့ ဂျာနယ်တစ်စောင် ရှိတာလဲ ဂုဏ်ယူပါတယ်။ နန်းဆုကလည်း နည်းပညာနဲ့ ပတ်သက်ပြီး အီလက်ထရောနစ်နဲ့ ပတ်သက်ပြီး တအား စိတ်ဝင်စားတဲ့သူဆိုတော့ Welcome ဖြစ်ပါတယ်။ ဒီထက်မက အောင်မြင်ပါစေလို့ ပြီးတော့ ဒီဂျာနယ်ကနေတဆင့် နန်းဆုရဲ့ ပရိသတ်ကြီးကို ဗဟုသုတတွေ မျှဝေပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။ ပရိသတ်ကိုလည်း ဒီဂျာနယ်ကနေတစ်ဆင့် မေတ္တာတွေ တောင်းခံပါတယ်။ နန်းဆုကို ချစ်ခင်ကြပါ။ အားပေးကြပါလို့။ ကျေးဇူးတင်ပါတယ်။

အခုလို နည်းပညာ Knowledge တွေကို မျှဝေပေးတဲ့ ညီမ နန်းဆုရတီစိုးကို အထူး ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

# ကိုဘအေးရဲ့ လွတ်လပ်ရေး အမှတ်တရ



TZO

ခရစ်နှစ် ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ဆိုရင် ကိုဘအေးတို့ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး နယ်ချဲ့ဗြိတိသျှတို့ရဲ့လက်အောက်ကနေ လွတ်လပ်ရေး ရခဲ့တာ (၆၅)နှစ် ပြည့်မြောက်ပြီ ဖြစ်ပါသည်။

လွတ်လပ်ရေးနေ့ နီးလာပြီ ဆိုတော့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတို့၊ လွတ်လပ်ရေးရဲ့ အနှစ်သာရတို့ ဆိုတာတွေက သူသူ ငါငါ ရေးနေကြတာပါ။ ကိုဘအေးကတော့ ကိုယ် လုပ်ခဲ့ ကိုင်ခဲ့ ရတာလေးတွေကို ပြန်ပြီး အမှတ်ရမိလို့ပါ။ (အမ်မယ်... ဒီလိုဆိုတော့ ကိုဘအေးတို့ တော်လှန်ရေး လုပ်ခဲ့တယ် ထင်နေဦးမယ်။ ကိုဘအေးက လွတ်လပ်ရေး ရပြီးလို့ ၃နှစ်လောက်နေမှ မွေးတာပါ။)

တကယ်တော့ လွတ်လပ်ရေးနေ့နဲ့ ကိုဘအေးတို့က ခွဲခြားလို့ မရပါ။ ဘာဖြစ်လို့လည်း ဆိုတော့ ကိုဘအေးရဲ့ လုပ်သက်တစ်လျှောက် ဘွဲ့ထူး ရက်ထူး ချီးမြှင့်တာနဲ့ဆိုင်တဲ့ လုပ်ငန်းတွေပဲ လုပ်ခဲ့ရလို့ပါ။ ကိုဘအေးက ၁၉၈၅ ခုနှစ်မှာ နိုင်ငံတော် ကောင်စီရုံး၊ "ဝန်ထမ်းရေးရာ ဌာနကနေ ဘွဲ့ထူး ဂုဏ်ထူးနဲ့ မော်ကွန်း ဌာနကို ဌာနစိတ်မှူး (ဒု ဦးစီး) အဖြစ်နဲ့ ရောက်ပါတယ်။ အဲဒီကနေ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနကို ပြောင်းရတော့ ဘွဲ့တံဆိပ် ဌာနမှာပဲ တောက်လျှောက် ပါလာပြီး ၁၉၉၅မှာ ဦးစီးအရာရှိ ဖြစ်တော့ အသင်း အဖွဲ့ မှတ်ပုံတင်ဌာနကို ၂နှစ်လောက် ကိုင်လိုက် ရပါတယ်။ နောက်တော့ ဘွဲ့ တံဆိပ် ဦးစီးအရာရှိက လက်ထောက် ညွှန်ကြားရေးမှူးနဲ့ တမူး ခရိုင်ကို ပြောင်း ရတော့ အဲဒီနေရာကို ကိုဘအေး ပြန်ဝင် ရပြီး ပင်စင် ယူတဲ့ အထိပဲ ဆိုပါတော့။

အရင်တုန်းက ဘွဲ့ထူး ဂုဏ်ထူး ချီးမြှင့်တာနဲ့ ပတ်သက်လို့ ၁၉၄၉ ခုနှစ် ကနေ စပြီး ပေးခဲ့တာကို ပြန်တမ်းတွေအရ သိရပါတယ်။ ကိုဘအေးတို့ လက်ထက် မှာတော့ နိုင်ငံတော်ကောင်စီရဲ့ ၁၉၇၈ခုနှစ်၊ ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များဆိုင်ရာ ပြဌာန်းချက် ၁၉၈၁ခုနှစ်၊ နိုင်ငံဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ပြဌာန်းချက် ၁၉၈၂ ခုနှစ်အထိ ချီးမြှင့် ခဲ့ပါတယ်။ ကျန်တဲ့ဘွဲ့တံဆိပ်တွေကတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက တင်တာကို ပြည်ထဲရေးက စိစစ်ပြီး Cabinet တင်ပါတယ်။ အဲဒီက Pass ဖြစ်တာကို ဝန်ကြီးဌာနအဖွဲ့က နိုင်ငံတော်ကောင်စီရုံးကို ပို့လာပြီး နိုင်ငံတော်ကောင်စီဝင်တွေ ပါတဲ့ စိစစ်ရေးအဖွဲ့က ထပ်စစ်ပြီး အမိန့် ကြော်ငြာစာ ထုတ်ဖို့ လုပ်ရပါတယ်။ ပြည်နယ်၊ တိုင်းဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေက တင်လာတာတွေလည်း ရှိပါတယ်။

နှစ်စဉ်ပေးနေတဲ့ ဘွဲ့တံဆိပ်တွေအထဲမှာ စောစောက ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နဲ့ ငြိမ်ဝပ် ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် တွေက ၃ခု ပေါင်းရင် အရေအတွက် သောင်းနဲ့ ချီပြီး ရှိတဲ့အတွက် လွတ်လပ်ရေး နေ့မှာ အချိန်မီ ထုတ်ပြန်နိုင်ဖို့ ဝန်ကြီးဌာန တွေက လက်နှိပ်စက်နဲ့ စာရေး/စက်လှည့် ဝန်ထမ်းတွေကို လုပ်အားပေးခေါ်ရပါတယ်။ နိုင်ငံတော်ကောင်စီရုံးမှာ အနည်းဆုံး ၂လ လောက်တော့ တွဲထားရပါတယ်။ ဒီ လုပ်ငန်းတွေက ခုထိ နိုင်ငံတော် သမ္မတ ရုံးမှာ ဆက်လုပ်နေရတုန်းပါ။ ဒီနှစ်တော့ ကွန်ပျူတာသမားတွေ ခေါ်တယ်လို့ သိရပါတယ်။ IT ခေတ်ကြီးနဲ့ အညီပေါ့။

ကိုဘအေးတို့အဖွဲ့ (ဘွဲ့တံဆိပ်ဌာစု ဝန်ထမ်းတွေ)က ၁၉၈၈မှာ ပြည်ထဲရေးကို ရောက်သွားတော့လည်း အဲဒီဘွဲ့တံဆိပ်တွေ ချီးမြှင့်မယ့် အမိန့်ကြော်ငြာစာ ထုတ်ပြန်တဲ့ လုပ်ငန်းတွေကို ကြီးကြပ်ဖို့ န.ဝ.တ ရုံး၊ သမ္မတရုံး၊ ရုံးအဆက်ဆက်မှာ နှစ်တိုင်း သွားတွဲနေရတုန်းပါ။ တာဝန်လည်း သိပ် ကြီးပါတယ်။ လွတ်လပ်ရေးနေ့ အမိန့် ကြော်ငြာစာတွေ ထွက်ပြီးလို့ အမှားအယွင်း မရှိဘူးဆိုမှ ကိုဘအေးတို့ Site "ဟင်း" ချနိုင်ပါတယ်။

လွတ်လပ်ရေးမော်ကွန်းကတော့ ကိုဘအေးတို့ Site မဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် မော်ကွန်းဝင် လျှောက်လွှာတွေကို ၁၉၇၆ခုနှစ်အထိ လက်ခံပြီးတော့ စိစစ်ရေး ကော်မတီဝင်တွေက နယ်လှည့်စစ်ဆေးပြီး ၁၉၈၆ခုနှစ် အထိ ချီးမြှင့်ပေးခဲ့တာ၊ ၁၉၈၆ ခုနှစ်မှာတော့ မော်ကွန်းတင်လုပ်ငန်း ရပ်ဆိုင်းလိုက်ကြောင်းကို နိုင်ငံတော် ကောင်စီရုံးက ကြေညာချက် ထုတ်ပြန် ခဲ့တာတွေကိုတော့ သိရပါတယ်။

မော်ကွန်းဝင်တံဆိပ်ပေးတာကတော့ BIA ဆိုတဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် ခေတ်၊ BDA ဗမာ့ကာကွယ်ရေးတပ်မတော် ခေတ်နဲ့ PBF မျိုးချစ်ဗမာ့တပ်မတော်ခေတ် တို့မှာ ခေတ်သုံးခေတ်စလုံး ပါခဲ့ရင် (ပထမအဆင့်)၊ နှစ်ခေတ် ပါခဲ့ရင် (ဒုတိယဆင့်)နဲ့ တစ်ခေတ်ထဲ ပါခဲ့ရင်တော့ (တတိယဆင့်)ဆိုပြီး သက်သေ အထောက် အထား ခိုင်ခိုင်လုံလုံရှိတဲ့ သူတွေကို စိစစ် ရွေးချယ်ပြီး ချီးမြှင့်ပေးခဲ့တာပါ။ အားလုံး ပေါင်း ငါးသောင်းကျော် ရှိသွားပြီဖြစ်လို့ အဲဒီမှာ ရပ်ကိုက်တာ ဖြစ်ပါလိမ့်မယ်။

နောက်တစ်ခုက န.ဝ.တ လက်ထက် ၁၉၈၈ ခုနှစ်မှာ နိုင်ငံတော် အေးချမ်း သာယာရေး တံဆိပ်ကို တီထွင်ပြဌာန်း ပေးခဲ့ပါတယ်။ ဒီတံဆိပ်က မှန်းပေါ် - ကြူကုတ် (ပန်ဆိုင်း) တိုက်ပွဲမှာ ဗကပ တွေကို အောင်နိုင်ခဲ့တဲ့ အထိမ်းအမှတ် အနေတဲ့ ၁၉၈၆ခု၊ နိုဝင်ဘာလ (၁၆ရက် ကနေ ၁၉၇၈ခု၊ ဇန်နဝါရီလ (၆)ရက်နေ့ အတွင်း အကျုံးဝင်တဲ့ တပ်မတော်သားနဲ့ ရဲတပ်ဖွဲ့ဝင်တွေ အပါအဝင် ပြည်သူ့ဝန်ထမ်း အားလုံးကို ချီးမြှင့်ခဲ့တာပါ။ နိုင်ငံတော်အေး ချမ်းသာယာရေးတံဆိပ်ကြောင့် ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ်ရတဲ့သူတွေ များ ခဲ့ပါတယ်။ ကိုဘအေးတို့လည်း အလုပ် များ ခဲ့ပါတယ်။

ဘာဖြစ်လို့လည်းဆိုတော့ ပြည်သူ့ ဝန်ထမ်းကောင်း တံဆိပ် ရဖို့ အမှတ် (၃၀) ပြည့်မှ ရပါမယ်။ လုပ်သက် (၂၅)နှစ် ပြည့်ရမှာ ဖြစ်ပြီး တံဆိပ် (၃)မျိုး ရရှိထားရမှာ ဖြစ်ပါတယ်။ လုပ်သက် အတွက် ရရှိမယ့် အမှတ်က အများဆုံး ၂၅မှတ် ဖြစ်ပြီး တံဆိပ် (၃)မျိုးက ၂မှတ်စီနဲ့ ၆မှတ် စုစုပေါင်း ၃၁မှတ် ရရပါမယ်။

နယ်ဘက် ဝန်ထမ်းအများစုဟာ နိုင်ငံတော် အေးချမ်းသာယာရေးတံဆိပ် မပြဌာန်းမီကဆိုရင် လုပ်သက် ၂နှစ်နဲ့ ပေးတဲ့ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်နဲ့ လုပ်သက် ၁၅နှစ်မှာ ပေးတဲ့ ပြည်သူ့ဝန်ထမ်းတံဆိပ်တို့ ရထားပြီး လုပ်သက် ၂၅နှစ် ပြည့်ပေမယ့် (၂၉)မှတ်နဲ့ တစ်နေကြတဲ့သူတွေ ဖြစ်ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေး တံဆိပ်က အမှတ် ၂မှတ် ပြည့်ပေးလို့သာ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ် ရသွား ကြတာပါ။ ဒါပေမယ့် ဒီနိုင်ငံတော် အေးချမ်း သာယာရေး တံဆိပ်က ကာလ အကန့် အသတ်လေးနဲ့ ဖြစ်တာမို့ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက် နောက်ပိုင်း အလုပ် ဝင်တဲ့ သူတွေကတော့ မရနိုင်ကြတော့ပါ။

ကိုဘအေးကတော့ အဲဒီ ပြည်သူ့ ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ် (၄)မျိုးစလုံးကို ရရှိခဲ့ပါတယ်။ ကြွားတယ် ထင်ရင်လည်း ထင်ပါ။ ကိုဘအေးမှာ ကြွားစရာ ဒါပဲ ရှိလို့ပါ။ လုပ်သက် ၃၈နှစ် ကျော်မှာ အပြစ်ကင်းကင်းနဲ့ လုပ်ခဲ့လို့ ရခဲ့တာ ဖြစ်ပါတယ်။

ကိုဘအေးတို့က အဲဒီဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တွေ ချီးမြှင့်ဖို့ လုပ်ပေးရတာတင် မဟုတ်ပဲ သူတို့နဲ့ သက်ဆိုင်တဲ့ တပ်ဆင် ချိတ်ဆွဲရမယ့် တံဆိပ်တွေ၊ ဖဲကြိုးတွေ၊ ဂုဏ်ပြုစာလွှာတွေကိုလည်း သက်ဆိုင်ရာ လုပ်ငန်း/ဌာနတွေမှာ အပ်နှံမှာယူရပြီးတော့ ရရှိတဲ့အခါမှာလည်း သက်ဆိုင်ရာ ဝန်ကြီး ဌာနတွေ၊ ပြည်နယ်/တိုင်းတွေကို ပြန်ထုတ် ပေးရတာတွေလည်း လုပ်ရတာပါ။ ဒီအလုပ်တွေက နိုင်ငံတော်ကောင်စီ ရုံးမှာလည်း လုပ်ခဲ့ရပြီး ပြည်ထဲရေး ရောက်တော့လည်းပါလာတဲ့ အလုပ်တွေပါ။ ကိုဘအေးကို သိပ်ချစ်လို့ပါ၊ ပင်စင်ယူမှပဲ ခွဲရပါတော့မယ်။

၂၀၀၉ ခုနှစ်မှာတော့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဌာန်းချက်ကို အသစ် ပြင်ဆင် ပြဌာန်းခဲ့ပါတယ်။ ဒီပြဌာန်းချက်စာအုပ် ဖြစ်လာဖို့မှာ ကိုဘအေးတို့ ပြန်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနကနေ အစအဆုံး တာဝန်ယူ လုပ်ပေးခဲ့ရတာပါ။ ဒီပြဌာန်းချက် ထဲမှာတော့ အရင်က အမိန့်ကြော်ငြာစာ တစ်ခုစီနဲ့ ကွဲကွဲပြားပြား ဖြစ်နေတဲ့ ဂုဏ်ထူးဆောင်တံဆိပ်တွေကို စုစည်းပြီး ပြန်ထည့်ထားပါတယ်။ ပြီးတော့ အရင် ၁၉၇၈ ပြဌာန်းချက်ထဲက တပ်မတော် ဆိုင်ရာ စွမ်းရည်သတ္တိနဲ့ စွမ်းဆောင်မှု ဘွဲ့ တံဆိပ်တွေရယ်၊ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည် သတ္တိနဲ့ စွမ်းဆောင်မှု တံဆိပ်တွေရယ် ဆက်လက် ပါဝင်လာပြီး ခေတ်နဲ့ မလျော်ညီ တော့ဘူးလို့ ယူဆတဲ့ အောက်မှာ ဖော်ပြ ထားတဲ့ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တွေ ကိုတော့ ချန်ထားခဲ့လိုက်ပါတယ်။

(က) ပြည်ထောင်စုတံခွန်ဘွဲ့ (ခ) အောင်ဆန်းတံခွန်ဘွဲ့ (ဂ) တံခွန်ဘွဲ့ (ဃ) ပြည်ထောင်စု ဇာနည်ဘွဲ့ (င) လမ်းစဉ် ဇာနည်ဘွဲ့ (စ) ဇာနည်ဘွဲ့ (ဆ) ဆိုရှယ်လစ် စီးပွားရေးစွယ်စုံ ထူးချွန်တံဆိပ် (ဇ) လယ်ယာ စီးပွားထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) (ဈ) စက်မှုစီးပွားရေး ထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) (ည) ဆိုရှယ်လစ် ဒီမိုကရေစီ စွယ်စုံ ထူးချွန်တံဆိပ် (ဋ) စီမံထူးချွန်တံဆိပ် (ပ၊ ဒု၊ တ) (ဌ) လူမှုထူးချွန်တံဆိပ် (ပ၊ ဒု၊ တ)

အသစ်အနေနဲ့ ပါဝင်လာတာကတော့ (အသစ်အနေနဲ့ဆိုပေမယ့် ဟိုအရင် ပါလီမန်ခေတ်က ပေးခဲ့တဲ့ ဘွဲ့တံဆိပ်တွေပါ၊ နာမည်နဲ့ အရည်အချင်း သတ်မှတ်ချက် တွေကိုပဲ အရင်အတိုင်း ယူလိုက်ပြီး တံဆိပ် ပုံသဏ္ဍာန်တွေကိုတော့ လုံးဝ ပြောင်းလဲ ပစ်လိုက်တာပါ) အောက်ဖော်ပြပါ ဘွဲ့တံဆိပ်များ ဖြစ်ပါတယ်။

(က) သုဓမ္မသင်္ဂဟဘွဲ့များ (၁) အဂ္ဂမဟာသီရိသုဓမ္မ (၂) သတိုးသီရိသုဓမ္မ (၃) မဟာသီရိသုဓမ္မ ရွှေစလွယ် အပါအဝင် (ခ) ပြည်ထောင်စုစည်သူ သင်္ဂဟာဘွဲ့များ (၁) အဂ္ဂမဟာသရေစည်သူ (၂) သတိုးမဟာ သရေစည်သူ (၃) မဟာသရေစည်သူ (၄) သရေစည်သူ (၅) စည်သူ (ဂ) ဘွဲ့များ (၁) သီရိပျံချီ (၂) ဇေယျကျော်ထင် (၃) ဂုဏ္ဏကျော်ထင် (၄) အလင်္ကာကျော်စွာ (၅) သိပ္ပကျော်စွာ

နာမည်ကြီးမြင့်တာနဲ့ အကြီးကြီး တွေဆိုတာ ခန့်မှန်းမိတယ် မဟုတ်လား။ ဒီဘွဲ့တံဆိပ်ကြီးတွေကို ထည့်မယ်၊ ဒါပေမယ့် အရင်ပုံစံအတိုင်း မယူဘူး။ အဲဒါကို အခြေခံပြီး အသစ် ထွင်မယ် ဆိုတော့... ကိုဘအေးတို့ ဦးနှောက် စားပြီပေါ့ဗျာ။ (ကိုဘအေးတို့ဆိုတာမှာ ညွှန်ချုပ်အထိ ပါတယ်ပေါ့ဗျာ) ဒီအဆင့် အထိ ရောက်လာတာတောင်မှ ချန်ထား ခဲ့တဲ့ ဘွဲ့တံဆိပ်တွေနေရာမှာ ဘာတွေ ဘယ်လို အစားထိုး ထည့်မယ် ဆိုပြီး အဆင့်ဆင့် အကြိမ်ကြိမ် တင်ပြပြီးတော့မှ နောက်ဆုံး ဒါတွေဖြစ်လာတာပါ။

တံဆိပ်ပုံစံသစ် လုပ်မယ်ဆိုတော့ Illustration Software နိုင်တဲ့ ရန်ကုန်က ဒီဇိုင်းဆရာကို လှမ်းခေါ်ရတော့တာပေါ့။ ရုံးမှာက အဲဒီလောက် ကျွမ်းကျင်တဲ့ ကွန်ပျူတာသမား မရှိသေးဘူး။ နောက်ပိုင်းတော့ သူနဲ့ တွဲလုပ်ရင်းနဲ့ တော်တော်လေး လုပ်တတ်သွားပါတယ်။

အဲဒီတော့ ဒီဇိုင်းတွေ ထုတ်လိုက်၊ လူကြီးတွေဆီ အဆင့်ဆင့် တင်ပြလိုက်၊ ပြန်ကျလိုက်၊ ပြန်ပြင်လိုက်၊ ပြန်တင်လိုက်နဲ့ ဆယ့်လေးငါးကြိမ်လောက်ရှိမှ အတည် ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ပြဌာန်းချက် စာအုပ်ကိုလည်း မူကြမ်း စာအုပ်ကို ရုံးမှာပဲ Colour Printerနဲ့ ထုတ်ပြီးတော့ နေပြည်တော် ပျဉ်းမနား ဆင်ရပ်နားက "တောင်ဂျေကား"မှာ ချုပ်ပါတယ်။ ဆိုင်ရှင် ကိုထွန်းက သဘော ကောင်းပါတယ်။ ကိုဘအေးတို့က မနက် မိုးလင်းတာနဲ့ လူကြီးတွေဆီ တင်ရမှာ ဆိုတော့ သူ့ဆိုင်ကို မနက် ၁နာရီလောက် နိုးပြီးတော့ စာလုပ်ချုပ်ခဲ့ရတာပါ။ သဘောသဘောသပ်သပ်နဲ့ စေတနာ ထားပြီး လုပ်ပေးပါတယ်။ (ကိုထွန်းရေ ကြော်ငြာ ပေးတယ်နော်) ပြဌာန်းချက် မူကြမ်းကို နောက်ဆုံး အတည်ပြုပြီး အတွင်းရေးမှူး (၁) လက်မှတ်ထိုးပြီးတော့မှ စာအုပ်ချုပ်ဖို့ ပြန်ကြားရေးကို အပ်တာပါ။

အရင် ၇၈ ပြဌာန်းချက်တုန်းကတော့ ကိုဘအေး မမီလိုက်လို့ ဘယ်လို လုပ်ခဲ့ ရတယ်ဆိုတာ မသိပါ။ အခု ၂၀၀၉ ပြဌာန်းချက်ကတော့ ခန့်မှန်းခြေ တစ်နှစ်ခွဲ လောက်တော့ ကြာသွားပါတယ်။ ၂၀၀၈ စပြီးလောက်က စတည်လိုက်တာ ၂၀၀၉ နှစ်ကုန်ပိုင်းလောက်မှ ထွက်လာတာပါ။ နဂိုက မဝတဲ့ ကိုဘအေးလည်း Weight တော်တော ကျသွားပါတယ်။ ညွှန်ချုပ်ကြီး အပါအဝင် အားလုံး ပင်ပန်းခဲ့ပါတယ်။

ကိုဘအေး မှတ်မိပါသေးတယ်။ ညွှန်ချုပ်ကြီး ဦးမြတ်ကို (ယခု တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်)က ရုံးမှာ အိပ်တာ များတယ်။ သူ့ရုံးခန်းက ကိုဘအေးတို့ အလုပ် လုပ်နေတဲ့ ဘဏ္ဍာ၊ ငွေစာရင်း၊ ညွှန်မှူးရုံးခန်းနဲ့ မျက်နှာချင်းဆိုင် ဆိုတော့ အဘလည်း စိတ်အေးလက်အေး မအိပ်နိုင်ပါဘူး။ ပုဆိုးကြီး မပြီး ကိုဘအေးတို့ ဘက်ကို ဝင်လာလိုက်၊ ပြန် ထွက်သွားလိုက်နဲ့ အဆင်ပြေရဲ့လား။ ဘာ လိုသေးလဲနဲ့ အမြဲမေးနေတာ။ အဘက လူကြီးတွေနဲ့ ထိပ်တိုက် တွေ့ပြီး ရှင်းရတာ ဆိုတော့ ပိုပြီး စိတ်ပူတာပေါ့လေ။ တကယ့်ကို နေ့မအား ညမနား လုပ်ခဲ့ ကြရတာပါ။

အခုလို ပြဌာန်းချက် အသစ်ကြီး ထွက်လာပြီဆိုပြန်တော့ ကိုဘအေးတို့ ပိုပြီး ပင်ပန်းဖို့ ဖြစ်လာပြန်တယ်။ ဘာဖြစ် လို့လည်း ဆိုတော့ အပေါ်က အကြီးကြီး တွေကို ၂၀၁၀ လွတ်လပ်ရေးနေ့မှာ အမိန့်ကြော်ငြာစာ ထုတ်၊ လိုအပ်တဲ့ တံဆိပ်၊ ဖဲကြိုး၊ ဂုဏ်ပြုလွှာတွေမှာ ပြည့်စုံ ပြီဆိုမှ အခမ်းအနား လုပ်တာပါ) ပြီးတော့ အခုပေးမယ့် တံဆိပ်တွေက (၁၄)ပဲရည် ရွှေနဲ့ လုပ်ရတာ၊ ကျောက်မျက်တွေလည်း ပါတယ်။

မှာယူရတဲ့ ကိုဘအေးတို့မှာလည်း အချိန်မီ ရပ့်မလားလို့ စိတ်ပူနေရသလို လုပ်ပေးရတဲ့ ဌာနတွေမှာလည်း အတော် ကသီလင်တ နိုင်အောင် လုပ်ပေးရပါတယ်။ အခမ်းအနားအတွက်လည်း ချောချော မောမောနဲ့ လစ်ဟာမှု မရှိရအောင် ကော်မတီတွေ ဖွဲ့ပြီး လုပ်ရပါတယ်။ ကိုဘအေးတို့ကတော့ အဓိက ဘွဲ့တံဆိပ် တွေ ဖဲကြိုးတွေ၊ ဂုဏ်ပြုစာလွှာတွေ၊ ယွန်းကျည်တောက်တွေ အချိန်မီ ရပြီးတော့ လှလှပပလေး အစီအစဉ်တကျ ခင်းကျင်း ထားနိုင်အောင် စီမံပေးရတာပါ။

၂၀၁၀၊ ၂၀၁၁အတွက် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် ချီးမြှင့်တဲ့ အခမ်းအနားများ ကိုတော့ နေပြည်တော် မြို့တော်ခန်းမမှာ လုပ်ခဲ့ပြီး ၂၀၁၂ တုန်းကတော့ MICC မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ခန်းမမှာ လုပ်ခဲ့ပါတယ်။ န.ဝ.တ လက်ထက်နဲ့ နလက လက်ထက်မှာ လုပ် ခဲ့တဲ့ ဒုဝန်ကြီးအဆင့်အထိ ပုဂ္ဂိုလ်တွေရယ်၊ အနုပညာရှင်တွေရယ် ပါဝင်ပြီး ၂၀၁၂ ခုနှစ် တုန်းက အခမ်းအနားနဲ့ မပေးခဲ့ရတဲ့ သူရဘွဲ့ (၆) ဦး အပါအဝင် (၂၄၆) ဦး ရှိပါတယ်။ ဒုညွှန်ချုပ် (ယခု ရန်ကုန်တိုင်း အုပ်ချုပ်ရေး မှူး ဦးခင်မောင်သိန်း) ဦးစီး ပြီးတော့ ကိုဘအေးတို့ တော်တော် လုပ်ခဲ့ရပါတယ်။ ကိုဘအေးဆိုရင် ဒုညွှန်ချုပ်အခန်းထဲမှာ ညွှန်မှူးနဲ့ အတူတူ အလုပ် လုပ်နေရင်း နာခေါင်းသွေးတောင် လျှံကျတဲ့အဖြစ် ရောက်ခဲ့ပါတယ်။ ရုံးကတော့ အခမ်း အနားမှာ ပါဝင် လုပ်ခဲ့တဲ့ သူတွေကို Dinner ပွဲလေး လုပ်ပေးပါတယ်။

ကိုဘအေးကတော့ ကိုယ့်အလုပ်ဟာ ကုသိုလ်ရတဲ့ အလုပ်လို့ ယူဆသလို ဂုဏ်လည်း ယူမိပါတယ်။ အသေးစိတ်တွေ လျှောက်ရေးနေရင်တော့ ဆုံးနိုင်မယ် မထင်ပါ။ ကိုယ်လုပ်ခဲ့ ကိုင်ခဲ့ရတာလေးတွေ အမှတ်တရအဖြစ်နဲ့ အကျဉ်းချုံးပြီး တင်ထားတာပါ။ ကိုဘအေး ပြောလေ့ရှိတဲ့ စကား ရှိပါတယ်။ လွတ်လပ်ရေးနေ့ ပြီးမှ ကိုဘအေးတို့လည်း လွတ်လပ်စွာမို့ "လွတ်လပ်မှ အမျှပေပါ" လို့...။

# အသံမာမှ လေးစားမှာလား

Dr. PTS



ထည်ပါ ခန့်ညားလှသော အဆောက်အအုံကြီးတစ်ခု ကြီးမားသော ဘောင်မဲ့ မှန်တံခါးကြီးကို တွန်းဖွင့်၍ ဝင်လိုက်ရသည်။ အေးမြလှသော လေနအေးက ရင်ကို လွှမ်း၍ သင်းပျံ့လှသော ရနံ့မွှေးမွှေးလေးကို ရှူရှိုက်လိုက်ရသည်။ ဒေသ့ကြိုကောင်တာ ဆိုသော နေရာ၌ ကွန်ပျူတာများကို ခေါင်းမဖော်တမ်း နှိပ်နေကြသော မိန်းမပျိုတစ်ချို့နှင့် တယ်လီဖုန်းလက်ကိုင်ခွက်ကို ခေါင်းနှင့် ပခုံးကြား ညှပ်ကာ လက်တစ်ဖက်က ဘောလ်ပင် ကိုင်၍ ရေးနေသော မိန်းမပျိုတစ်ချို့ကို တွေ့လိုက်ရသည်။ ယခုလောက် ဆိုလျှင် စာဖတ်သူ မိတ်ဆွေတို့ အာရုံ၌ ပေါ်လွင်လောက်ပြီ ထင်ပါ၏။

"အဆင့်မြင့် ကုမ္ပဏီကြီးလား။ ဟိုတယ်ကြီးလား..." မဟုတ်ပါ။ "အထူးကု ဆေးရုံကြီး" တစ်ခုပါ။

အတွင်း၌ ဟိုမှ သည်သို့ ပြေးလွှားနေသော ဝန်ထမ်းများ၊ တုံ့ချိ တုံ့ချိဖြင့် သွားလာ နေကြသည့် အဘိုးအို အဘွားအိုများ၊ စာရွက်စာတမ်း၊ ဓာတ်မှန်အိတ်တို့ကို တစ်ပွေ့တစ်ပိုက် သယ်လာကြသော လူငယ်လူရွယ်များ၊ အသက်အရွယ် အလယ်အလတ်ရှိသူများ အစရှိသည့် လူပေါင်းများစွာကို တွေ့ရသည်။ စည်ကားအောင်မြင်လှသည့် Shopping Mall တစ်ခု အလား စည်ကားနေသည်။ "ပုဂ္ဂလိက ကဏ္ဍ" "Private Sector" ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းကြီးတစ်ခု ဖြစ်သည်။ "ညီမရေ Emergencyက ဘယ်ဘက်လဲ" တောမှ တက်လာသူမို့ မေးရတော့သည်။ မိခင်ဖြစ်သူ အလွန်အမင်း ရင်ကြပ်လာ၍ အရေးပေါ် အထူးကု ဆေးရုံကြီးသို့ သွားနှင့်ပြီဟု ဖခင်ဖြစ်သူက Ph ဆက်သဖြင့် လိုက်လာရခြင်း ဖြစ်သည်။ နေ့လည်ခင်းက မိခင်ဖြစ်သူ ရင်ကြပ်နေသည်ကို သိရသဖြင့် စမ်းသပ်ပြီး လိုအပ်သော ကုသမှုများ ပြုခဲ့တုန်းကပင် ယခုလောက် အခြေအနေ မဆိုး။ ဤသည်လဲ မမြဲသော တရားပင် မဟုတ်လော။ လူအများ သိရှိ ကြားဖူးကြသည့် "နမိုးနီးယား" ခေါ် Community Acpuired Pneumania ဆိုသည့် အဆုတ်ယောင်ယမ်းမှုကြောင့် နဂိုရှိရင်းစွဲ နာတာရှည် ပန်းနာရင်ကြပ်ကို နှစ်ဆတိုး ပို၍ ဆိုးစေခဲ့ခြင်း ဖြစ်မည်ဟု ကောက်ချက်ချမိသည်။ ဖျားနာ၍ ချောင်းဆိုးသည်မှာ (၁၀)ရက်မျှပင် ရှိပြီ ဖြစ်သော်လည်း သားဖြစ်သူ စိတ်အာရုံ အနှောက်အယှက် ဖြစ်မည် စိုးရိမ်သဖြင့် မိမိ ရောက်ရှိလာသည့်နေ့ရောက်မှသာ ဖွင့်ပြောခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ဆရာဝန်ပါ ...နစ်က ကျောင်းပြီးတာပါ" MOဟု ခေါ်သည့် ဆရာဝန်မလေးအား မိတ်ဆက်မိသည်။ ခေတ်မီစတိုင်ကျသော ဂုတ်စား ဆင်ယင်မှုနှင့် ဆံဖျားမှ ခြေဖျားအဆုံး လိမ်းကျံ ပြင်ဆင်ထားသည့် "ကျော့ကျော့ မော့မော့" ဟန်ပန်လည်း ရှိသော ဆရာဝန်မလေးသည် မိမိထက်တော့ ငယ်မည်မှာ သေချာလှသည်။ စာရေးသူတို့ ကျောင်းသား ဘဝမှစ၍ ရန်ကုန်တွင် လက်ထောက် ဆရာဝန်အဖြစ် တာဝန်ထမ်းစဉ်ကပင် "ဘဝတူ" "ဆွေမျိုးသားချင်းဟု သတ်မှတ်ထားသည့် စည်းကမ်း တစ်ခုအဖြစ် "ဆရာဝန် မိသားစု"ဟု သိရလျှင် ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစားပြီး ငယ်သူကို ဦးစားပေးသည့် ဆက်ဆံမှုမျိုးဖြင့် "ထဲထဲ ဝင်ဝင် မကူညီနိုင်လျှင်တောင်" နှုတ်အားဖြင့် ကူညီစောင်မကြရသည်။ သို့သော် ယခုကား ဤသို့ မဟုတ်တော့။ "ဟုတ်ကဲ့ ဘာဖြစ်ချင်ပါလဲ" ဆရာဝန်မလေး နှုတ်မှ တုံးတိတိ ခပ်ပြတ်ပြတ် စကားသံ ပြန်ကြား ရသလို မျက်နှာမှလည်း ခက်ထန်၍ မနစ်မြို့ဖွယ် အမူအရာကို တွေ့ရသည်။ မိခင် အခြေအနေမှာ စိုးရိမ်ရသည့် အခြေအနေတွင် မရှိ။ လိုအပ်သော ဆေးတစ်ကြိမ် ရှုပြီး၍ အနည်းငယ် သက်သာနေပြီဖြစ်သဖြင့် မိမိဘာသာ အိမ်တွင် ဆက်လက် စောင့်ရှောက်လိုကြောင်း၊ ဆေးရုံသို့ မတက်လိုကြောင်း ခွင့်တောင်းရသည်။

အထူးကု သမားတော်ကြီးနှင့် အရေးပေါ် ပြသပြီးကာမှ ဆရာကြီး၏ ခွင့်ပြုချက်အရ အိမ်ပြန်ခွင့်ရသည်။ ထိုဆရာကြီးကိုပင်လျှင် "ဆရာဝန် အမေတဲ့ ဆရာ"ဟူ၍ မပြောချင် ပြောချင် ပြောပြသည်။ ထိုသို့ ကြားလျှင် ဆရာကြီးက မိမိကို တရိုတသေ (မိမိထက် အသက် ရောဂါ ပါကြီးသော်လည်း) ရောဂါ အကြောင်းကို Medical Terms များဖြင့် Discuss လုပ်ပေးပြီး သူညွှန်ကြားလိုသည့် စစ်ဆေးမှုနှင့် ဆေးဝါးတို့ကို ပေးရန် ခွင့်တောင်းသည်။ ဤနေရာ၌ တင်ပြလိုသည်မှာ ခေတ်သစ် လူငယ် (ဆရာဝန်များ)၏ ခံယူချက်နှင့် ဆက်ဆံရေးကို နမူနာအဖြစ် တင်ပြရခြင်း ဖြစ်ပါသည်။ မိမိကိုယ်ကို ယုံကြည်မှု (Self Confidence) သည် ကောင်းသော အလေ့အကျင့် တစ်ခုပင် ဖြစ်သော်လည်း ရိုသေ လေးစားမှု (Respect)၏ တန်ဖိုးကို သိရှိရန် ပို၍ အရေးကြီးပါသည်။ သွက်လက် ထက်မြက်သော ယနေ့ခေတ် လူငယ်များ (ဆရာဝန် သာမက ပညာရပ်ပေါင်းစုံ)သည် "လုပ်တိုင်းဖြစ်" နေ၍ "ငါမှ ငါ" ဖြစ်နေကြ သည်ဟု ထင်မြင်မိသည်။

ဆရာဝန်များအနေဖြင့် လူနာများ အပေါ်တွင် "လုပ်ငန်းရှင်နှင့် အလုပ်သမား" "ဓနရှင်နှင့် ကျေးကျွန်" ပမာ မဆက်ဆံသင့်ပေ။ "ဆရာဝန်၊ ဆရာမ အမျိုးကိုပင် ဤသို့ ဆက်ဆံနေလျှင် အခြားသူများ အပေါ်တွင် သာ၍ ဆိုးပေမည်။ အမှန်တကယ် ပြောရလျှင် "ဆရာဝန် အမျိုးလူနာ"ကိုမှ တရိုတသေ လေးလေး စားစား ဆက်ဆံရမည် မဟုတ်။ လူတိုင်း (ဆင်းရဲ ချမ်းသာ အယုတ်အလတ် မရွေး) ကို "လူနာ" ဆိုလျှင် ဦးစားပေး ဆက်ဆံရမည်။ လူနာရှင်နှင့် မိသားစု ပြောလိုသည်များ၊ လိုလားသည်များ၊ လိုအပ်ချက်များကို ဂရုစိုက်ပေးသင့်သည်။ ကျန်းမာရေး စောင့်ရှောက်မှုဟူသည် ဆေးကုရုံ၊ ဆေးပေးရုံနှင့် မပြီးမြောက်။ ဆရာဝန်များကို "ဘုရား" ကဲ့သို့ ရှိသေကိုးစားခဲ့သော မြန်မာလူမျိုးများ (ယခုခေတ်တွင်တော့ လျော့ပါးလာပြီဖြစ်သော လေးစားရိုသေမှု) အဖို့ လူနာဟူသည် ဆရာဝန် ပြောသမျှ "ခံ" ရမည့် အတန်းအစားဟု မည်သူက သတ်မှတ် ခဲ့သည် မဟုတ်။ ပညာဗဟုသုတ နည်းပါး၍ ရောဂါဆိုးရှားစွာ ခံစားကြရသည် ကလည်း များသဖြင့် "ဟောက်တိုင်းခံရန်" လည်း အသင့်ဖြစ်နေကြသည် မဟုတ် လော။

စာရေးသူတို့ နိုင်ငံသားများကား "ပါပါ" ရလျှင် ဟောက်ကြသည်က များသည်။

ဆရာဝန် မဆိုထားဘိ။ ဆေးရုံစောင့်ကပင်လျှင် လူနာတို့ကို ကြုံလျှင် ကြုံသလို ဟောက်သည်။ လစ်ရင် လစ်သလို စည်းကမ်း ဖောက်လေ့ ရှိသဖြင့်လည်း အချိန်တိုင်း စည်းကမ်းတင်းကြပ် နိုင်းနေရသဖြင့်လည်း ဖြစ်သည်။ ဤနေရာမှ "ဟောက်စား" ဟူသည့် "ဟောက်" ပြီး "စား" သော (အခြား ဌာနများမှ ဝန်ထမ်းများ နည်းတူ) ဝန်ထမ်း တစ်စု ပေါ်လာတော့သည်။ ဤသည်လည်း "အစိုးရ" ဆေးရုံများကို ပြည်သူများ မနှစ်မြို့၊ ကြောက်လန့်ရသော အချက် တစ်ချက် ဖြစ်သည်။ စာရေးသူ အလုပ်သင်ဘဝက ဆေးရုံကြီးတစ်ခုသို့ လူနာသတင်း မေးသွားစဉ်က အဖြစ်အပျက် တစ်ခုကို သတိရမိသည်။ မိမိနှင့် စိမ်းသော ဆေးရုံကြီးမို့ အဝင်အထွက်မှ စ၍ မရင်းနှီး။ သွားဖူးသော သူငယ်ချင်းများက "ဟိုရောက်ရင် မင်း ခပ်တည်တည်နှင့် ဆရာဝန်ပုံပေါ် အောင်သွား မဟုတ်ရင် ဟိုက အလုပ်သမားတွေက မင်းကို ပိုက်ဆံတောင်းလိမ့်မယ်"ဟု မှာကြားလိုက်၍လည်း အထူး ပြင်ဆင်သွားသည်။ ဆေးရုံဝရောက်သည်နှင့် Ward သို့ သွားလိုသည်ကို ပြောလိုက်ရုံနှင့် အလုပ်သမား တစ်ဦးက "လာပါဆရာ၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"ဟု ပြောသဖြင့် အားတက်သွားသည်။ "ငါတော့ ဟုတ် သွားပြီ။ ဆရာဝန်မှန်း သိသွားပြီ" ဟူ၍။

လိုရာအရပ်သို့ ရောက်အောင် ပို့ပြီးသည်နှင့် ထိုသူက "ဆရာ ဘယ်ဆေးရုံကလဲ"ဟု မေးသဖြင့် ပို၍ အားတက်သွားသည်။ သို့သော် "ဆရာ တပည့်ကို ငွေငါးရာလောက် စွန့်ခဲ့ပါတဲ့"... "သွားပြီ" ဆရာဝန်ဆိုတော့ ပိုတောင်းပြီ။ ထိုစဉ်က အဝင်အထွက် ငါးဆယ် တစ်ရာ ပေးရလျှင်ပင် များလှချေပြီ။ "ဘာထပ် ပြောရမည်နည်း။" ကျွန်တော်က ဆရာဝန်ပါဟု ဖြေလျှင် "သိတယ်လေ ဆရာဝန်မို့ ပိုတောင်းတာပေါ့"ဟု ဖြေလျှင် ခက်မည်။ ဩော် ဆရာဝန်တောင် တောင်းရဲမှ ကျန်တဲ့ သူကို ဘာမှ မှာလဲ...

"ဒါလေးကို ဒီလို လုပ်လိုက်ပါ"၊ "ဒီလို တော့ မလုပ်ပါနဲ့ဗျာ" "ဒီမှာ ဒီစည်းကမ်း ရှိလို့ ခွင့်မလွှတ်နိုင်ပါဘူး"ဟူသော အဓိပ္ပာယ် ပြည့်ဝသည့် စကားပေါင်း များစွာကို အသံ အနေအထား၊ မျက်နှာထား မျိုးစုံဖြင့် ပြောနိုင်ပါသည်။ ထို အထူးကု ဆေးရုံကြီးရှိ သူနာပြုနှင့် ဝန်ထမ်း အချို့ကား ထိုစွမ်းရည်ကောင်းကို ပိုင်ဆိုင်ထားသည်။ "ဦးလေး ဒီနေရာမှာ ငွေသွင်းပေးပါရှင်" "ဟိုနေရာကို ပိုင်ဆိုင်ထားသည်။ "ဦးလေး ဒီနေရာမှာ ငွေသွင်းပေးပါရှင်" "ဟိုနေရာမှာ ဘောက်ချာ ဖျက်ပေးပါရှင်" ချိုသာ လှသည်။ ဤသည်မှာလည်း ပုဂ္ဂလိကဘက်နှင့် အစိုးရဘက်များ၏ ကွာခြားချက်နှင့် တစ်ထပ်တည်းပင်။ ဆရာဝန်လူတန်းစားကား အလုပ်များလွန်း၍ စိတ်မရှည်ဟု ပြောကြပေလိမ့်မည်။ စာရေးသူ ကိုယ်တိုင်လည်း ဆရာဝန် တစ်ယောက်ပင် ဖြစ်သည်။ ပြောရလျှင် "ကိုယ့်ပေါင် ကိုယ်လှန်ထောင်း" သကဲ့သို့ ဖြစ်ပြီး မိမိကို "အသားထဲမှ လောက်ထွက်သည်"ဟု စွပ်စွဲကြမည်။ မတတ်နိုင်ပါ။ တစ်တိုင်းပြည်လုံး တိုးတက်ဖို့ ပြောင်းလဲဖို့ ပြောရသည်သာ။

တစ်ခါကလည်း အသိလူနာတစ်ဦး အသည်းအသန်ခန်း (ICU) Intensive Care Unit ပို့ခဲ့ရ၍ သတင်း သွားမေး မိခဲ့သည်။ အခြားတစ်ဖက် ကုတင်မှ ဆုံးခါနီး လူနာမိသားစု အပေါ်တွင် ဆရာမများမှ ဆက်ဆံရေးကို ရှု့ချမိသည်။ ပူဆွေးသောက ရောက်နေပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော လူနာ၏ မိခင်ကို "ဒီလို ထိုင်ငိုနေလို့ ကောင်းလာမှာ မဟုတ်ဘူး"ဟု ဟောက်သည်။ အသည်းအသန် လူနာ (၁၀)ဦးမျှ ရှိ၍ အလုပ်ရှုပ်မည်။ စိတ်မရှည် မည်မှာ သေချာသော်လည်း စွန့်လွှတ်ရတော့မည့် သမီးငယ်အတွက် ပူဆွေးသောက ရောက်နေသော မိခင်၏ ရင်တွင်းရှိ အပူမီးသည် မည်မျှ ကြီးမည်ကို လူတိုင်း သိနိုင်ပါသည်။ ထိုဆရာမ ဘာကြောင့် ထိုသို့ ကိုယ်ချင်း စာနာစိတ် မရှိသနည်း။ ကောင်းမွန်စွာ ရှင်းပြ နှစ်သိမ့်နေသော တာဝန်ကျ ဆရာဝန်ငယ်ကိုပင် မချေမငံ ပြန်ပြောသည်။ လူနာ၏ အသက်ကို ကယ်ရုံတင်မက မိသားစု၏ ပူဆွေးသောကအတွက်ပါ စဉ်းစားပေးတတ်သော ထိုလူငယ်ဆရာဝန် (ဘွဲ့လွန်ကျောင်းသားဟု သိရသည်။)ကို စိတ်ထဲမှ ချီးမွမ်းမိသည်။ ထို့ကြောင့်လည်း ကျန်းမာရေး နာမည် ပျက်ရခြင်းပင် ဖြစ်သည်။

ဌာနတိုင်းတွင် နေရာရလျှင် "အောက်ခြေ ဝန်ထမ်းမှ အစ" ဟောက်ကြသည်။ ကူညီတတ်သည်။ ဖော်ရွေလှသည် ဟူသော ချစ်စရာ ကောင်းသည့် အမူအကျင့်များ မရှိတော့ပြီလော။ လူ့ရှင်တော်များ ပြောသည့် "ဆဲရင်း ဆဲရင်းနှင့် ဆင်းရဲလာသည်" ဟူသော စကားသည် သာမန်ပျက်လုံး မဟုတ်။ တန်ဖိုး ရှိလှသည့် ပညာပေး စကားတစ်ခွန်းတည်း။ သူတစ်ပါး၏ အကျိုးကို ပျက်စေလို၍ (သို့) မိမိမှ မတရားသော အခွင့်အရေး ပြန်ရယူလို၍ တိုင်ကြားသော အမှုအခင်းများသည် လက်ရှိ အချိန်တွင် ပေါများလှသော်လည်း ရိုးသားစွာဖြင့် နစ်နာမှုကို အမှန်တကယ် ခံစားခဲ့ရသော (အထက်က တင်ပြခဲ့သော) လူနာများကား တိုင်တန်းလေ့ မရှိကြ၍ ထိုသို့သော ဝန်ထမ်းများကား အမြဲ လွှတ်နေ၍ ပိုပြီး ဆိုးလာကြတော့သည်။

အချုပ်အားဖြင့် ဆိုရလျှင် လူတိုင်း ကျန်းမာ လိုကြသည်။ မကျန်းမာ၍သာ ဆေးရုံ ဆေးခန်း ရောက်ကြသည်။ "မီးဖွား"သူ ကိုယ်ဝန်ဆောင် မိခင်၏ မိသားစုမှ လွဲ၍ ဆေးရုံ ရောက်သူတိုင်း ပမ်းသာအားရ ဖြစ်စရာ မရှိလှ။ "ကုသိုလ်လည်း ရ ဝမ်းလည်း ဝ" အလုပ်ကို လုပ်နေကြသော ကျန်းမာရေး ဝန်ထမ်းများ အဖို့ "စေတနာ" နှင့် "ကိုယ်ချင်းစာတရား" ရောယှက်ကာ "မေတ္တာ" ရေ့ထား ဆက်ဆံလိုက်မည်ဆိုလျှင်ကား တုနှိုင်းမရနိုင်သည့် အကျိုးကျေးဇူးများ ပေါ်ထွန်းလာမည်မှာ မလွဲဧကန် ဖြစ်ပါသည်ဟု နောက်လာနောက်သားများအား သတိပေး တိုက်တွန်းလိုက်ရပါတော့သည်။

Advertisement

MEDIALANE
THE CREATIVE AGENCY

LET THE WHOLE WORLD KNOW ABOUT YOUR BUSINESS WITH A WORLD-CLASS

WEBSITE

TALK TO US
01-430-897
01-553-918

OUR WORK
WWW.MEDIALANE.COM.AU

OUR OFFICE
58B MYANMA GON YAUNG HOUSING, THAN THU MAR ROAD, TAMWE TOWNSHIP, YANGON, 11211, MYANMAR

# ဘာလုပ်လုပ် စာချုပ်နဲ့ လုပ်ပါ... ပဋိညာဉ်အကြောင်း သိကောင်းစရာ



Win-Win

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေး ဖြစ်ထွန်း အောင်မြင်ရေးသည် အရေးကြီးလှသည်။ စီးပွားရေး လုပ်ငန်းများ အသွင်အမျိုးမျိုး ရှိကြသည်။ စက်ရုံ၊ အလုပ်ရုံ၊ တည်ဆောက်ခြင်းစသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ မြေပေါ်၊ မြေအောက် သယံဇာတများ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကဲ့သို့ ဝန်ဆောင်မှု လုပ်ငန်းများစသည် စသည် လုပ်ကိုင် ကြရာတွင် ဆိုင်ရာ၊ ဆိုင်ရာ လုပ်ငန်းအလိုက် စာချုပ်စာတမ်းများ ချုပ်ဆိုကြရသည်။ မြေဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အိမ်၊ အိမ်ခန်း ဝယ်ယူခြင်း၊ ငှားရမ်းခြင်း အစရှိသဖြင့် စာချုပ်စာတမ်း ပြုလုပ် ကြရသည်။

စာချုပ်စာတမ်း ပြုလုပ်သည်ဆိုရာတွင် စာချုပ်သူနှစ်ဦးအကြား ပဋိညာဉ်တစ်ရပ် ထားရှိခြင်း ဖြစ်သည်။ ယင်းပဋိညာဉ်သည် ဥပဒေနှင့် ညီညွတ်ရသည်။ ဥပဒေနှင့် ညီညွတ်သော အဘိုးစားနား၊ ရည်ရွယ်ချက်မရှိသော ပဋိညာဉ်သည် ပျက်ပြယ်သည်။ ပဋိညာဉ်တစ်ရပ်ကို စာဖြင့် ရေးသားထားပါက စာတွင် ပါသည့်အတိုင်း အဓိပ္ပာယ် ကောက်ယူ၍ လိုက်နာဆောင်ရွက်ရသည်။ ဥပဒေအရ အတည်ဖြစ်သော ပဋိညာဉ်တစ်ရပ် ဖြစ်ရန်အချက် (၄)ချက် ပြည့်စုံရန် လိုသည်။

(၁) ပဋိညာဉ်ပြုသူသည် ပဋိညာဉ် ပြုလုပ်နိုင်သူဖြစ်ရမည်။

(၂) ပဋိညာဉ်ပြုသူတို့သည် လွတ်လပ်သော သဘောတူညီချက် ရှိရမည်။

(၃) ပဋိညာဉ်အတွက် ဥပဒေနှင့် မဆန့်ကျင်သော အဘိုးစားနား ရှိရမည်။

(၄) ပဋိညာဉ်ပြုသူတို့၏ ရည်ရွယ်ချက်သည် ဥပဒေနှင့် ညီညွတ်ရမည်။

ဥပဒေအချို့တွင် ပဋိညာဉ်ကို စာဖြင့် ရေးရမည်ဟု ပြဌာန်းထားသည်။ ပဋိညာဉ်ပြုပြီး နောက်ပိုင်း အငြင်းအခုံ မပေါ်ပေါက်စေရန် ဖြစ်သည်။

၁၈၇၅ ခုနှစ် ဥပဒေအမှတ် ၉ ဖြစ်သော အရွယ်ရောက်ခြင်း ဥပဒေပုဒ်မ (၃)အရ အသက် ၁၈နှစ်ပြည့်ပြီးသူတိုင်းသည် အရွယ်ရောက်ပြီးသူ ဖြစ်သည်။ အရွယ်ရောက်ယုံနှင့် မပြီးသေး။ စိတ်ကောင်းရှိသူ ဖြစ်ရမည်။ စိတ်ကောင်းရှိသူဆိုသည်မှာ ရူးသွပ်သူ မဖြစ်စေရဟု ဆိုလိုခြင်း ဖြစ်သည်။ ဥပဒေ၏ သဘောသည် တိကျသည်။ မှန်ကန်သည်။ စိတ္တဇ ဆေးရုံတွင် ဆေးကုသနေသူ တစ်ဦးသည် စိတ်ဖောက်ပြန်နေသဖြင့် သာမန်အားဖြင့် ပဋိညာဉ်ပြုနိုင်သူ မဟုတ်ပေ။ စိတ္တဇ ဆေးရုံတွင် ဆေးရုံတက်နေသူနှင့် မည်သူမျှ အလုပ်သဘော စာချုပ်စာတမ်းများ သွားရောက်ချုပ်ဆိုလိမ့်မည် မဟုတ်ပေ။ သို့သော် စိတ္တဇဆေးရုံတွင် ဆေးကုသနေသူတစ်ဦးသည် တစ်ခါတစ်ရံ စိတ်ကောင်း ဝင်လာတတ်သည်။ စိတ်ကောင်း ဝင်လျက်ရှိစဉ်တွင် ၎င်းနှင့် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်သည် တရားဝင်စာချုပ်ဖြစ်သည်။

စိတ်ကောင်းရှိနေသည့် လူကောင်း တစ်ဦးသည် အဖျားရောဂါကြီး၍ ငန်းဖမ်းနေစဉ်တွင်လည်းကောင်း၊ အရက် အလွန်အကျွံ မူးယစ်နေစဉ်တွင် လည်းကောင်း၊ မိမိပြုလုပ်မှုမှာ မည်သို့ အကျိုးသက်ရောက်မှု ရှိသည်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိသဖြင့် ယင်းငန်းဖမ်းခြင်း၊ သို့မဟုတ် မူးယစ်ခြင်း မပြေပျောက်မီ ၎င်းနှင့် ပဋိညာဉ်စာချုပ် ပြုလုပ်ပါက တရားမဝင်ပေ။

သို့ဖြစ်၍ မိမိနှင့်ပဋိညာဉ်စာချုပ် ချုပ်ဆိုမည့်သူသည် စိတ်ကောင်း ရှိမရှိ ချင့်ချိန်တက်ရန် လိုသည်။ ထိုသူသည် မိမိပြုလုပ်သော ပြုလုပ်မှုကို သဘောပေါက်ခြင်း ရှိမရှိ မိမိအပေါ် မည်သို့ အကျိုးသက်ရောက်မည်ကို နားလည်မလည်ဆိုသော အချက်ပေါ်မူတည်၍ သုံးသပ်ရသည်။ လူတစ်ဦး စိတ် အားငယ်နေသည်ဆိုခြင်းသည် စိတ် ဖောက်ပြန်နေခြင်း မဟုတ်။ အသက်ကြီး၍ စိတ်မနိုင်ခြင်းသည်လည်း စိတ် မကောင်းခြင်း ဖြစ်သည်ဟု မဆိုနိုင်။

စာချုပ်သူ နှစ်ဦး နှစ်ဖက် လွတ်လပ်စွာ သဘောတူညီသည်ဆိုခြင်းမှာ စာချုပ်ပါ အကြောင်းအရာပေါ် နှစ်ဘက်လုံးက တစ်ညီတစ်ညွတ်တည်း နားလည် သဘောပေါက်ကြရန် လိုအပ်ခြင်းကို ဆိုသည်။ အဆိုပြုသူက အဓိပ္ပာယ် တစ်မျိုးနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး အခြားတစ်ဖက်က အခြား အဓိပ္ပာယ် တစ်မျိုးနှင့် နားလည် လက်ခံခြင်း ဖြစ်ပါက နှစ်ဦးနှစ်ဖက် သဘောညီညွတ်မှု မရှိသဖြင့် အထမြောက်သော ပဋိညာဉ်စာချုပ်ဟု မဆိုနိုင်ပေ။ ဥပမာ - လူတစ်ဦးက ရောင်းရန် ကမ်းလှမ်းသည့် ပစ္စည်းကို ဝယ်မည့်သူက တခြားပစ္စည်းဖြစ်မည်ဟု အဓိပ္ပာယ် ကောက်ယူပါက အရောင်းအဝယ် ပဋိညာဉ်စာချုပ် မဖြစ်ပေ။

စာမတတ်သူအား ပဋိညာဉ်စာချုပ်ကို ဖတ်ပြရာ၌ အမှန်ကို ဖတ်မပြဘဲ တလွဲ ဖတ်ပြသဖြင့် လက်မှတ်ထိုးခဲ့ရလျှင် ထို ပဋိညာဉ်စာချုပ်သည် အတည်မဖြစ်ပေ။ ယခုအချိန်အခါကဲ့သို့ နိုင်ငံခြားသားများနှင့် ကူးလူးဆက်ဆံ၍ စာချုပ်များ ချုပ်ဆိုနေကြချိန်တွင် များစွာ သတိထားသင့်သည်။ မြန်မာစာဖြင့် ချုပ်ဆိုသည့် အပြင်၊ စာချုပ် ချုပ်ဆိုသည့် နိုင်ငံခြားသား လူမျိုး၏ ဘာသာစကား စာဖြင့် လည်းကောင်း၊ နိုင်ငံတကာ လက်ခံ အသုံးပြုသော အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ချုပ်ဆိုကြရမည်။ ယင်းစာချုပ်ပါ စာများကို နှစ်ဖက်လုံးက နားလည် လက်ခံရမည်ဖြစ်သည်။

တစ်ချို့ကိစ္စရပ်များတွင် အာမခံစာချုပ် ဖြစ်ပါလျက် သက်သေအဖြစ်သာ ထိုးခြင်း ဖြစ်သည်ဟု လိမ်လည်၍ လက်မှတ် ထိုးခိုင်းသောကြောင့် လက်မှတ်ထိုးသူ ကလည်း သက်သေအဖြစ် ထိုးလိုက်သည်။ ယင်းသို့ ထင်မှတ်၍ လက်မှတ်ထိုးခဲ့ရသူ အပေါ် အာမခံသူအဖြစ် အရေးမယူနိုင်ပေ။

ပဋိညာဉ်စာချုပ် ချုပ်ဆိုရာတွင် လူတစ်ဦးက မချုပ်ဆိုချင်ပါဘဲလျက် အတင်းအဓမ္မ ခြိမ်းခြောက်ခြင်း၊ အနိုင်အထက် ပြုခြင်းကြောင့် ချုပ်ဆိုရခြင်း ဖြစ်ပါက လွတ်လပ်သော သဘောတူညီချက် မဟုတ်၍ တရားဝင် ပဋိညာဉ်စာချုပ် မဟုတ်ပေ။ ယင်းသို့ ခြိမ်းခြောက်သည်ဟုဆိုရာတွင် ခြိမ်းခြောက်ခြင်းခံရသူ၏ မိဘ၊ ဇနီး၊ ခင်ပွန်း၊ သားသမီးအား နစ်နာစေမည်ဟု ခြိမ်းခြောက်ခြင်းလည်း ပါဝင်သည်။

မတရား ဩဇာသုံးခြင်းဖြင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုစေခြင်းသည်လည်း တရားမဝင်ပေ။ ရောဂါဝေဒနာ အကြီးအကျယ် ခံစားနေရသူ မောင်ဖြူအား ကုသသူ ဆရာဝန် မောင်မဲသည် မောင်ဖြူအပေါ် ဩဇာရှိသည့်အလျောက် ဆေးကုခကို ထိုက်သင့်သည်ထက် ပိုပြီး ငွေ အမြောက်အမြား ပေးရန် သွေးဆောင်လျှင် မတရား ဩဇာသုံးရာ ရောက်ပေသည်။

လိမ်လည်လှည့်ဖြား၍ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်သည်လည်း တရားမဝင်ပေ။ မဟုတ်မမှန်သော အကြောင်းခြင်းရာကို ဟုတ်မှန်ကြောင်း မယုံကြည်ပါဘဲလျက် ဟုတ်မှန်သည်ဟု လိမ်လည်ပြောဆိုခြင်းသည် လိမ်လည်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အသက် အာမခံထားသူသည် မိမိ၏ အသက်နှင့် ရောဂါ စွဲကပ်ဘူးခြင်း ရှိမရှိ ကိုယ်တိုင် သိရှိပါလျက် ယင်းအချက်အလက်များကို လိမ်လည်ပြီး အသက် အာမခံ ပေါ်လစီ ရယူခဲ့လျှင် လိမ်လည်ရယူခြင်း ဖြစ်၍ တရားမဝင်ပေ။

အမှန်ကို မသိအောင် ဖုံးကွယ်ခြင်းဖြင့် တိန်ဖုက်၍ ပြုလုပ် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်သည် တရားမဝင်ပေ။ ဥပမာအားဖြင့် မောင်ဖြူသည် နံရံတွင် ချို့ယွင်းချက် ရှိသော အိမ်တစ်လုံးကို နံရံကပ်စက္ကူ ကပ်၍ ဖာထေးပြီး ချို့ယွင်းချက် ဖုံးကွယ်၍ ရောင်းချခြင်းသည် လိမ်လည်ခြင်း ဖြစ်သည်။

ကုန်သည် မောင်ဖြူနှင့် မောင်မဲတို့သည် အရောင်းအဝယ် ပဋိညာဉ်စာချုပ်တစ်ရပ် ပြုလုပ်ကြစဉ်၊ မောင်ဖြူသည် ကုန်ဈေးနှုန်း ပြောင်းလဲကြောင်း တိတ်တဆိတ် သတင်း ရရှိသည်၊ ထိုသတင်းကို မောင်မဲသိလျှင် ပဋိညာဉ်စာချုပ်ကို ဆက်လက် ဆောင်ရွက်ရန် ဆန္ဒ မရှိစေကာမူ မောင်ဖြူသည် ထို သတင်းကို မောင်မဲအား ဖွင့်ပြောရန် တာဝန် မရှိပေ။

တလွဲပြောဆိုခြင်းဖြင့် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်သည်လည်း တရားမဝင်ပေ။ လိမ်လည် ပြောဆိုခြင်းနှင့် အလွဲပြောဆိုခြင်းသည် ခြားနားသည်။ လိမ်လည်ပြောဆိုခြင်းဆိုရာတွင် ပြောဆိုသူသည် မှန်ကန်ခြင်း မရှိသည်ကို သိလျက်နှင့် မှန်ကန်သည်ဟု တမင် ပြောဆိုခြင်း ဖြစ်သည်။ အလွဲပြောဆိုခြင်းဆိုရာတွင် အလွဲပြောဆိုသူသည် မှန်ကြောင်းကို ယုံကြည်ရန် အကြောင်းမရှိဘဲ မှန်သည်ဟု ပြောဆိုခြင်း ဖြစ်သည်။

ဥပမာအားဖြင့် မိမိကိုယ်တိုင်က အိမ်ပိုင်ရှင် မဟုတ်ပဲ အိမ်ငှားဖြစ်ပါလျက် အိမ်ပိုင်ရှင် ဖြစ်သည်ဟု ပြောဆို ရောင်းချလျှင် အလွဲပြောဆိုခြင်း ဖြစ်၍ အတည် မဖြစ်ပေ။

အရောင်းအဝယ်ပြုစဉ်က ချုပ်ဆိုသည့် စာချုပ်တွင် ဖော်ပြထားသော ပစ္စည်းနှင့် နောက် အမှန်တကယ် ရရှိသည့် ပစ္စည်း လုံးဝ မတူညီဘဲ ကွဲပြားခြားနားနေပါက အလွဲပြောဆိုခြင်းဖြစ်၍ စာချုပ် အတည် မဖြစ်ပေ။

ပဋိညာဉ်စာချုပ်သည် ဥပဒေနှင့် မညီညွတ်သော အဘိုးစားနား ဖြစ်ပါက ယင်း ပဋိညာဉ် စာချုပ်သည် ပျက်ပြယ်သည်။ မောင်ဖြူသည် မိမိပိုင် အိမ်ကို ငွေကျပ်သိန်း ၁၀၀ နှင့် မောင်မဲကို ရောင်းချရန် သဘောတူ စာချုပ် ချုပ်ဆို ရောင်းရာတွင် ငွေကျပ်သိန်း ၁၀၀ သည် ဥပဒေနှင့် ညီညွတ်သော အဘိုးစားနား ဖြစ်သည်။ မောင်ဖြူက မောင်မဲအား ပြည်သူ့ဝန်ထမ်း ရာထူး တစ်နေရာရရှိရန် ဆောင်ရွက် ပေးမည်ဟု ကတိပြု၍ မောင်မဲက မောင်ဖြူအား ငွေကျပ် တစ်သိန်း ပေးမည်ဟု ကတိပြုသည်။ ယင်း သဘောတူ ချက် စာချုပ်သည် ဥပဒေနှင့် မညီညွတ်၍ ဥပဒေနှင့် မညီသော အဘိုးစားနား ဖြစ်၍ စာချုပ် ပျက်သည်။

မောင်ဖြူသည် မိမိအိမ်ကို မောင်မဲအား ပြည့်တန်ဆာ လုပ်ငန်း လုပ်ကိုင်ရန် ငှားရမ်းရာတွင် မောင်မဲက အိမ်ငှားရမ်းခ စပေါ်ငွေ ကျပ်တစ်သိန်းပေးရန် သဘောတူ စာချုပ်သည်။ ထိုစာချုပ်သည် ဥပဒေနှင့် မညီသော အဘိုးစားနား ဖြစ်သဖြင့် မောင်ဖြူသည် ထိုစာချုပ်ပါ ငွေကျပ် တစ်သိန်းကို မောင်မဲထံမှ တရားစွဲဆို တောင်းခံနိုင်မည် မဟုတ်ပေ။

အမျိုးသားတစ်ဦးက အမျိုးသမီး တစ်ဦးအား ၎င်း၏ ခင်ပွန်းနှင့် ကွာရှင်းပြီးပါက မိမိနှင့် လက်ထပ်ရန် သဘောတူညီပြီး ကွာရှင်းမှု စွဲဆိုရာတွင် လိုအပ်သော ငွေကြေးများကို ထုတ်ပေးခဲ့သည်။ ထို အမျိုးသားသည် ထိုအမျိုးသမီးထံမှ ထုတ်ပေးခဲ့သော ငွေကို ပြန်လည် တောင်းခံခွင့် မရှိပေ။ ယင်း သဘောတူညီချက်သည် အကျင့် စာရိတ္တ ပျက်ပြားစေသော သဘောတူညီချက် ဖြစ်၍ ပဋိညာဉ် ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ်သည်။

ကုန်ကူးသန်းရောင်းဝယ်ရာ၌ ကုန်သည်ကြီးများသည် ကုန်ပစ္စည်းကို ကြိုတင်ရောင်းဝယ်လေ့ရှိကြပြီး အမှန်တကယ် ရောင်းချရမည့် အချိန်တွင် အကြောင်းကြောင်းကြောင့် ကုန်ပစ္စည်း ပေးအပ်ခြင်း မပြုနိုင်ပါက မူလ ပဋိညာဉ်ပြုထားသော ဈေးနှုန်းနှင့် ထိုအချိန်တွင် ဖြစ်ပေါ်နေသော ပေါက်ဈေးနှုန်း၏ ခြားနားချက်ကို ပေးယူကြသော ထုံးစံရှိ၏။ ထိုပဋိညာဉ်သည် ဈေးနှုန်း အတက်အကျအပေါ် အခြေခံကာ အရှုံးအမြတ်ငွေကို ရယူခြင်းဖြစ်၍ လောင်းကစား ပဋိညာဉ်ဟု တစ်ချို့က ယူဆသည်။ သို့ရာတွင် ပစ္စည်း ပေးအပ်ချိန်၌ ဝယ်သူက ပစ္စည်းကို ယူရန် မရည်ရွယ်ဟု မဆိုနိုင်သဖြင့် လောင်းကစား ပဋိညာဉ်ဟု ယူဆခြင်း မပြုနိုင်။

အောင်အောင် ကုမ္ပဏီနှင့် ဗာဂျီဒါယာ (မြန်မာပြည်လီမိတက်) အမှုစီရင်ထုံး (၁၉၆၄ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၃၇)

လက်ကားဈေးကွက်တွင် ကြိုတင် ရောင်းဝယ်သည့် စာချုပ်များ ပြုလုပ်ကာ ရောင်းဝယ် ဖောက်ကားလျက် ရှိကြသည်။ ရောင်းသူနှင့် ဝယ်သူတို့သည် ရောင်းဝယ်ရန် သဘော တူထားသော ကုန်ပစ္စည်းကို ပေးအပ်ရန်နှင့် လက်ခံရန် မရည်ရွယ်ဘဲ ရောင်းဈေးနှင့် ပေါက်ဈေး ခြားနားချက် ငွေကိုသာ အပေးအယူ လုပ်ကြရန် ရည်ရွယ်၍ ချုပ်ဆိုသော ပဋိညာဉ် ဖြစ်ပါက လောင်းကစား ပဋိညာဉ်စာချုပ် ဖြစ်သည်။

မောင်သိန်း ညီအစ်ကိုများနှင့် ဘားမား ဖဲရိုဂျူ တရိတ်ဒင်း ကုမ္ပဏီ အမှုစီရင်ထုံး (၁၉၆၇ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၃၀၇)

ရောင်းသူ၊ ဝယ်သူ၊ ကုန်သွယ်သူနှင့် စီးပွားရေးလုပ်ငန်း ပုံစံအမျိုးမျိုးကို လုပ်ကိုင်ကြသူများအနေနှင့် ဥပဒေနှင့် ညီသော ပဋိညာဉ်စာချုပ်များကို ချုပ်ဆို၍ ကြီးပွားတိုးတက်နိုင်ကြစေရန် စိတ်ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။

**ဒို့အာဇာနည်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံး ညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ စနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေး စနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန် ထမြောက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

အိုင်စီတီ ဂျာနယ်
THE WEEK OF JAN 5 - 11, 2013
MYANMAR ICT JOURNAL

# Special Wireless Network Course သင်တန်း ဖွင့်လှစ်မည်



ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းမှ ကြီးမှူး၍ Networking နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက် အဆင့်မြင့် Networking သင်တန်းကို ၂၀၁၃ ဇန်နဝါရီလ (၁၂) ရက်နေ့မှ စတင်ကာ ဖေဖော်ဝါရီလ (၁၀) ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းအချိန်မှာ နေ့လယ် ၁း၀၀ နာရီ မှ ၄း၀၀ နာရီအထိ ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၆၀,၀၀၀/ (ကျပ်ခြောက်သောင်း) ဖြစ်သည်။

၎င်းသင်တန်းကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ NGO များ၌ အလုပ်လုပ်နေသော Network Engineer များ၊ IT Officer များ၊ wireless အကြောင်း လေ့လာနေသူများ ကျောင်းသူ၊ ကျောင်းသားများ အထူး တက်ရောက်သင့်ပါသည်။ သင်တန်း၌ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်းမှ Cover to Jobs Experience for Wireless Local Area Network and WLAN Configuration, WLAN (Point to Point, Point to Multipoint, Repeater, Using Outdoor Antenna for Long Range), WiFi Hotspot Enterprise, WiFi Controller Device and AP CPE, Using WiFi IP Camera, Zentyal Server and Radius WiFi, Local vpn Network Configuration, Basic WiFi Mobile Network အစရှိသည်တို့ကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးမည် ဖြစ်သည်။ သင်တန်းသားဦးရေကို (၂၀) ဦးသာ လက်ခံသင်ကြားမည်ဖြစ်သည့်အတွက် သင်တန်း တက်ရောက်လိုသူများအနေဖြင့် ၂၀၁၃ ဇန်နဝါရီလ (၁၀) ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရပါသည်။ MCPA အသင်းဝင်များကို သင်တန်းကြေး ၂၀% လျှော့၍ လက်ခံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း၊ အဆောင်(၄)၊ အခန်း(၄)၊ ဖုန်းနံပါတ် ၀၁-၆၅၂-၂၇၆၊ ၀၉-၇၃၀-၈၈၃-၀၀သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်း ရရှိသည်။

# Programmingနှင့် Problem-solved မည်...

Programming အခြေခံ သင်တန်း တန်းခွဲ သစ်ကို Myanmar WWW Institute (M3WI) မှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလပိုင်းတွင် စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

Programming အခြေခံသင်တန်းသည် Programming နည်းပညာအား အခြေခံမှ စတင် လေ့လာလိုသူများနှင့် Professional Programmerအဖြစ် ရပ်တည်လိုသူများအတွက် စတင် တက်ရောက်သင့်သော သင်တန်း ဖြစ်သည်။ ထို့ပြင် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များအား တက်ရောက်ရန် ရည်ရွယ်ထားသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့် အိုင်တီ နည်းပညာများအား သွားရောက် သင်ယူရန် ရည်ရွယ်ထားသူများအနေဖြင့်လည်း Programming ဘာသာရပ်အား မဖြစ်မနေ သင်ယူရမည် ဖြစ်သောကြောင့် စနစ်တကျ ကျွမ်းကျင်တတ်မြောက်ရန် အထူးပင် အရေးကြီးလှသည်။

ယင်းသင်တန်းတွင် Programming အခြေခံကောင်းများဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ် သင်ယူရမည် ဖြစ်သည်။ ၎င်းတို့ကို သင်ယူခြင်းဖြင့် Logical Thinking Skillကို မြင့်မားစေမှာ ဖြစ်ပြီး မည်သည့် Programming Languageကိုမဆို ဆက်လက်လေ့လာနိုင်ရန် များစွာ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါသည်။

သင်တန်းပြီးဆုံးပါက Thinking Skill, Problem Solving Skillများ မြင့်မားလာပြီး မိမိကိုယ်မိမိ ယုံကြည်စွာဖြင့် Programmingကို ဆက်လက် လေ့လာနိုင်မှာ ဖြစ်သည်။

ဤသင်တန်းကို Computer အခြေခံ ရှိသူများ တက်ရောက်နိုင်မည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ


Image Credit: shutterstock

နေ့များတွင် နံနက် ၉း၁၅ မှ ၁၂း၁၅ထိ တက်ရောက်ရမည် ဖြစ်သည်။ သင်တန်းသား ဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများ ကြိုတင် စာရင်းပေးသွင်း ရမည်ဖြစ်သည်။

သင်တန်းနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက Myanmar WWW Institute (M3WI) အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့ ဖုန်း ၀၁-၆၅၂-၂၈၈၊ ၀၁-၅၂၁-၁၂၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

# စီးပွားရေးနယ်ပယ်ထဲ ဝင်ရောက်ဖို့အတွက် LCCI UK Certificate တန်းခွဲသစ်

UK LCCI IQ၏ Qualification Code (ASE 2041) Level 1, 2 Certificate in English for Business တန်းခွဲအား April Seriesအတွက် Hawaii Education၌ January လတွင် စတင် ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရသည်။

ထို အဆင့်မြင့် စီးပွားရေးသုံး၊ ရုံးသုံး၊ အင်္ဂလိပ်စာ Level 1,2 Certificateသည် The Common European Framework of Reference for Language Qualifications (CEF)၏ B2 Vantage Level နှင့်လည်းကောင်း၊ The UK National Qualifications Framework (NQF)၏ Level 1 နှင့်လည်းကောင်း၊ ညီမျှသည် ဖြစ်ပြီး နိုင်ငံ(၅၀)ကျော် အသိအမှတ်ပြုထားကြောင်းလည်း သိရှိရပါသည်။

English for Business (Level 1, 2) UK Certificate သည် နိုင်ငံတကာ စီးပွားရေးနယ်ပယ် အသိအမှတ်ပြု အဆင့်မြင့် UK Certificate ကြီး ဖြစ်ပါသည်။ ၎င်းတန်းခွဲကို Hawaii Educationတွင် Guide Learning Hours = 60hrs (၃လ) သင်ယူရမည် ဖြစ်ပြီး LCCI (UK)မှ ထုတ်သော Questionကို British Council (Myanmar)၏ ကြီးကြပ် မှုဖြင့် ဖြေဆိုကာ Certificateကို UKမှ (Pass = 50%), (Credit = 60%), (Distinction = 75%) စသည်ဖြင့် သီးခြားဖော်ပြကာ ထုတ်ပေးသွားမည် ဖြစ်ကြောင်း Hawaii Educationမှ Manager ဒေါ်မေဘယ်စိုးက ပြောကြားသွားပါသည်။

ဤ English for Business (Level 1, 2) UK Certificate တန်းခွဲကို တက်ရောက်ခြင်းအားဖြင့် Business Letters/ Company Leaflets/ Business Reports/ Lists and Structured Notes/ Memos/ Company Notices စသည့် Skillsများ နိုင်ငံတကာမှာလို အဆင့်မြင့်မား လာမည့်အပြင် Earning a Living/ Production and Sale of Goods/ Trade/ Money/ Transport/ Education/ Communications/ Travel and Tourism/ Personal Information/ Work Information/ Business Transactions/ Instructions/ Arrangementsစသည် တို့ကိုပါ ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည် လာမည် ဖြစ်ကြောင်းလည်း ပြောကြားသွားပါသည်။

၎င်း English for Business (Level 1, 2) UK Certificateကို နိုင်ငံတကာရှိ လုပ်ငန်းရှင်ကြီးများ၊ Company Office ကြီးများ၊ University ကြီးများက (Accreditations and Recognitions) တရားဝင် အသိအမှတ် ပြုကြမည့်အပြင် မကြာမီ မြန်မာနိုင်ငံသို့ ဝင်ရောက်လာတော့မည့် Company ကြီးများ၊ Office ကြီးများ၊ အစရှိသည့် စီးပွားရေးလုပ်ငန်းကြီးများတွင် ရာထူး မြင့်မြင့်၊ လစာ မြင့်မြင့်ဖြင့် ဝင်ရောက် လုပ်ကိုင်နိုင်ရန်အတွက် လည်းကောင်း UK ကျောင်းသွားတက်မည့် သူများ၊ မိုနိုဗီဇာဖြင့် သွားရောက်မည့် သူများ အတွက်လည်းကောင်း များစွာ အထောက်အကူ ဖြစ်လာပါလိမ့်မည်။

ဤတန်းခွဲကို EFB (Level 1) BEC (Level 1) အောင်ထားသူများ/ စီးပွားရေးဆိုင်ရာ နယ်ပယ်တွင် ဝင်ရောက် လုပ်ကိုင်နေသူများနှင့် English 4 Skills (Basic) အောင်ထားသူ မည်သူမဆို တက်ရောက်နိုင်မည် ဖြစ်သည်။ နိုင်ငံတကာ အတွေ့အကြုံရှိ ဂါရင့်ဆရာ Mr. Luis Alfonso Uribe Calleနှင့် အရည်အချင်း ရှိသော မြန်မာဆရာမများက သင်ကြားပို့ချပေးမည်ဟု သိရသည်။

အသေးစိတ် သိရှိလိုသူများသည် Hawaii Education အမှတ်(၁၉၂)၊ ၂၈ လမ်း အထက်၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း ၀၁-၂၄၈-၂၁၁သို့ ဆက်သွယ် မေးမြန်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

GOLDEN CROWN
Engineering Training Centre
အမှတ် (၁၅၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း – ၀၁-၃၇၃၀၃၀
၀၉-၇၃၂၃၅၉၉၂

စက်ရုံ၊ အလုပ်ရုံ၊ အိမ်သုံး လျှပ်စစ်သွယ်တန်းမှုသင်တန်း
Time - 4:00 To 6:00 (Mon,Tue)
Duration- 2 Months

ဂဟေဆက်သင်တန်း (3G,4G,5G,6G)
ပိုက်ဖစ်တာသင်တန်း
စတီးဖစ်တာသင်တန်း
Time - 1:00 To 4:00 (Thurs,Fri,Sat,Sun)
Duration- 1 Months

CNC(Computerized Numerical Control)
Time - 8:00 To 12:00(Sat)
1:00 To 5:00(Sun)
Duration- 2 Months

စက်ရုံသုံးမော်တာထိန်းချုပ်မှုသင်တန်း
Industrial Motor Control
Time - 2:00 To 4:00 (Mon, Tue)
Duration- 2 Months

UK အသိအမှတ်ပြု LCCI ဒီပလိုမာသင်တန်းများ
LCCI Level ( I ) & (II)
LCCI Level (III)
For June Exam Series

လက်တွေ့လုပ်ငန်းခွင် ဝင်နိုင်အောင် စာတွေ့/လက်တွေ့ ဦးစားပေးသင်ကြားပေးသည်။
တန်းခွဲသစ်အတွက် ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။

# MBA အတွက် ပညာသင် ထောက်ပံ့ကြေး လျှောက်ထားနိုင်ပြီ



မေသဇင်သိန်း

ကျန်းမာရေး စီမံခန့်ခွဲမှု နယ်ပယ်ကို စိတ်ဝင်စားသောသူများအနေဖြင့် Health Services Management အထူးပြု MBA ဘာသာရပ်ကို Nanyang Institute of Management တွင် ဝင်ခွင့်များ လျှောက်ထားနိုင်ကြောင်း သိရသည်။ အဆိုပါ MBA (Health Services Management) ဘာသာရပ်ကို ဩစတြေးလျ ထိပ်တန်းတက္ကသိုလ်ဖြစ်သော University of Ballarat မှ အသိအမှတ်ပြု ပေးအပ်ခြင်းဖြစ်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူများအတွက် တစ်စိတ်တစ်ပိုင်း ပညာသင်ထောက်ပံ့ကြေးအဖြစ် စင်္ကာပူ ဒေါ်လာ (၃၀၀၀) ပေးအပ်သွားမည်ဖြစ်ကြောင်း CROWN Educationမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

University of Ballarat အား ၁၈၇၀ခုနှစ် တွင် တည်ထောင်ခဲ့ပြီး ဩစတြေးလျအစိုးရ ရံပုံငွေကြေး ထောက်ပံ့မှု ရရှိထားသော တက္ကသိုလ် ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူပေါင်း (၂၅၀၀၀)ကျော် ပညာသင်ကြားနေပြီး Good Teaching၊ Positive Graduate Outcome နှင့် Generic Skills တို့တွင် ကြယ်ငါးပွင့် ရရှိထားသည်။ ACU ခေါ် Association of Commonwealth University အဖွဲ့ဝင်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းအတွက် လက်တွေ့အသုံးတည့်သော ဘာသာရပ်များကို ပို့ချပေးလျှက် ရှိသည်။ ထို့အပြင် United Nations Principles for Management Education (PRME) နှင့် သဘောတူလက်မှတ်ရေးထိုးထားပြီး MBA သင်ယူသူများသည် Social Responsibility၊ Ethical နှင့် Sustainable Business နယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်မည် ဖြစ်သည်။

MBA (Health Service Management) ဘာသာရပ်တွင် စုစုပေါင်း မော်ဂျူး (၁၂)ခုကို သင်ယူရမည်ဖြစ်ပြီး Accounting and Finance, HR Management Marketing, Business, Economic, Contemporary Issuers in Health Services Management, Policy in Health Services Management, Leadership in HSM နှင့် Evidence-based Practice in HSMတို့ကို သင်ယူရမည်ဖြစ်သည်။ ကျောင်းသူ၊ ကျောင်းသားများ အနေဖြင့် Lectures ၊ Tutorials ၊ Workshops ၊ Seminars နှင့် Presentation ပုံစံတို့ဖြင့် သင်ယူနိုင်မည်ဖြစ်သည်။

"အရင်တုန်းက MBA ဆိုရင် စီးပွားရေးဘာသာရပ်အားလုံးကို General သဘောမျိုး သင်ယူရတာပါ။ အခုနောက်ပိုင်း MBA တွေဆိုရင် Marketing ၊ Accounting & Finance ၊ HR Management အစရှိတဲ့ အထူးပြု မေဂျာတွေ ပါဝင်လာပါတယ်။ ဒီ MBA (Health Services Management) အထူးပြုက စီးပွားရေး စီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့ မော်ဂျူး (၈) ခုနဲ့ Health Service Management မော်ဂျူး (၄) ခု ပါဝင်ပါတယ်။ Health Service Management အထူးပြု MBA ပို့ချတဲ့ ကျောင်းသည် နိုင်ငံတကာမှာ အရေအတွက် နည်းနည်းပဲ ရှိပါတယ်။ မြန်မာနိုင်ငံက MBBS, Pham စတဲ့ ဘွဲ့ရတွေအတွက် ပိုပြီး သင့်တော်တဲ့ ပရိုဂရမ်တစ်ခု ဖြစ်ပါတယ်"ဟု CROWN Educationမှ ပညာရေး အတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောကြားခဲ့ပါသည်။

ဝင်ခွင့်လိုအပ်ချက်အနေဖြင့် ဘွဲ့တစ်ခုခု ရရှိထားသူများ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိထားသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။ အင်္ဂလိပ်စာ လိုအပ်ချက်အနေဖြင့် IELTS 6 (သို့) TOEFL 550 ရှိထားရမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်လများမှာ မတ်၊ ဇူလိုင်နှင့် နိုဝင်ဘာလတို့ ဖြစ်သည်။ ပညာသင်ကာလမှာ( ၁၂) လ ကြာမြင့်မည်ဖြစ်ကာ ကျောင်းလခအနေဖြင့် စင်ကာပူဒေါ်လာ (၂၂၈၀၀) ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ် သိရှိလိုသူများသည် CROWN Education Consulting Office အမှတ် ၂၇၀၊ ပထမထပ်၊ ပြည်လမ်း၊ မြေနီကုန်း ဖုန်း ၀၉-၇၃၂-၇၃၂-၇၇ နှင့် ၀၉-၄၅၀၀-၅၆၃၀၀ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

# Engineeringအတွက် သုတေသနပြုမှုတွင် University of Newcastle ကို အဆင့်တိုးမြှင့်



ဩစတြေးလျနိုင်ငံအစိုးရ၏ သိပ္ပံနှင့် နည်းပညာပိုင်းနယ်ပယ်တွင်၊ သုတေသနပြုမှု တိုးတက် ကောင်းမွန်ရန်အတွက် စဉ်ဆက်မပြတ် စစ်တမ်းများ ကောက်ယူစစ်ဆေးမှု ပြုလုပ်လျက်ရှိရာ (၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ် အတွင်း) (၅)နှစ်တာ သုတေသနပြုမှုအပေါ်တွင် အခြေခံ၍ Excellent Research For Australia (ERA) ၏ ထုတ်ပြန်ချက်အရ University of Newcastle သည် ယခင် ၂၀၁၀ ခုနှစ် အဆင့် (၁၀) မှ ယခု ၂၀၁၂ ခုနှစ်အတွက် အဆင့်(၇) ထိ တိုးမြှင့် ရရှိခဲ့ကြောင်း သိရသည်။

University of Newcastle သည် World Standard အထက်မှာ ရှိနေခဲ့သည်။ အထက်ပါ ရရှိခဲ့သော စစ်တမ်းသည် လွန်ခဲ့သော (၇)နှစ်အတွင်း University of Newcastle မှ Primarily Health and Engineering ဧရိယာအပေါ်တွင် အခြေခံထားသည့် သုတေသနပြုမှုများ၊ သုတေသနပိုင်းဆိုင်ရာ ထောက်ပံ့မှုများ၊ ကို စစ်တမ်းကောက်ယူထားခြင်း ဖြစ်သည်ဟု သိရသည်။ EAR Assessment ၏ အောက်တွင် အဆင့်သတ်မှတ်ချက်များကို ခွဲခြားထားရာ '5' Rating သည် 'Well above the world standard'၊ '4' Rating သည် 'Above the world standard' နှင့် '3' Rating သည် 'World Standard' အဖြစ် သတ်မှတ်သည်။

၂၀၁၂ ခုနှစ်တွင် UON သည် သုတေသနပြုမှုကြီးပေါင်း (၁၈) ခုအတွက် '5' Rating ရရှိခဲ့ပြီး ဩစတြေးလျနိုင်ငံတွင် Social Work အတွက် အဆင့် (၅) ထပ်မံ ရရှိထားသည်။ ထိုကဲ့သို့ အဆင့် (၅) ရရှိထားသော ကျောင်းသည် ဩစတြေးလျ တစ်နိုင်ငံလုံးတွင် Applied Mathematics, Biology, Cell Biology, Civil Engineering and Machanical Engineering ဘာသာရပ်နယ်ပယ်များအတွက် (၂) ကျောင်းသာ ရှိပြီး UON သည် (၁) ကျောင်း အပါအဝင်ဖြစ်သည်။ University of Newcastle ရှိ Engineering ဘာသာရပ်သည် ERA ထဲတွင် အကောင်းဆုံးဖြစ်ပြီး စည်းမျဉ်းသတ်မှတ်ချက်(၄)ခုဖြင့် အဆင့်( ၅) ရှိထားသည့် ဘာသာရပ်လည်းဖြစ်သည်။ University of Newcastle (UON) သည် ဘာသာရပ်နယ်ပယ်တွင် (၉)ခုတွင် အဆင့် (၄)နှင့် ဘာသာရပ်နယ်ပယ် (၁၇)ခုတွင် အဆင့် (၃) ရရှိထားသည်။

အထက်ပါ အချက်အလက် အထောက်အထား အသိအမှတ်ပြုမှုများရ University of Newcastle သည် ၎င်းသုတေသနပြုမှု (၁၈) ခု ရရှိခဲ့ခြင်းမှာ အဓိကျသော သုတေသနပြုမှုများကို အုပ်စုအလိုက် ညီညွတ်စွာ ပြုလုပ်ခြင်း၊ သုတေသနပြုမှုများတွင် တန်ဖိုးကြီးမားစွာ ရင်းနှီးမြှုပ်နှံခြင်းများဖြင့် World Class အဆင့်မီအောင် နည်းဗျူဟာရှိရှိ တိုးမြှင့်လုပ်ကိုင် လျက်ရှိကြောင်း သိရှိရသည်။ ထိုကဲ့သို့ သိပ္ပံဆိုင်ရာ ဘာသာရပ် အသိအမှတ်ပြုမှုများအတွက် ဆုတံဆိပ်များ ရရှိထားသော University of Newcastle (UON) ၏ ဘာသာရပ်များအဖြစ် Bachelor of Engineer - Electrical, Machanical တို့အပြင် Bachelor of Information Technology - Business Information and Communication Technology and Software Development and Applications, Bachelor of Communication - Public Relations and Journalism , Bachelor of Communication (Honours) နှင့် စီးပွားရေးဘာသာရပ်များ Bachelor of Commerce - Accounting, Bachelor of Business - Marketing and Management, Marketing and Tourism ကိုလည်း ဘာသာရပ်အလိုက် Certificate Level မှ Master အထိ သင်ယူနိုင်ကြောင်း Myanmar Search International (MSI) မှ သိရှိရသည်။

အဓိက ကျောင်းဖွင့်ချိန်များမှာ January, June, May, August နှင့် September လများဖြစ်ပြီး ဘာသာရပ်အလိုက် ကျောင်းဖွင့်ချိန်များ ကွဲပြားခြားနားမှု ရှိသည်။ ကျောင်းဝင်ခွင့် သတ်မှတ်ချက်များမှာ မြန်မာနိုင်ငံမှ (၁၀)တန်း အောင်မြင်ပြီးသော ကျောင်းသားများ (၁)ဘာသာကို ပျမ်းမျှ (၆၀)၊ စုစုပေါင်း (၃၆၀) နှင့်အထက် သင်္ချာနှင့်ရူပဗေဒတို့တွင် (၆၀) နှင့် အထက်ရှိရမည်ဖြစ်သည်။ IELTS 5.5, TOEFL 525 ရှိရမည်ဖြစ်ပြီး မရှိခဲ့ပါက PSB Academy ၏ English Placement Test (EPT) အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲများကို Myanmar Search International (MSI) တွင် ကြိုတင် စာရင်းပေးသွင်းဖြေဆိုနိုင်မည်။

၎င်း ဘာသာရပ်များနှင့် ပတ်သက်ပြီး သိရှိလိုပါက အမှတ် ၂၃၄ ရွှေဘုံသာလမ်း၊ ဒုတိယထပ် (ညာ) ဖုန်း ၀၁-၂၅၀-၉၂၉၊ ၀၁-၃၈၉-၉၁၅ နှင့် ၀၉-၅၁၃-၉၁၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရပါသည်။

**Earth Mechanics, Inc.**
Geotechnical and Earthquake Engineering
17660 Newhope Street, Suite E,
Fountain Valley, CA 92708
(714) 751-3826, Fax (714) 751-3928

# Earthquake Engineering Basic Course

By Hubert Law (အီးကို)



နေပြည်တော်တွင် ဝန်ကြီးဌာနနှစ်ခုကို Technical Presentation လုပ်ပေးခဲ့တဲ့ Earthquake Engineering Basic Theory နှင့် Fundamental များအကြောင်းကို အချိန်တိုအတွင်း လေ့လာသင်ယူနိုင်ရန် ဖော်ပြပေးခြင်း ဖြစ်ပါသည်။ ယခုသင်ခန်းစာကို အမေရိကပြန် Earthquake Engineer (Hubert Law, ဆရာ ကိုအီးကို)မှ သင်ကြားပို့ချခြင်းဖြစ်ပြီး Mr. Lawသည် PHD in Civil Engineering Degree, Specialized in Earthquake Engineering ဘွဲ့တို့ကို ရရှိခဲ့သူတစ်ဦး ဖြစ်သည်။ ဆရာ ကိုအီးကို၏ ခွင့်ပြုချက်အရ ယခု သင်ခန်းစာကို အပတ်စဉ် ဖော်ပြပေးခြင်းလည်း ဖြစ်ပါသည်။

## Topic 5: Liquefaction



















**CARTOON BY**

စမ်းချောင်း
ကိုကိုအောင်



# UK၌ ပညာသင်ရန် ဗီဇာစာရွက်စာတမ်းများဖြင့် မလုံလောက်တော့ပဲ အင်တာဗျူး စစ်မေးခံရ

သုနိုင်းခ တင်ဆက်သည်။

UK၌ ပညာ လာရောက် သင်ကြားရန် အတွက် ဗီဇာ လျှောက်မည့် သူများမှာ ယခင်က စာရွက်စာတမ်း သက်သေ အထောက်အထားများနှင့်သာ ပြီးစီး ခဲ့သော်လည်း လာမည့် ရှေ့ကာလ များ၌ စာရွက်စာတမ်းများနှင့် မလုံလောက်တော့ပဲ လူကိုယ်တိုင် စစ်ဆေးမေးမြန်းခြင်း ခံရမှာ ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး Theresa Mayက ပြောကြား လိုက်သည်ဟု ပြည်တွင်းရှိ Future Way Education Centerမှ သိရှိ ရပါသည်။ UKသို့ အခြားသော ရည်ရွယ်ချက် (ဥပမာ- အလုပ် လုပ်လို၍)ဖြင့် လာရောက်ခြင်း မဟုတ်ပဲ အမှန်တကယ် ပညာ သင်လို၍ လာရောက် သည် ဆိုခြင်းအား သေချာစေရန်နှင့် ဗီဇာ အလွဲသုံးစား လုပ်ခြင်းကို အဆုံးသတ် စေရန်အတွက် ရည်ရွယ်ခြင်း ဖြစ်သည်ဟု သိရသည်။

ထို့အတွက် လာမည့် ဧပြီလမှ စ၍ လူအယောက် (၁၀၀,၀၀၀) ကျော်မှာ လူဝင်မှု ကြီးကြပ်ရေး ဝန်ထမ်းများ၏ မေးမြန်း စစ်ဆေး ခြင်းအား ခံရတော့မည်ဟု သိရသည်။ ထို့အပြင် အစိုးရ ကိုယ်တိုင် ကလည်း UKသို့ ရေရှည်နေရန် လာရောက် သူများနှင့် ထွက်ခွာသွားကြမည့် အရေ အတွက် လူစာရင်းကို (၂၀၁၅) ခုနှစ်၌ (၁၀၀,၀၀၀) လောက်သာ ဖြစ်စေရန် အတွက် ဆန္ဒရှိနေသည်။ ထို့ကြောင့် UKသို့ ပညာသင်ရန်အတွက် ဗီဇာ လျှောက် ကြသည့် ဥရောပသမဂ္ဂ ပြင်ပမှ ကျောင်းသားများကို ဗီဇာ တင်းကျပ်ရခြင်း ဖြစ်သည်ဟု သိရသည်။ စာသင်ကြား ခြင်းကို အကြောင်းပြု၍ တိုင်းပြည်အတွင်း၌ အလုပ်လုပ်ရန် ရှိနေသည့် Overstayers များကို တားဆီးရန် ဖြစ်သည်ဟုလည်း သိရသည်။

သို့သော် အချို့သော ပညာရေး တက္ကသိုလ် အဖွဲ့အစည်းများကမူ ယင်းကဲ့သို့သော ပြောင်းလဲမှု များကြောင့် နိုင်ငံတကာမှ ထူးချွန် ကျောင်းသားများကို ခေါ်ယူရန် အတွက် ပိုမို ခက်ခဲသွားစေလိမ့် မည်ဟု စောဒက တက်ခဲ့ကြသည်။ အဆိုပါ လူတွေ့စစ်ဆေးသည့် စနစ်ကို ပြီးခဲ့သည့်နှစ်ကတည်းက UK Border Agencyမှ စမ်း၍ ကျင့်သုံးခဲ့ပြီး အရဲ စွန့်၍ ကျောင်း သား ဗီဇာ ပေးရမည့် လျှောက်လွှာ ရှင်များအား စာရွက်စာတမ်း အထောက် အထားများ သာမကပဲ အင်တာဗျူး၍ စစ်ဆေးခဲ့သည်ဟု သိရသည်။ စမ်းသပ် စစ်ဆေး ခြင်းကို ပါကစ္စတန်မှ လျှောက်လွှာ များဖြင့် စတင်ခဲ့ပြီး အခြားတိုင်းပြည် များမှ သူများကိုလည်း စစ်ဆေး ခဲ့ကာ ကျောင်းသားပေါင်း (၂၃၀၀) ကျော်မှာ စစ်ဆေးမေးမြန်းခြင်း ခံ့ရသည်ဟု သိရသည်။

UK Border Agency၏ အင်တာဗျူးမည့် အစီအစဉ်ကို ရှေ့ဆက် တိုးချဲ့ လုပ်ဆောင် သွားရမှာ ဖြစ်ကြောင်း လာမည့် ရှေ့နှစ်၌ အရေအတွက် (၁၀၀,၀၀၀) ကျော်ကို စစ်ဆေး မေးမြန်းဖို့ လုပ်ဆောင်သွားမှာ ဖြစ်ကြောင်းလည်း သိရသည်။ လာမည့် ဧပြီလမှ စ၍ UK တက္ကသိုလ်များမှ ပညာသင် ပြီးကြမည့် ဥရောပမှ မဟုတ် သော PhD ကျောင်းသားများမှာ အလုပ် ရှာရန်နှင့် အလုပ် လုပ်ရန်အတွက် နိုင်ငံ အတွင်း (၁) နှစ် နေထိုင်ရန်အတွက် အလို အလျှောက် ခွင့်ပြုခြင်း ခံရမည် ဖြစ်ကြောင်း Future Way Education Centerမှ သိရသည်။


Image Credit: digitaldesktopwallpaper.com

# UK နိုင်ငံရှိ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်တစ်ခုဖြစ်သော Queen's University Belfastတွင် Management ဘာသာရပ်များကို သင်ယူနိုင်မည့် အခွင့်အရေး

မေသဇင်သိန်း တင်ဆက်သည်။


Image Credit: thefreegeorge.com

Queen's Univesity Belfast (QUB) သည် UK နိုင်ငံ၏ ထိပ်တန်းဝင် တက္ကသိုလ် တစ်ခုဖြစ်ပြီး သုတေသန အမြင့်ဆုံး တက္ကသိုလ်ပေါင်း (၂၀)ဖြင့် ဖွဲ့စည်း ထားသည့် Russel Groupတွင် ပါဝင်သည့် ကမ္ဘာ့ အထင်ကရ တက္ကသိုလ်ကြီး ဖြစ်သည်။ Ninth Oldest University in the UK ဖြစ်သော Queen's University Belfastကို သက္ကရာဇ် (၁၈၄၅ ခုနှစ်)တွင် ဗိတိုရိယဘုရင်မကြီး ကိုယ်တိုင် တည်ထောင် ခဲ့ပါသည်။ Quenn's University Belfast သည် ၂၀၁၃ ခုနှစ် Complete University Rankings အရ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များ (၂၀၀)တွင် ရှိပါသည်။

Belfast မြို့သည် United Nations မှ Second Safest City in the World အဖြစ် အသိအမှတ်ပြုခြင်း ခံထားရသည့် အပြင်၊ UK နိုင်ငံတွင် နေထိုင်စားသောက်စရိတ်အတွက် အကုန်အကျ အနည်းဆုံးမြို့အဖြစ် British Councilမှ အသိအမှတ်ပြုထားသောမြို့ ဖြစ်ပါသည်။

QUB ရှိ Queen's University Management School သည် နှစ်ပေါင်း (၄၀)ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်၍ UK နိုင်ငံတွင် Management ဘာသာရပ်များကို ပထမ ဦးစွာ စတင် သင်ကြားပို့ချပေးခဲ့သော တက္ကသိုလ်ကြီး ဖြစ်သည့်အပြင်Queen's University Belfastတွင် အကြီးဆုံးသော ဌာနတစ်ခု ဖြစ်သည်။ Queen's University Management Schoolတွင် BSC Accounting, BSC Actuarial Science and Rick Management, BSC Business Management, BSC Business Economics, BSC Economics, BSC Finance, BSC Internation Business with a Modern Language, MSC Accounting and Finance, MSC Computational Finance and Trading, MSC Human Resource Management, MSC International Business, International Business, MSC Management, MSC Marketing, MSC Rick Management and Financial Regulation, International MBA စသော ဘာသာရပ်ပေါင်းများစွာကို ဆရာ၊ ဆရာမပေါင်း (၆၀)ဦးကျော်မှ သင်ကြား ပို့ချ ပေးလျက်ရှိပြီး၊ ရုံးပိုင်းဆိုင်ရာ ဝန်းထမ်း ပေါင်း (၂၂)ဦးကျော်မှ ပံ့ပိုး ကူညီပေးလျက် ရှိကြောင်း သိရှိရသည်။

Queen's University Management Schoolတွင် သင်ကြားပို့ချပေးသော Accounting and FINANCE သည် QS Workd Ranking 2012အရ (ranked 151-200 in the world)တွင် ရှိပြီး၊ Business and Management Studies (ranked 46th in the UK), Economics (ranked 30th in the UK), Accounting and Finance (ranked 19th in the UK) အသီးသီး ရှိကြောင်း သိရှိရသည်။ Queen's University Management Schoolတွင် ဘွဲ့ကြိုကျောင်းသူ၊ ကျောင်းသားပေါင်း (၁၃၀၀)ကျော် ဘွဲ့လွန် ကျောင်းသူ၊ ကျောင်းသားပေါင်း (၂၅၀) ကျော် ပညာ သင်ယူလျက် ရှိကြောင်း သိရသည်။

Queen's University Schoolမှ ဘွဲ့ရပြီးသော ကျောင်းသူ၊ ကျောင်းသားများ အတွက် အလုပ်အကိုင် ရရှိမှု အခွင့် အလမ်းများ လွယ်ကူစေရန် Placement Program များကို လွန်ခဲ့သော (၁၅)နှစ် ကျော်ကတည်းက ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ Queen's University Management Schoolတွင် BSC Finan Accounting, BSC Actuarial Science and Rick Management, BSC Economics, BSC Finance, BSC International Business with a Modern Language, MSC in Rick Management and Financial Regulation စသော ဘာသာရပ်များကို Placement Program များနှင့် တွဲဖက်၍ သင်ကြားပေးသည်။

Placement Programများ ထားရှိ ပေးခြင်းဖြင့် ကျောင်းသူ၊ ကျောင်းသားများ လုပ်ငန်း၏ သဘောတရားများကို သိရှိနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း များ ရရှိနိုင်ခြင်း၊ စာတွေ့ သင်ကြားခဲ့ရသည် များကို လက်တွေ့ အသုံးချခွင့် ရရှိခြင်း၊ တီထွင်ကြံစမှု အသိပညာ၊ အတတ် ပညာများ တိုးတက်လာခြင်း အစရှိသော တန်ဖိုး မဖြတ်နိုင်သည့် အတွေ့အကြုံများကို တက္ကသိုလ် တက်နေစဉ် အတွင်းမှာပင် ရရှိနိုင်ပါသည်။ QUBမှ ဘွဲ့ရကျောင်းသူ၊ ကျောင်းသားများ (၇၇ရာခိုင်နှုန်း)သည် ဘွဲ့ရပြီးသည်နှင့် လုပ်ငန်းခွင် ဝင်ရောက် လုပ်ကိုင်ခွင့် ရရှိကြသဖြင့်၊ Sunday Time University Guide အရ ကျောင်းပြီး၍ အလုပ်အကိုင် ရရှိနိုင်မှု အားကောင်းသော ထိပ်တန်း တက္ကသိုလ် (၃၀)တွင် ပါဝင်ကြောင်း သိရှိရပါသည်။

Queen's University Belfastတွင် သင်ကြားပေးသော Anthropology, Celtic Studies, Social Policy, Social Work, Aeronatical and Manufacturing Engineering, Archaeology, Chemical Engineering, Chemistry,Civil Engineering, Electrical and Electronic Engineering, Land and Property Management, Town and Country Planning and Landscape, Agriculture and Forestry, Anatomy and Physiology, Dentistry, Food Science, Pharmacology and Pharmacy ဘာသာရပ်များသည် Time Good University 2010 အရ ဘာသာရပ်အလိုက် အကောင်းဆုံး ထိပ်တန်းတက္ကသိုလ် (၂၀) တွင် ပါဝင်ပါသည်။

မြန်မာနိုင်ငံမှ တက္ကသိုလ်ဝန်တန်း အောင်မြင်ပြီးသူများ (သို့မဟုတ်) IGCSE အောင်မြင်ပြီးသူများ ဘွဲ့ကြိုအတွက် လျှောက်ထားနိုင်ပြီး၊ ဘွဲ့ရပြီးသူများ ဘွဲ့လွန် ပညာများ ဆက်လက် ဆည်းပူးနိုင်ပါသည်။ ကျောင်းလျှောက်ထားလိုသူများ မိမိ၏ ပညာရေး စာရွက်စာတမ်းများ၊ အင်္ဂလိပ်စာ အရည်အချင်းစစ် ရမှတ်များနှင့်တကွ လျှောက်ထားရမည် ဖြစ်ပါသည်။ ကျောင်းဖွင့်ချိန်များမှာ နှစ်စဉ် ဇန်နဝါရီလနှင့် စက်တင်ဘာလတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ Queen's University Belfastသို့ ကျောင်းလျှောက်ထားလိုသူများ၊ ကျောင်းဝင်ခွင့်နှင့် ပတ်သက်၍ အသေးစိတ် သိလိုသူများ Queen's University Belfast (QUB)၏ မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ် ဖြစ်သော Regent Consultancy Services, အမှတ် ဘီ (၂၃+၂၃)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ယာ၊ နာနတ်တောလမ်း (ရွှေကောင်း ဟော့ပေါ့ အရှေ့)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း (၀၁-၅၀၀၀၅၄၊ ၀၉-၅၀၁၃၉၈၇၀၊ ၀၉-၇၃၂၀၅၃၃၃)သို့ ဆက်သွယ်၍ ပညာရေးအတွက် ဆွေးနွေးခြင်း၊ ကျောင်း လျှောက်ထားခြင်းများ ပြုလုပ်နိုင်ပါကြောင်း သိရသည်။

# 2013 CES ဟောကိန်း 2012လို ဖြစ်မလား

iGeek

နှစ်စဉ်နှစ်တိုင်း အစဉ်အလာ မပြတ်ခဲ့တဲ့ Consumer Electronics Showကို လာမည့်အပတ် ဇန်နဂါရီ ၈ ရက်နေ့မှာ အမေရိကန်နိုင်ငံ၊ နီဗာဒါးပြည်နယ်၊ လတ်စ်ဗီးဂတ်စ်မှာ မကျင်းပမီ ၂၀၁၂ CESကို သတိမထားမိလိုက်သော အိုင်စီတီ လေ့လာသူများကို သိရှိစေရန် ပြန်လည် ထုတ်နုတ်တင်ပြလိုက်ပါတယ်။ CES ဆိုတာကတော့ ကမ္ဘာပေါ်ရှိ နည်းပညာ ပညာရှင်၊ အဖွဲ့အစည်းများမှာ နောက်ဆုံးပေါ် နည်းပညာပစ္စည်းများ၊ အနာဂတ်မှာ ဖြစ်လာနိုင်သည်များကို တင်ဆက်ပြသသည့် ပွဲကြီး ဖြစ်ပါတယ်။ နှစ်တစ်နှစ်ရဲ့ နှစ်ဦးမှာ ကျင်းပလေ့ရှိတဲ့အတွက်ကြောင့်လည်း ၎င်းနှစ်မှာ ဘယ်လို နည်းပညာတွေဟာ ရေပန်းစားလာနိုင်သလဲဆိုတာကို အိုင်စီတီ လေ့လာလိုက်စားသူများ အစဉ် စောင့်ကြည့်ရတဲ့ ပွဲဆိုလည်း မမှားပါဘူး။ ဒါကြောင့် ၂၀၁၂ရဲ့ CESမှာ နည်းပညာ ဆရာကြီးများရဲ့ ဟောကိန်း မှန်ကန်မှု ဘယ်လောက် ရှိသည်ကို ဒီတစ်ပတ် 2013 CES အကြိုအဖြစ် ရွေးချယ် တင်ပြပေးလိုက်ပါတယ်။







## 1 Dell XPS 13 Ultra Book

MacBook Airကို ယှဉ်ပြိုင်ပြီး အလဲထိုးဖို့ ကြိုးစားခဲ့တဲ့ Dell XPS 13ဟာ 6mm အထိ ပါးလွှားပြီး၊ မျက်နှာပြင်ကို 13.3" (1366 x 768) Gorilla Displayနှင့် ထုဆစ်ထားပြီး Core i5 Processor, 128 GB SSDနဲ့ RAMကို 4GBပါဝင်အောင် ထည့်သွင်းထားခြင်းဟာလည်း ၂၀၁၂ အတွက် laptop ပုံသဏ္ဌာန် ပြောင်းလဲလာတော့မည်ဆိုတာကို အရိပ်အမြွက် ပြခဲ့သလိုပါပဲ။

## 2 LG 55" 3D Oled HD TV

ကမ္ဘာ့အကြီးဆုံး OLED တယ်လီဗေးရှင်းလို့ ကြွေးကြော်ခဲ့တဲ့ LGရဲ့ ၅၅ လက်မ အရွယ်အစား ရှိတဲ့ TV ကြီးဟာ အံ့မခန်းဖွယ် 4mm ပါးလွှာခဲ့ပြီး အနားဘောင်ကွတ်လေးဟာလည်း 1mmသာ ရှိတယ်ဆိုတာကို ထုတ်ဖော်ပြသခဲ့သည့်အတွက်ကြောင့် ၂၀၁၂မှာ ပါးလွှာတဲ့ တယ်လီဗေးရှင်းတွေ ခေတ်စားခဲ့တာ မဆန်းလှပါဘူး။

## 3 Acer Iconia Tab A700

အဲဒီအချိန်တုန်းက iPad 2 ပိုင်ရှင်တွေကို သရေကျစေမည့် Acer iconia Tab 700ကို မျက်နှာပြင် 10.1 လက်မ၊ 1080p touch panelနှင့်အတူ HDMI, MicroSD and micro USB portsများပါ အသုံးပြုလို့ရတယ်လို့ ထုတ်ဖော်ပြသခဲ့တဲ့ Acerရဲ့ Iconia Tabဟာ ထင်သလို မဖြစ်ခဲ့ပဲ ၂၀၁၂ရဲ့ ဂါးမျိုးမှုကို ခံခဲ့ရသလိုပါပဲ။



ရထား တင်ဆက်သည်။




# Android မိုဘိုင်းလ် ဟန်းဆက် သုံးရတာ လေးပင်ပြီး ဘာလုပ်ရမှန်း မသိဘူးဆိုရင်...

## Android ဦ ပေါ်မှာ စတိုင်လ်အသစ်နဲ့ သီချင်း နားထောင်မယ်

အသွင်အပြင်ဆန်းဆန်းနဲ့ သီချင်းတွေ နားထောင်ချင်တဲ့ စက်ရုပ်သမားတွေအတွက် Lithium Music Playerက ကူညီပေးမှာပါ။ Format တော်တော်များများကို သိနိုင်တဲ့ အပြင် သီချင်းတွေကို Ablumအလိုက်၊ သီချင်းအမျိုးအစား အလိုက် ဖေါ်ပြပေးသွားမှာပါ။ Play တစ်ခုနဲ့ Ablum Photoကိုပဲ ဖေါ်ပြပေးထားပြီး သီချင်းတွေကို တစ်ပုဒ်ချင်း ကျော်ချင်ရင် Play Buttomကို ဘယ်၊ ညာ ဆွဲပေးလိုက်ရုံပါဘဲ။ ကျန်တာတွေကတော့ တစ်ခြား Music Player တွေအတိုင်း လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။







